

# ပျော်မြူးလိုက်ပါ ဂင်ခမွှန်း ပင်းငယ်

## ငြိမ်းကျော်

ဒုတိယအကြိမ်

mgyoe.com



စိတ်လှုပ်ရှားမှုသည်
အမြင့်ဆုံးသို့ ရောက်လျက်ရှိသည်။
ဦးနှောက်ထဲတွင် အတွေးပေါင်းများစွာ
ပြေးလွှားရှုန်းနေ၏။ ဘဝတစ်ခုဝ၏ အဆုံးအဖြတ်။
တစ်ခုံတစ်ခုသော ကျေးဇူးတရား တင်ရှိမှုသမြင်း
မြဲသောအမြဲလည်း မဟုတ်။ ငွေကြေးဝန်၊
အရှိန်အဝါ ကျော်ကြားမှု၊ ကိုယ်အကျိုးကို
မျှော်ကိုးတာ မြဲသော အမြဲလည်း မဟုတ်။
မေတ္တာတရား ကောန်ဝင်ဝစ် ဖြစ်လျှင်
ထိုသို့ပါပဲဟု ပြောရဲ ပြောနိုင်ပေပြီ။

FIC0092

3,000.00 KS

mgyoe.com

ပြောပြလိုက်ပါရင်မွေ့လွန်းပွင့်ရယ်၊ ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၄၉ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
ဂျစ်တူးမစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပြောပြလိုက်ပါ ရှင်မွေ့လွန်းပွင့်ရယ်

ငြိမ်းကျော်

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# [ ၁ ]

ဖိနပ်ဦးတွင် ဂဝံရွှံ့နီတွေ ပေကျံနေ၏။ ဝါဖျော့ဖျော့ ဖိနပ်သားရေမှာ ကွမ်းသွေး ပြောက် ပြောက်ထားသကဲ့သို့ ရှိလေ၏။ မိုးနှင်းတွေ အကျစိပ်သောကြောင့် ဖွဖွနင်းကြည့် သော်လည်း ရွှံ့တွေစင်မြဲစင်၏။ ဂျင်းဘောင်းဘီရှည်၏ အနားစတွေကို မြေနီစက်တွေ လာ၍တင်၏။ ရက်ပေါင်းရာပေါင်းများစွာ အမည်ရှိသည့် အင်္ကျီသား၏ ရှားနုရောင်သည် မိုးနှင်းရည်ကို စုပ်ယူထားသဖြင့် အရောင်ရင့်သို့ ပြောင်းနေ၏။ လွယ်ထားသော သားရေ တု ခရီးဆောင်အိတ်တွင် ရေသီးရေစက်တွေ စုကာ ဖြစ်နေသည်။

ယောင်ယောင်မျှ ဗွက်ထနေသော မြေနီလမ်းသည် လက်ဝဲဘက်သို့ သိသာစွာ ကွေ့သွား၏။ ခြေလှမ်းပေါင်းလေးငါးရာစာမျှ လျှောက်လာသောအခါ မြောက်ဘက်သို့ မျက်နှာမူထားရာ အိမ်ကို လှမ်းမြင်ရသည်။ သဘော်ဆေး အစိမ်းရင့်သုတ်ထားသည့် သွပ်မိုးကို ချယ်ရီပင်ကြားမှ ဦးစွာမြင်သည်။ အုတ်ထရံ နီစွေးစွေး အင်္ဂတေသရွတ်ကွက် များကို တွေ့သည်။ သုံးပင် နှစ်ခန်း နှစ်ထပ်တိုက်ခံအိမ်။ တစ်မိုက်သာသာ ခြားကာ ရင်စို့သာသာအမြင့်အထိ သံဆူးကြိုးစည်းရိုးကို အရံအတားပြုထား၏။ ပေတစ်ရာပတ် လည် ကျယ်ဝန်းသော ခြံထဲတွင် ယူကလစ်ပင်တွေ လေးငါးပင်က တလူလူတက်နေသည်။

ခြံထောင့်သို့အရောက်တွင် အပေါ်ထပ်ကို ပီပီမြင်သည်။ တံခါးတွေ ပိတ်ထား၏။ အောက်ထပ်ကိုကြည့်၏။ တံခါးတွေ ပိတ်လျက်သားရှိသည်။ ခြံတံခါးနှစ်ဖက်စလုံးသည် ပိတ်လျက်။ တံခါးအနီးသို့ရောက်သည်။ သစ်သားတံခါးရွက်ကြီးတွေပေါ်ရှိ သဘော်ဆေး ဖြူတို့သည် ရာသီဥတုဒဏ်ကြောင့် အမျှင်မျှင် အစိတ်စိတ် အက်ကြောင်းများ ထင်၍နေ၏။ တစ်ခြံလုံးသည် တိတ်ဆိတ်လျက်ရှိသည်။ လူသူတစ်ဦးတစ်ယောက်၏ အရိပ်အယောင်ကို

mgyoe.com

mgyoe.com

ပင် မတွေ့ရ။ ကိုကိုနှင့် အတူတူနေသည်။ ကိုကို့ကို ထမင်းချက်ပြုတ်ကျွေးမွေးသည်ဆို သော အဘိုးကြီးကို တွေ့လိုတွေ့ငြားကြည့်၏။ ခဏမျှအကဲခတ်ရင်း စဉ်းစားသည်။

ယနေ့ တနင်္ဂနွေ။ ရုံးပိတ်ရက်။ အနီးဝန်းကျင်သို့ သာရေးနာရေးအကြောင်းကိစ္စ ရှိ၍သွားလျှင် အိမ်စောင့်အဘိုးကြီးတော့ ကျန်ရစ်ခဲ့ရမည်။ အနီးအပါးကို မျက်လုံးတစ်ချက် ဝေ့သည်။ တစ်ခြံနှင့်တစ်ခြံ မနီးကပ်။ ရန်ကုန်။ ရန်ကုန် ဆင်ခြေဖုံးကဲ့သို့ မဟုတ်။ တစ်ခြံနှင့်တစ်ခြံကြားတွင် မြေကွက်လပ်တွေ ခြားနေသေးသည်။ အနီးဆုံး ခြံသည်ပင်လျှင် ကားတစ်မှတ်တိုင်နှင့် တစ်မှတ်တိုင်သာသာ ရှိလေ၏။ ထိုခြံသို့သွားကာ မေးကြည့်လျှင် သိရမည် ထင်၏။

ကိုကိုသည် ထည့်လိုက်သောစာကို ရမှရပါလေစဟု တွေး၏။ လာမည့်ရက်ကို အတိအကျတော့ မရေးခဲ့။ တစ်ပတ်အတွင်း ကျွန်တော် ရောက်လာမယ်ဟုသာ ရေးခဲ့သည်။ ထိုစာကို ကိုကိုသည် လွန်ခဲ့သည့် လေးငါးရက်ထက်စောပြီး ရနိုင်သည်။ ခရီးဝေးထွက် သည် များလားဟု တွေးမိသည်။ ကိုကို၏အလုပ်တာဝန်တွေ များလှသည်ကို သိသည်။ အမျိုးသားမှတ်ပုံတင်ကိစ္စများသာမက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူဝင်မှုကြီးကြပ်ရေး ကိစ္စများနှင့် ပတ်သက်သော စစ်ဆင်ရေး စီမံကိန်းများတွင် ကိုကိုတာဝန်ယူနေသည်ဟု သိရသည်။ တစ်နှစ်တစ်ကြိမ် ရန်ကုန်ရှိ မိဘညီအစ်ကိုမောင်နှမတွေထံသို့ ဆင်းလာဖြစ် အောင် မနည်းကြိုးစားရသည်။ သည်မြို့သို့ ပြောင်းလာပြီး နှစ်နှစ်သုံးနှစ်အထိသာ တစ်နှစ် တစ်ခါ ခွင့်ယူပြီး ပြန်လာနိုင်သည်။ ထိုနောက်တွင် အလုပ်တာဝန်အရ သင်တန်းအရသာ ရန်ကုန်သို့လာရင်း အိမ်သို့ ခဏရောက်သည်။ လူပျိုကိုယ်လွတ်ဘဝဖြစ်၍ ကိုကိုသည် အလုပ်ခွင်တွင် သူများတွေထက် နှစ်မြှုပ်နေနိုင်ခဲ့သည်။

သည်မြို့တွင် ခြောက်နှစ်ကျော်နေလာသောကြောင့် ကိုကိုသည် မြို့တွင် ဝင်ဆံ့ သည်။ လူသိများသည်။ စင်စစ် မြို့ဟုသာ စာရင်းဝင်သော်လည်း ရန်ကုန်ရှိ ရပ်ကွက် တစ်ခုကို ဖြန့်ကြဲထားသလောက် အိမ်ခြေဦးရေရှိသည်။ မြို့ရာမြို့ခင်းသည် ကျယ်ဝန်းလှ သည်။ ကိုကို အလုပ်ပြောင်းခါစက တစ်ခေါက်ရောက်ခဲ့သည်။ ယခုအခေါက်တွင် အိမ်ခြေ အနည်းငယ်တိုးလာသည်။ ဘူတာရုံတစ်ဝိုက်တွင် လေးငါးအိမ် တိုးလာကြောင်း မလှမ်း မကမ်းမြင်ရ၍ သိလွယ်၏။ ကျန်နေရာများမှာ သတိမထားမိခဲ့က တိုးလာသည်ဟုပင် မထင်စရာ။

ကိုကိုနေသော လမ်းထဲတွင် ယခင်ကအတိုင်း ရှစ်ခြံသာရှိသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

mgyoe.com

mgyoe.com

အသက်က ဆယ့်လေးငါးနှစ်မျှသာ ရှိလိမ့်မည်။ လူကောင်ထွားသော ကောင်လေး။ သစ္စာပန်းတန်းတွင် မြေဆွသောခက်ရင်းကို ကိုင်ကာ လှည့်ကြည့်ပြီး မေးသည်။ လက်တွေ အရစ်အရစ်ထကာ ဝဖီးနေသည်။ ကုပ်တွေ သုံးလေးရစ်။ ပါးစုန့်နှစ်ဖက်ကြောင့် မျက်ပေါက်ကျဉ်းနေ၏။

"ဦးသော်ဆွေတို့ အိမ်ကိုလာတာ ငါ့ညီရ၊ အိမ်တံခါးပိတ်ထားလို့ ဘယ်များသွားလဲ သိချင်တာနဲ့ ..."

ထိုသူငယ်က ခြံဝသို့ လျှောက်လာ၏။ ကိုကို့အိမ်ဘက်သို့ မေးတစ်ချက် ဆတ်ပြကာ –

"ဟိုအိမ်က ဦးသော်ဆွေလား"

သူ ပြုံး၍ ခေါင်းညိတ်သည်။

"ခဏနေဦးနော် ... ကျွန်တော် ... အမေတို့ကို သွားမေးကြည့်လိုက်ဦးမယ်"

ခြေလှမ်းသွက်သွက်လှမ်းကာ အိမ်ဘက်သို့ လျှောက်သွားသည်။ ဝလွန်းသောခန္ဓာကိုယ်ကြောင့် ကွတတလျှောက်နေရသည်။ ပုဆိုးသည် ပုတ်တွင်ပတ်ထားသကဲ့သို့ ရှိသည်။ လေးပင်သုံးခန်းအလျားဆန်ကာ ခေါင်ပြန့်ပြန့် ပျဉ်ကာ၊ မိုးထားသည်မှာ မီးခံကျောက်ပြား။ ခြံဝင်းထဲတွင် နှင်းဆီနှင့် ဂန္ဓမာတွေကို အိုးတွင် စိုက်ထားသည်။ ရောင်းတမ်းပျိုးပင်တွေဟု ထင်၏။ ပန်းအိုးတွေကြားမှ အိမ်နောက်ဘက်သို့ လျှောက်သွားသော ထိုသူငယ်သည် ခဏအကြာတွင် ပြန်ထွက်လာ၏။ တွေ့စက မြေဆွနေသော သစ္စာပန်းတန်းသို့ ရောက်မှ –

"ခရီးထွက်သွားတယ်တဲ့"

စိတ်ပျက်သွားသည်။ ထိုသူငယ်က ခြံတံခါးတွင် လက်တင်ကာ –

"မိုင်းစုံ့ဘက်ကို စပါးအဝယ်ဆင်းတဲ့ မြို့နယ်ကအဖွဲ့နဲ့ သွားတယ်တဲ့"

ခေါင်းတဆတ်ဆတ်ညိတ်ရင်း –

"ဘယ်လောက်ကြာပြီတဲ့လဲ ညီလေး"

"သွားတာတော့ ... မနေ့က မနက်ကမှ သွားကြတာ၊ အဲဒီအဖွဲ့ နယ်ဆင်းသွားတာတော့ ကျွန်တော်မြင်လိုက်တယ်"

"ပြန်လာဖို့ အတော်ကြာမယ်ထင်တယ်"

မျက်ခုံးမွေးမှာ မထင်သလောက် ပါးနေသော ထိုသူငယ်သည် မျက်မှောင်ချိုကာ စဉ်းစားနေ၏။ ထိုနောက် –

mgyoe.com

"ဆယ်ရက် ဆယ့်ငါးရက်တော့ ကြာမယ်ထင်တယ်"

ဘုရားဟု တ,မိတော့မတတ် ဖြစ်ရသည်။

"ဦးသော်ဆွေနဲ့ သိလား"

ခေါင်းကို ညိတ်ပြလေသည်။

"သူနဲ့အတူနေတဲ့ အဘိုးကြီးဆိုတာရော"

"ဩော် ... ဦးဒိုးစိန်လား ...၊ ဦးဒိုးစိန်ပါ လိုက်သွားတယ်၊ သူတို့အဖွဲ့ ဘယ်ကို ထွက်ထွက် ဦးဒိုးစိန်က လိုက်နေကျ၊ ချက်ပြုတ်ရေးတာဝန်ခံဆိုပါတော့ ..."

ထိုသူငယ်က ရယ်စရာအဖြစ်ပြောကာ တစ်ချက်ရယ်သည်။

"အစ်ကိုက ... ဦးသော်ဆွေ ညီအရင်းပါ၊ အစ်ကို့နာမည်က တင်ဆွေပါ"

"ဩော် ... ဟုတ်ကဲ့"

ရင်းနှီးသော အမူအရာဖြင့် ခေါင်းညိတ်သည်။ မေးရမည့်မေးခွန်းကို သူ ချက်ချင်း မေးသည်။

"ဒီမှာ ... တည်းခိုရိပ်သာရှိတယ်လို့ ကြားသာကြားဖူးတယ်၊ နေရာမသိဘူး၊ ဘယ်နားမှာလဲ ..."

"အစ်ကို ... ဈေးကိုသိလား"

ဈေးသည် အရှေ့အနောက်တန်းသော ရထားလမ်း၏ မြောက်ဘက်တွင်။ သူ ခေါင်းညိတ်သည်။

"ဈေးကနေ ... အရှေ့မြောက်အတိုင်းသွားတဲ့ ကတ္တရာလမ်းအတိုင်းသွား၊ အထက်တန်းကျောင်းက အရှေ့စူးစူးလမ်းကို သွားတဲ့လမ်းမှာ ...၊ အဲဒီလမ်းရဲ့ ဘယ်ဘက်က မြောက်ဘက်ကိုကွေ့တဲ့ လမ်းအတိုင်းသွား၊ နှစ်တိုင်ကျော်ဆိုရင် ဥယျာဉ်စုကို ရောက်မယ် ...၊ ဥယျာဉ်စုရဲ့ အစွန်ဆုံးမှာ ကွန်းသာယာဆိုတဲ့ အစားအသောက်ဆိုင်ကို တွေ့မယ်၊ အဲဒီမှာ ... တည်းလို့ရတယ်"

"ဘူတာကနေ မြင်းလှည်းငှားပြီး သွားလို့ရတယ် မဟုတ်လား"

"နီးနီးလေးပါ ...၊ ငှားစရာတောင် မလိုပါဘူး၊ မသကာ ကျောင်းရှေ့ဂိတ်နဲ့ ဘူတာဂိတ် အသွားအပြန်ဆွဲတဲ့ မြင်းလှည်းစီးချင်စီးပေါ့၊ ငါးမူးပေးရတယ်"

နီးနီးကလေးနှင့် နှစ်တိုင်ခရီးသည် နေနေကျ သူ့အဖို့တော့ ဟုတ်မည်။ တစ်တိုင် နှစ်တိုင်သည် တစ်မိုင် တစ်မိုင်ခွဲမက ဝေးချင် ဝေးနေတတ်သေးသည်။

"ကျေးဇူးပဲ ငါ့ညီ"

mgyoe.com

ဘူတာသို့ရောက်အောင်ပင် အတော်လျှောက်ရဦးမည်။ တက္ကသိုလ်၏ ခြံသေ့ တံခါးဝမှ ပင်းယဆောင်ရှေ့အထိ မကမကမည်သာ။ ကိုကို၏ ခြံရှေ့သို့အရောက်တွင် ခဏရပ်သည်။ မိုးနှင်းတွေ စဲစပြုလာ၏။ အိတ်ထဲမှ စာရွက်လွတ် ထုတ်ယူသည်။ ကိုကို ကျွန်တော်ရောက်နေပြီ၊ ကွန်းသာယာမှာ တည်းနေပါတယ်ဟု ရေးကာ လက်မှတ်နှင့် နေ့စွဲတပ်သည်။ တံခါးရွက်ရှေ့တွင် ချိတ်ထားသော စာဘူးထဲသို့ ခေါက်ပြီး ထည့်လိုက်သည်။

* * *

မြေပြန့်နှင့် ကုန်းမြေမြင့်သို့ ဆက်သွယ်ရာလမ်းသို့ သွားဆုံမည့် မြို့တွင်း လမ်းသည်သာလျှင် ကတ္တရာလမ်း။ အထက်တန်းကျောင်းရှေ့မှ ထွက်သောလမ်းသည် မြေလမ်း။ ဥယျာဉ်စုဘက်သို့ ရောက်သောအခါ လိပ်သဲကျောက်၊ ကျောက်စရစ်နှင့် ဂဝံ ကျောက်ခင်းသောလမ်း။ မြေသားအခံမာကျော၍ ဖြစ်မည်။ ဖြတ်သွားဖြတ်လာ လှမ်း၍ တွေ့သော မြင်းလှည်းဘီးတွေ နစ်ခြင်းကျွံခြင်းမရှိ။ ဥယျာဉ်စု၏အမည်ကို ကြားဖူး သယောင် မကြားဖူးသယောင်ယောင် ရှိနေ၏။ မြို့၏ အရှေ့မြောက်ပိုင်း အပိုင်း။ အိမ်ခြေ အနည်းငယ်စိပ်သော ဈေးပိုင်းထက် ကားလမ်းနှင့်နီးသည်။ မြို့စွန်ဘက်တွင် ရှိနေသည်။ ကားလမ်းရှိရာ မြောက်ဘက်သို့ မြေသည် သိသာစွာ မြင့်သွား၏။ ဥယျာဉ်စုဘက်သို့သွားရာ ဝန်းကျင်သည် မြေပြန့်မဟုတ်သော်လည်း အနိမ့်အမြင့် မခြားနားလှ။ ကုန်းမို့တို့သည် ပြေပြေပြေမြင့်သည်။ ပြေပြေနိမ့်လျှောသည်။ မြို့အတွင်းထက်ပို၍ ခြံကျယ်ကာ တစ်ခြံနှင့် တစ်ခြံ ဝေးလေသည်။

လမ်းတစ်ဖက်တစ်ချက်တွင် ကုက္ကိုပင်တွေ မတွေ့ရသလောက် ဖြစ်လာ၏။ ယူကလစ်ပင်နှင့် ချယ်ရီပင်တွေကို မြင်သည်။ ညာဘက်သို့ တစ်ကွေ့ အကွေ့တွင် လှမ်း မြင်ရသော အဆောက်အဦသည် ကွန်းသာယာ ဖြစ်ပေလိမ့်မည်။ ကွန်းသာယာ၏ မျက်နှာ စာသည် သုံးခန်းနှစ်ထပ်။ သွပ်မိုး၊ ပျဉ်ကာ။ နောက်ဘက်သို့ ပို၍ ရှည်သွားသည်။ ရှေ့နောက်က နှစ်ခန်းပို၍ ရှည်သည်။ မျက်နှာစာဘက်တွင် လည်းကောင်း၊ ဝဲယာတွင် လည်းကောင်း အပေါ်ဝရန်တာပတ်လည်။ သစ်၏ နီမြန်းစိုပြည်သော အဆင်းကို အနောက်ဘက်နေရောင်ဖြင့် မြင်ရသည်။

ကုန်းမြင့်ကို ဖြတ်၍ လမ်းဖောက်ထားသောကြောင့် လမ်းဘေးနှစ်ဖက်မှာ ရင်စို့ ခန့် အမြင့်ရှိချင်ရှိသည်။ ဒူးဆစ်သာသာ ခါးသာသာ မြင့်သည့်နေရာ မြင့်သည်။ မြေနံရံ

mgyoe.com

နှစ်ဖက်စလုံးတွင် ရေညှိပင်တွေ ခပ်သွေ့သွေ့ စိမ်းနေ၏။ ဆင်ငိုက်မြက်ပင်တွေ ကျဲကျဲ ပေါက်နေ၏။ ဝဲယာရှိ ခြံတွေ အိမ်တွေ ကြားတွင် မြက်ရိုင်းကွက်လပ်တွေ ချုံနွယ်ပင်တွေ ခြားကာရှိ၏။

ကွန်းသာယာ၏ သံဆူးကြိုးစည်းရိုးသည် တစ်ရက်စာမျှ မြင့်သည်။ ဆူးကြိုးတွေကို တိုက်ကပ်ပန်းတွေ နွယ်နေ၏။ မလှမ်းမကမ်းသို့အရောက်တွင် စီးကရက်တိုကို လမ်းပေါ်ပစ်ချပြီး ဖိနပ်ဖြင့်နင်းသည်။ ဖိနပ်ဦးနှင့် တစ်တောင်လောက်အကွာရှိ ကျောက်တုံးတွေ၊ အပြားအချပ်၊ အကျိုးအပဲ့တွေကြားမှာ အလျားအနံထု လက်နှစ်လုံး၊ တစ်မိုက်၊ တစ်လက်မသာသာရှိသော ကျောက်တုံးအနက်ကလေးကို မြင်သည်။ ရေလကျောက်။ ကောက်ယူသည့်လက်က တစ်ဖက်သို့ လှန်ကြည့်ပြီးသား ဖြစ်သွားသည်။ အံ့သြစွာ ငေးစိုက်ပြီး ကြည့်နေမိသည်။ မန်ကျည်းရွက်ကဲ့သို့ အရွက်လေးတွေ ရိုးတံတွေ ရှိနေသည်။ ဘေးသားကို ကြည့်သည်။ ကျောက်မီးသွေး အလွှာထပ်နှင့် ကျောက်သားတို့သည် တစ်ထပ်စီ တစ်လွှာစီ ဆင့်လျက်ရှိသည်။ သက်လယ်ကပ်ကာလမှ သစ်ခက်တစ်ခက်၏ ကျောက်ဖြစ်ရုပ်ကြွင်း။ အပေါ်တန်းတွင် အရွက်လေးတွေ ပို၍များ၏။ အောက်ဘက်တွင် တစ်ဝက်မျှသာ ရှိလေသည်။

သိချင်စိတ်တို့သည် ကိုကိုနှင့်မတွေ့၍ ပျက်သောစိတ်တို့၏နေရာသို့ အစားထိုးကာ ဝင်ရောက်လာ၏။ ဘူမိဗေဒဆိုင်ရာ အထောက်အထားတွေ သည်နေရာတွင် မရှာမိပင် တွေ့ရပေပြီ။ ကျောင်းပိတ်ရက်များစွာကို ရထားခဲ့ပြီဖြစ်၍ ရှာဖွေစုဆောင်းရန် အချိန်လုံလောက်နေပေပြီ။ သစ်ခက်ရုပ်ကြွင်းကျောက်ပြားလေးကို ဘောင်းဘီအိတ်ထဲသို့ ထည့်သည်။ လှမ်းသော ခြေလှမ်းတို့သည် ပို၍ သွက်လာ၏။

ကွန်းသာယာသည် ကြေးဝါရောင် နေခြည်အောက်တွင် ပို၍ တင့်တယ်နေသည်ဟု ထင်၏။

* * *

ခရီးဆောင်အိတ်ကြီးတွေ၊ အဝတ်သေတ္တာတွေ ဆွဲကာ လွယ်ကာဖြင့် ထွက်လာကြသောလူစုကို လမ်းပေးသည်။ ထိုလူစုလွန်သွားမှ ဆင်ဝင်အောက်သို့ လှမ်းဝင်သည်။ သံတံခါး တပ်ထားသော တံခါးမကြီးအဆင့်သို့ တက်သည်။ စားပွဲလေးငါးလုံး ခင်းကျင်းထားသည်။ စားသောက်နေသူ တစ်ဦးတစ်ယောက်မျှ မရှိ။ ညာဘက်စားပွဲကို တိုက်ချွတ်ဆေးကြောနေသော လူငယ်တစ်ယောက်၏ နောက်ကျောကို မြင်သည်။ စားသောက်ခန်း၏

mgyoe.com

အဆင်အပြင်သည် ထူးထူးခြားခြားမရှိ။ အိမ်အောက်ထပ်တွင် စားပွဲတွေ ကုလားထိုင်တွေ တစ်ဝိုင်းစာစီ ချပေးထားသကဲ့သို့သာ ရှိသည်။ ပေသုံးဆယ်၊ ပေနှစ်ဆယ် အလျားအနံခန့် ရှိမည်။ အခန်း၏နောက်တွင် ငွေသိမ်းစားပွဲရှည်နှင့် နံရံကပ်ဗီရိုကြီး။ ဘယ်ဘက်တွင် အပေါ်ထပ်တက်ရာ လှေကား။ လှေကားနှင့် ငွေသိမ်းစားပွဲကြားတွင် စားဖိုဆောင်နှင့် ဆက်ရာတံခါး။ အဖြူရောင်ခန်းဆီး ချထားသည်။ ဘယ်ညာရှိ ပြတင်းပေါက်နှစ်ပေါက်စီမှာ သံတိုင်အရံအတားမှတစ်ပါး ခန်းဆီးမရှိ။

ဖိနပ်တွင်ပေရေနေသော သဲတွေ ခဲမှုန်တွေကို အုန်းဆံဖုံတွင်သုတ်ပြီးမှ ဝင်ရန် ခြေပြင်၏။ လျှာထိုးကြမ်းခင်းတို့တွင် အရောင်ပြောင်လက်မနေ။ သို့သော် သန့်ရှင်းနေသည်။ လှေကားအနီးရှိ ပြတင်းနှင့်ကပ်လျက်ချထားသော စားပွဲသို့ တစ်လှမ်းချင်း လျှောက်သွားသည်။ ခြေသံကြောင့် စားပွဲကို ဆေးကြောနေသော လူငယ်က လှည့်ကြည့်ပြီး အလုပ်ကို ဆက်လုပ်သည်။ ခရီးဆောင်အိတ်ကို ထရံဘက်တွင် ချထားလိုက်သည်။ ပြတင်းကို မျက်နှာမူကာ ခဏကြည့်၏။ အသက်ကို အားပါးတရ ရှူလိုက်သည်။

အမှုမဲ့ အမှတ်မဲ့ နေရာမှ သတိပြုမိလိုက်၏။ စားသောက်ဆိုင်တိုင်းတွင် တွေ့ရတတ်သော အနံ့အသက်မျိုး စိုးစဉ်းမျှမရ။ စားပွဲတွင် ဟင်းလျာအနံ့သည် အဆီဆားပြားနှင့်တကွ စွဲ၍ နေတတ်သည်။ ရေစိုဝတ်ဖြင့် ပွတ်ခြင်း၊ သာမန်မျှသုတ်ခြင်းဖြင့် ဟင်းနံ့ ထမင်းနံ့သည် ပျက်ပြယ်ခြင်း မရှိ။ အချို့ဆိုင်တို့မှာ ဆိုင်ဝဦးပင်လျှင် အနံ့စူးစွာ ရစေသည်။ အီလည်ပျို့တက်စေမတတ် အနံ့ဆိုးတတ်သည်။ ပထမတန်းစား စားသောက်ဆိုင် တချို့၌ပင်လျှင် ဟင်းကြွင်းဟင်းကျန်နံ့ကို သဲ့သဲ့ရသည်။ ကွန်းသာယာတွင် ထိုသို့မဟုတ်။ ပျဉ်းကတိုးသစ်၏အနံ့အသက်ကိုသာ ရလေသည်။

"ဘာသုံးဆောင်မှာလဲ ဆရာ"

အသံလာရာသို့ နောက်ပြန်ကြည့်သည်။ ရေပုံးနှစ်ပုံးကို နေရာဆွဲရွှေ့ရင်း လှမ်းမေးသည်။ ကာဆော်လစ်ဆပ်ပြာကို အဝတ်စတွင် ပွတ်လိုက် ရေစက်တင်လိုက် လုပ်နေရင်း သူ့အဖြေကို စောင့်နေသည်။ ညစာကို အပြီးစားရန် စိတ်ကူးသည်။

"ထမင်းပေါင်း ရမလား"

"ဟုတ်ကဲ့"

"ကြံမဆိုင်ဟင်းချိုကော ..."

"ရပါတယ်၊ အသားက ဘာအသားနဲ့လဲ ဆရာ"

"ဘဲသားနဲ့ပဲ၊ နှစ်မျိုးစလုံး"

mgyoe.com

ခေါင်းညိတ်ရင်းနှင့် စားဖိုဆောင်ဘက်သို့ ကိုယ်ကိုယ်တို့ကာ ထမင်းပေါင်းတစ်၊ ကြံမဆိုင်ဟင်းချိုတစ်၊ နှစ်ပွဲလုံး ဘဲသားဟု လှမ်းအော်၏။ ထိုစဉ် အရပ်ရှည်ရှည် အသား ဖြူဖြူ ခေါင်းတုံးဆံတောက်နှင့် လူကြီးတစ်ယောက်က တံခါးဝတွင်ရပ်ကာ ထိုလူငယ်ကို ကြည့်၏။ လူကြီးသည် ပုဆိုးတိုတိုဝတ်ထား၏။ စွပ်ကျယ်လက်စကမှာ တံတောင်ဆစ် နားရောက်မတတ် ချွန်းကာ ရှည်ကျနေ၏။ ငါးဆယ်ကျော်မျှရှိမည် မှန်းသည်။

"ခုန ... ဘာအော်လိုက်တာလဲ မောင်ကံဟိန်း"

အသံကျယ်ကျယ်သြသြ။ ကံဟိန်းက နောက်သို့ ဖျတ်ခနဲကြည့်ကာ ပါးစပ် အဟောင်းသားနှင့် ဖြစ်သွားသည်။ ဟက်ဟက်ပက်ပက်ရယ်ကာ –

"ဟာ ... တကြီးကို စားဖိုထဲမှာ ရှိတယ်ထင်လို့ လှမ်းမှာတာဗျ"

သူ ပြုံးမိသည်။ ကိုယ်ကို တူရူသို့လှည့်ကာ ကြည့်သည်။ ကံဟိန်းက သူ့ထံသို့ ကြည့်ပြီး ပြုံးသည်။ ထို့နောက် သူမှာသော အစားအသောက် ပြောသည်။ လူကြီးသည် သူ့ကိုပြုံး၍ 'ရပါတယ် ခဏလေးပါ'ဟု ပြောသည်။ တံခါးဝမှ ဆင်းသွားသည်။ ခုံဖိနပ် သံကို ဖြည်းဖြည်းမှန်မှန် ကြားရသည်။

* * *

ရထားပေါ်တွင် စားသောက်ခဲ့ရသည်တို့မှာ အာသာမပြေ။ ခရီးဝေးကို ရထား နှစ်တန်ပြောင်းကာ စီးခဲ့ရ၍ အနည်းငယ်နွမ်းနေသည်။ ဘူတာစဉ်ရောင်းသော သရေစာ များနှင့် မနက်စာအဖြစ် စားခဲ့သည်။ ဝမ်းထဲတွင် ဟာနေသလိုလို ပြည့်နေသလိုလို ခံစားရသည်။ ထမင်းပေါင်း၏အငွေ့သည် နှာဝသို့ ရောက်လာ၏။ ဖွန်းနှင့်ခက်ရင်းကို ကျိုက်ကျိုက်ဆူသည့် ကြွေဇလုံးထဲတွင် စိမ်ထားကာ စားပွဲပေါ်သို့ ချပေးသည်။ ကြံမဆိုင် ဟင်းချိုထဲမှ ဂျင်းနံ့သည် လှျာဖျားကို မြှုသည်။ ပလပ်စတစ်တူကို စက္ကူပါးဖြင့် ပတ်ထား ရာမှ ဖြေသည်။ ဖွန်းနှင့်ခက်ရင်းကို တူဖြင့်ညှပ်၍ ဆယ်ယူသည်။ ရေနွေးကြောင့် ပူနေ၏။ ထမင်းပေါင်းပန်းကန်ထဲတွင် ဖွန်းနှင့် ခက်ရင်း ထည့်လိုက်သည်။ ထမင်းပေါင်းနှင့် ဖွန်းတွေ ပန်းကန်တွေ လာချပေးသော အဒေါ်ကြီးက ပြန်ရောက်လာသည်။ ကြွေကရားအိုးနှင့် အကြမ်းပန်းကန်နှစ်လုံးကို ဒန်ဗန်းထက်တွင် တင်ထားသည်။ စားပွဲပေါ်သို့ ဗန်းတင်ပေးပြီး စားသောက်ခန်းထဲမှ စားဖိုဆောင်ဘက်သို့ ထွက်သွားသည်။

ထမင်းပေါင်း တစ်ဖွန်း နှစ်ဖွန်းစားလိုက်၊ ဟင်းချိုသောက်လိုက်နှင့် ဝမ်းဖြည့် သည်။ ထိုစဉ် သတိရသည်။ ဆောင်းဘီအိတ်ထဲမှ သစ်ခက်ရုပ်ကြွင်းကျောက်ပြားလေးကို

mgyoe.com

နှိုက်ယူသည်။ ပြတင်းအလင်းဖြင့် ရောင်ပြန်စောင်းကာ ကြည့်သည်။ ထမင်းပေါင်း ပန်းကန်ဘေးတွင် ချထားလိုက်၏။ ပြတင်းအပြင်သို့ ကြည့်သည်။

ငွေ့ငွေ့မှုံအေးသော မြောက်ဘက်လေသည် ညင်သာစွာ ဝင်လာ၏။ ခြံစည်းရိုး၊ သံဆူးကြိုးတွေကို နွယ်တွေရစ်လျက် ရှိ၏။ ပါးလျားစိမ်းဖန့်သော နွယ်ရွက်နွယ်ညွန့်တွေ လေတွင်လှုပ်နေ၏။ စည်းရိုးအပြင်သို့ အမြင်ရွေ့သည်။ နိမ့်သွားသော မြက်ခင်းပြင်ကို မြင်သည်။ အကောင်နှစ်ဆယ် အစိတ်မျှသော သိုးအုပ်တွေ တစ်ဖက်သို့ တရွေ့ရွေ့ဆင်း နေ၏။ စားကျက်လွင်ပြင်ဖြစ်နေသော မြက်ခင်းသည် မျက်စိတစ်ဆုံး။ အမြင့်ပိုင်းရှိ မြက်တွေကား ဝါကျင်ကျင်အရောင် ပြောင်းနေ၏။ အနိမ့်ပိုင်း၏ အရှေ့မြောက်တွင် ချယ်ရီပင်တွေ၊ ထင်းရှူးပင်တွေ၊ ယူကလစ်ပင်တွေ၏ ခါးလယ်နှင့် ပင်ဖျားတချို့ကို တွေ့သည်။ ခေါင် စောက်၍ အမိုးချွန်သော အဆောက်အဦ ညိုမည်းမည်းကို မြင်သည်။ ထိုမှ အဝေးဆုံးသို့ ကြည့်၏။ ရှမ်းရိုးမတောင်တန်းတောင်ကြောတွေကို မြူငွေ့ မြေငွေ့ ပြာပြာတွေကြားမှ ပျပျမြင်သည်။

ပြာလွင်သော ကောင်းကင်သည် ကြည်လင်လျက်ရှိသည်။

* * *

အကြမ်းပန်းကန်ထဲသို့ ငုံ့ထည့်ပြီး ကြွေကရားကို ဗန်းတွင်ပြန်ထားစဉ် ငွေသိမ်း စားပွဲရှည်နှင့် တစ်ဖက်ထရံအနီးရှိ ပြတင်းဘက်တွင် လှုရိပ်မြင်သည်။ ပြတင်းနှင့် ကပ်နေသော စားပွဲသို့ မည်သည့်အချိန်က ရောက်ကာ ထိုင်နေမှန်း သတိမထားခဲ့။ ပြတင်းပေါင် ကို နောက်မှီထားသည်။ ဘယ်တံတောင်သည် စားပွဲပေါ်တွင် ထောက်လျက်။ သတင်းစာ ကို ဖြန့်ကာ ကိုင်သည်။ ရင်ညွန့်မှ အပေါ်အထိ ကွယ်နေသည်။ အဖြူရောင်အင်္ကျီ၊ အထိုက်အလျောက် ပြည့်တင်းသော ခန္ဓာကိုယ်ကို မြင်သည်။ ခြေချိတ်၍ ထိုင်နေသည်။ ထဘီခေါက်သားသည် သေသပ်စွာရှိ၏။ ချောကလက်ရောင် ထဘီအောက်နားသည် ခြေဖမိုးဖြူကို ဖုံးယောင်ရှိနေ၏။ ဖွံ့ထွားလွန်းသောသူမဟုတ်။ ခါးအနည်းငယ် ကျစ်၍သာ ပိန်သယောင် ထင်ရသော်လည်း တင်နှင့် ပေါင်တံသည် ပြည့်ပြည့်။

သတင်းစာ စာရွက်လှုပ်ကြေသံနှင့်အတူ သတင်းစာသည် စားပွဲပေါ်သို့ ရောက် သွား၏။ အမျိုးသမီး၏မျက်လုံးသည် သူ့ထံ ဦးဦးဖျားဖျား ရောက်လာ၏။ မျက်မှောင် ဘက်တွင် ထူကာ အဖျားသို့ သွယ်သွားသော မျက်ခုံးအောက်မှ မျက်လုံးအစုံ။ မျက်ခမ်း လွတ်လုလုအထိ မျက်ဝန်းနက်နက်က ထင်းနေ၏။ မျက်လုံးချင်းဆုံ၍ သူ အားနာသွား

mgype.com

 mgyoe.com 

သည်။ သူ ငေးကြည့်နေသည်ကို အမျိုးသမီးမြင်သွား၍ အားတုံ့အားနာ ဖြစ်လေသည်။

အမျိုးသမီးသည် ကျောကို ပြတင်းမှခွာကာ စားပွဲသို့ ကိုယ်ကိုလှည့်၏။ လက်မောင်းနှင့် လက်၏အကျသည် မာကျောဆတ်တောက်ခြင်း မရှိ။ ပြေပြစ်ပြည့်ဖြိုးသည်။ ရေနွေးကြမ်းတစ်ငုံ ငုံပြီး သူ တစ်ချက်ကြည့်သည်။ ချောမောပြေပြစ်သော အမျိုးသမီးပဲဟု အောက်မေ့သည်။ အသက်အစိတ်ဝန်းကျင်တော့ ရှိမည်ဟု မှန်း၏။ ဆိုင်ရှင်အမျိုးသမီး ဖြစ်ပေလိမ့်မည်ဟု တွက်သည်။ တည်းခိုရေးကိစ္စ မေးမြန်းမည် စိတ်ကူးသည်။ သတင်းစာကို ငုံ့ကာဖတ်နေသော ထိုအမျိုးသမီးထံသို့သွားရန် ထိုင်ရာမှ ထသည်။

ခြေသံကို ကောင်းစွာကြားနိုင်သည်။ သတင်းစာကြည့်သည့် မျက်လုံးထောင့်တွင် သူလျှောက်လာသည်ကိုလည်း မြင်နိုင်သည်။ သို့သော် လှည့်မကြည့်။ စားပွဲဘေးတွင် သူ ရပ်သည်။ ထိုတော့မှ ဖြည်းဖြည်း မော့သည်။

"ဘယ်လောက်ကျပါသလဲ ခင်ဗျ"

သူ စားသောက်ထားသော စားပွဲသို့ လှမ်းကြည့်သည်။ အမူအရာမှာ အေးစက်စက်။

"ဘာရယ် ဘာရယ်လဲ"

"ထမင်းပေါင်းတစ်ပွဲနဲ့ ကြံမဆိုင်ဟင်းချိုပါ"

"ထမင်းပေါင်းက သုံးကျပ်ခွဲ၊ ကြံမဆိုင်က နှစ်ကျပ်ခွဲ၊ ခြောက်ကျပ် ကျပါတယ်"

အသံသည် ချိုလွင်သော်လည်း ခွန်အားမဲ့နေ၏ သူ ဆယ်တန်တစ်ရွက်ကို အင်္ကျီအိတ်ထဲမှ ထုတ်ယူပြီး ပေးသည်။ အမျိုးသမီးသည် သတင်းစာကိုပါယူကာ ထိုင်ရာမှ ထ၏။ စားပွဲရှည်ဘေးမှ ကပ်ကာ လျှောက်သွား၏။ သူ့အရပ်နီးနီးရှိသည်။ ပြည့်တင်းသော်လည်း ကိုယ်နေကိုယ်ကျ သွယ်သည်။ စားပွဲရှည်ထိပ်သို့အရောက်တွင် တံခါးမဘက်သို့ လှမ်းကြည့်သည်။ ထိုနောက် အတွင်းသို့ ဝင်သည်။ စားပွဲရှည်နှင့် နံရံကပ်ဗီရိုကြားမှ လျှောက်လာသည်။ ကုလားထိုင်ရှည်ရှိသောနေရာသို့ ရောက်လာသည်။ အံဆွဲဆွဲဖွင့်သည်။ ဆယ်တန်ကိုထည့်သည်။ ကျပ်တန်လေးရွက်ထုတ်သည်။ အပေါ်ဆုံးအရွက်မှာ နွမ်းညစ်နေသည်။ အရွက်နွမ်းကို အံထဲသို့ပြန်ထည့်သည်။ ခပ်လတ်လတ်အရွက်နှင့်လဲကာ သူ့ထံသို့ ကမ်း၏။ သူ လှမ်းယူရင်း –

"တည်းခိုတာနဲ့ပတ်သက်လို့ မသိရဘူးလား ခင်ဗျ"

အံဆွဲကို ပိတ်သည်။ ကုလားထိုင်တွင် ထိုင်သည်။ သူ့ကိုကြည့်သည်။

"ဘာသိချင်တာပါလိမ့်"

mgyoe.com

mgyoe.com

"တစ်နေ့ဘယ်လောက်ဆိုတာတို့ ဘာတို့"

မျက်တောင်တစ်ချက် နှစ်ချက် ခတ်ကာ –

"တစ်ယောက်ခန်းလား၊ နှစ်ယောက်ခန်းလား"

သူ ပြုံးမိသည်။ အမျိုးသမီးသည် မြင်ခါစက မျက်နှာနှင့်ပင် ရှိလေသည်။

"တစ်ယောက်ခန်းပါ"

"နေရုံပဲလား၊ ထမင်းပါစားမှာလား"

"ဟုတ်ကဲ့ ... အဲဒါ ဘယ်ရွေ့ဘယ်မျှဆိုတာ"

ခေါင်းညိတ်သည်။ သတိထားပြီး ကြည့်နေ၍သာ ခေါင်းညိတ်သည်ကို သတိပြုမိသည်။ နေးလည်း နေးကွေးလွန်းသည်။ သဏ္ဌာန်ပေါ်လွင်ရုံမျှသာ လှုပ်ရှားသည်။ ကျန်းမာသန်စွမ်းသောသူဖြစ်လျက် နာလန်ထစသူတစ်ယောက်၏ အင်အားချည့်နဲ့နဲ့ဟန် ရှိ၍နေသည်။

"အခန်းခက တစ်နေ့တစ်ဆယ်ပါ၊ ထမင်းပါ ညမနက်စားရင် အစိတ်ကျပါတယ်၊ ကော်ဖီက တစ်နေ့သုံးကြိမ်တိုက်ပါတယ်"

"ဘယ်လို ရှင်းရပါသလဲ"

"ဘယ်လို ရှင်းရှင်းရပါတယ်"

"ခင်ဗျာ"

"နေ့ချင်း ကြိုပေးလည်း ရပါတယ်၊ ဒီနေ့တည်းပြီး နောက်နေ့မနက် အခန်းအပ်ရင်းနဲ့ ရှင်းသွားလည်း ရပါတယ်"

လေးရက်အတွက် ရှင်းထားလျှင် ကောင်းမည် စိတ်ကူး၏။ ဆယ်တန် ဆယ်ရွက်ယူကာ စားပွဲပေါ်သို့တင်သည်။ လေးရက်အတွက် ကြိုပေးထားပါရစေဟု ပြောသည်။ အမျိုးသမီးက အံဆွဲထဲမှ စာရွက်နှစ်ရွက် ထုတ်ပေးသည်။ လျှောက်လွှာစာရွက် အရွယ်။ ဖယောင်းလိမ့်ထားသော ပုံစံ။ အမည်၊ မှတ်ပုံတင်အမှတ်၊ အမိအဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ။ ဧည့်စာရင်းပုံစံနှင့် မှတ်ပုံတင်ပုံစံဟု ထင်သည်။ စာရွက်နှစ်ရွက်စလုံးကို အချက်အလက်တွေ ဖြည့်ပြီး ပြန်ပေးသည်။ လေးရက်စာ တည်းခိုခ၊ အစားအသောက်ခများ ရပြီးကြောင်း ပြေစာပေးသည်။ ပြေစာပေါ်တွင် အခန်းအမှတ်ပါ ရေးသားထားသည်။

"ဘယ်နားလောက်က အခန်းပါလဲ"

"တောင်ဘက်အလယ်က အခန်းပါ"

mgyoe.com

 mgyoe.com 

သူ ခဏ တွေနေသည်။ လေ့ကားဘက်သို့ လက်ညှိုးထိုးကာ –

"ဒီဘက်က တစ်ခန်းခန်းများ မရနိုင်ဘူးလား"

စဉ်းစားနေသည်။ ထိုနောက် ဖြတ်ပိုင်းကို လှမ်းယူသည်။ လက်ခံစာအုပ်တွင် အခန်းအမှတ် ပြောင်းလဲရေးသည်။ ဖြတ်ပိုင်းတွင်လည်း ပြောင်းပေးသည်။ အခန်းအမှတ် သုံး။ အခန်းသော့ပေးစဉ် သူ ပြောသည်။

"ကျေးဇူးတင်ပါတယ်"

ကျေးဇူးစကား သူ ပြောပြီး တစ်ချက်ပြုံး၏။ အမျိုးသမီးသည် မျက်လုံးအဝိုင်းသားနှင့် ကြည့်သည်။ မျက်လွှာကိုချကာ သတင်းစာကို လှမ်းယူသည်။ သူ့အပြုံးတို့သည် တိုတောင်းလွန်းသော အချိန်အတွင်း တန့်သွားသည်။ စားပွဲရှေ့မှ ခွာသည်။ ထိုင်နေရာ စားပွဲသို့သွားသည်။ လျှောက်သွားရင်းနှင့် သက်ပြင်းတစ်ချက်ချသည်။ စိမ်းနေသောသူချင်း၏ ပို၍စိမ်းသော ဆက်ဆံရေး၊ ရိုင်းသည်ဟုခေါ်ရမည်လား၊ လူမှုဆက်ဆံရေး ညံ့ဖျင်းသည်ဟု ဆိုရမည်လားမသိ။ မျက်နှာထားက တစ်မျိုးမှ တကယ့်တစ်မျိုး။ တည်လွန်းတင်းလွန်းသည်ဟု ဆိုရခက်သည်။ မာနအရိပ်ဟုလည်း မမြင်ရ။ ကိုယ့်ကိုယ်ကိုယ်မှတစ်ပါး တစ်လောကလုံးကို ရှိသည်မထင်သော မျက်နှာထားမျိုးလည်း မဟုတ်။ ထိုင်ပြီးနောက်တစ်ချက်လှမ်းကြည့်သည်။ သတင်းစာကို ငုံ့ကာဖတ်လျက်ရှိ၏။ မဟာနဖူးသည် တွန့်လိုက်၊ ပြေးလိုက်နှင့်။ သတင်းကို ကျောဖုံးနှင့် မျက်နှာဖုံး ရှေ့နောက်ကြည့်သည်။ ထိုနောက် ချထားသည်။ ဝင်းတံခါးဝသို့ ကြည့်သည်။ ဣန္ဒြေရှိသောအလုပ်ဟု သူမြင်သည်။ မည်သူ့ကိုမျှ စိတ်ဝင်စားခြင်းမရှိသော မျက်နှာနေ။

နာမကျန်းသောသူ၏ လေးလံပုံမျိုး ထို အမျိုးသမီးတွင် ဘာကြောင့်ရှိနေပါလိမ့်။

ခရီးဆောင်အိတ်ကို ကောက်ယူရင်းကြည့်သည်။ ဝင်လုဆဲနေရောင်သည် တံခါးဝမှ ဖျော့စွာဝင်လာ၏။ အမျိုးသမီး၏အရိပ်သည် နံရံကပ်ဗီရိုတွင် ထင်နေ၏။

* * *

အအေးဓာတ်ကို သိသာစပြုလာ၏။ ချွေးစေးနှင့် သဲမှုန် ဖုန်မှုန်တွေ ဆံပင်ကြားတွင်၊ မျက်နှာတွင်၊ အခန်းအမှတ်တွေကို သုံးထပ်သားတံခါးတွင် ပလတ်စတစ်အဖြူဖြင့် ကပ်ထား၏။ အပေါ်ထပ်သည် အခင်းအကာမှအစ ပေါ်လစ်အရောင်ကြောင့် ဖိတ်ဖိတ်လက်နေ၏။ ပျဉ်းကတိုးလှေကားထိုးတွင် အရိပ်တွေထင်နေ၏။ ခြေအိတ်သည် အနည်းငယ်ထိုင်းနေသည်။ သို့သော် လှေကားထိုးအခင်းပေါ်တွင် ချောနေသည်။ လေ့ကားထိပ်မှ တက်

mgyoe.com

mgyoe.com

တက်ချင်း ဧည့်ခန်းစားပွဲ ကုလားထိုင်တစ်စုံ ချထားသော ဧည့်ခန်းကိုတွေ့သည်။ ဧည့်ခန်း နောက်တွင် မျက်နှာချင်းဆိုင်အခန်းတွေ၊ လေးငါးခြောက်ပေမျှကျယ်သော လှူသွားလမ်း အနောက်ဘက်တွင်လည်း ထိုမျှကျယ်သော လှူသွားလမ်း မျက်နှာစာဘက်ရှိ အခန်းများကို တွေ့သည်။ ညာဘက်ရှိ အခန်းတွေကို ကြည့်သည်။ လှေကားနှင့်ကပ်လျက် အခန်း၏ အမှတ် သုံး။

ဧည့်ခန်းနှင့် နီးနေခြင်းမှတစ်ပါး အဆင်းအတက် အလှမ်းမဝေး။

သော့ဖွင့်ကာ ငွေရောင်လက်ကိုင်ကိုင်းကို အောက်သို့ဖိလိုက်သည်။ တံခါးကို တွန်းလိုက်၏။ ညင်သာစွာ ပွင့်ကာ တစ်ခန်းလုံးကို မြင်ရသည်။ တစ်ယောက်အိပ် ခုတင် တစ်လုံး။ ခြင်ထောင်တိုင်တွေ တန်းတွေကို ခေါင်းရင်းထောင့်တွင် ထောင်ထားသည်။ ခုတင်ဘေးတွင် လေးထောင့်စားပွဲနှင့် ကြိမ်ကုလားထိုင်တစ်လုံး။ ခုတင်ခြေရင်းတွင် ခေါက်ထားသော ပက်လက်ကုလားထိုင်တစ်လုံး။ အခန်းသည် အလျားဆန့်သည်။ ဆယ်ပေ ဆယ့်နှစ်ပေကျော်မျှ ရှိမည်မှန်း၏။ ခုတင်ခေါင်းရင်းတွင် ပြတင်းပေါက်။ ပြတင်းပေါက်၏ တစ်ဖက်စီတွင် မှန်ပြတင်းရှည်ကို အသေတပ်ပေးထား၏။ အလင်းရောင် ကောင်းစွာ ရသည်။

ခရီးဆောင်အိတ်ကို ခုတင်ခြေရင်းတွင် ချထားကာ တံခါးပြန်ပိတ်သည်။ စားပွဲ အောက်တွင်သွင်းထားသော ကုလားထိုင်ကို ထုတ်ပြီးထိုင်သည်။ ပြတင်းတစ်ဝက်မက ချထားသည့်ယင်းလိပ်ကို အပေါ်ဆုံးရောက်အောင် တင်လိုက်၏။ အလင်းသည် ပို၍ ဝင်လာ၏။ အခန်းကိုကာရံထားသော ကျွန်းသုံးထပ်သားတို့၏ အရောင်တွင် သူ့ကိုယ်ကို သဏ္ဍာန်မကွဲစွာ မြင်သည်။

ခြေအိတ်ချွတ်သည်။ ခုတင်ခြေရင်းသို့ ပစ်လိုက်၏။ ခန်းပြည့်ခင်းထားသော ဖယောင်းပုဆိုးသည် အစိမ်းရင့်ရောင် ကွက်တုံးတွေကျားသော အဖြူခံ။ ခြေဖဝါးသည် ဖယောင်းပုဆိုးနှင့် ထိ၏။ စေးကပ်ကပ်နေ၏။ သဲမှုန်တစ်မှုန် အထိအတွေ့မရှိ။

ထိုင်ရာမှထကာ စားပွဲဘေးသို့သွား၏။ ပြတင်း၏ အထက်အောက် ဂျက်တွေ ဖွင့်သည်။ မှန်တံခါးရွက်နှစ်ချပ်ကို တွန်းဖွင့်သည်။ ဆောင်းဦးလေပြည်၏ ယဉ်ကျေး သိမ်မွေ့သော အထိအတွေ့ကို ခံစားရသည်။ ပတ်လည်ဝရန်တာ၏ သံတန်းနှင့် သစ်သား လက်ရန်းကြားမှ ခြံဝင်းမြေကို မြင်သည်။ ဝင်း၏မြောက်ဘက်ရှိ မြေနိမ့်မြင့်တွေကို ပို၍ ကျယ်ဝန်းစွာ မြင်၏။ မြက်ခင်းပြင်၏တစ်ဖက်ရှိ ကုန်းမြင့်တွေ သစ်ပင်တွေကို တွေ့သည်။ အရှေ့မြောက်ဘက်သို့ ကြည့်၏။ သစ်ပင်တွေ ပြောက်တိပြောက်ကျားဖြင့် အမိုးချွန်း

mgyoe.com

အဆောက်အဦကို မြင်သည်။ ဘုရားရှိခိုးကျောင်း ဖြစ်မည်ထင်သည်။ ပြတင်းပေါင်တွင် လက်ထောက်ကာ ကိုယ်တစ်ပိုင်း အပြင်သို့ ညွတ်ပြီးကြည့်သည်။ ခြံထောင့်ရှိ အုတ်ရေကန်နှင့်ကပ်လျက် ပေါက်နေသော ချယ်ရီကိုင်းဖျားတချို့တွင် ချယ်ရီပွင့်သုံးလေးပွင့်။ နေရာအကွက်အတွင်းမှာ လှပစွာရှိနေသည်။ ချမ်းမြေ့ဖွယ်ကောင်းသော သဘာဝအခင်းအကျင်း။ ဥယျာဉ်စု အဝင်ဘက်ရှိအိမ်တွေကို ကျဲပါးစွာမြင်ရသည်။

ရှိသေးသည်ဟုသာ ပြောနိုင်တော့သော နေခြည်သည် ပါးလွှာနေ၏။

ပြတင်းမှ ကိုယ်ကိုရုပ်သည်။ ထိုစဉ် တံခါးခေါက်သံကြား၏။ တံခါးဖွင့်ပေးသည်။ ဟလျှင်ဟချင်း မြင်ရသောမျက်နှာမှာ စားစရာ သောက်စရာများ လာပို့ခဲ့သည့် အဒေါ်ကြီး။ မျက်လုံးချင်းဆုံမိက် သူ့ကို ပြုံးပြသည်။

"ခေါင်းအုံးတွေ ခြင်ထောင်တွေ ပြင်ပေးမလို့"

"ဪ ... ဟုတ်ကဲ့"

မွေ့ရာ ခေါင်းအုံးတွေကို ခုတင်ခေါင်းရင်းရှိ နံရံကပ်ဗီရိုထဲမှ ထုတ်ယူ၏။ ထိုအခါမှ ထိုနေရာတွင် ဗီရိုရှိသည်ကို သိလေသည်။ ခြင်ထောင်တိုင်တွေ တန်းတွေတပ်နေစဉ် သူကူပြီးတပ်သည်။ မွေ့ရာတွေ ခေါင်းအုံးတွေထုတ်ကာ နေရာချပေးသည်။ ခေါင်းအုံးစွပ်စွပ်နေစဉ် သူမေးသည်။

"ရေက ဘယ်မှာသွားချိုးရလဲ အဒေါ်"

"ညော့်ခန်း အရှေ့ဘက်ကနေ နှစ်ခန်းကျော်လောက်မှာ ရေချိုးခန်းရှိပါတယ်၊ အောက်မှာချိုးရင်တော့ ခြံထောင့်မှာ အုတ်ကန်ရှိပါတယ်"

"ဟုတ်ကဲ့ ..."

"ဆပ်ပြာတွေ ရေလဲတွေက ရေချိုးခန်းမှာရော အုတ်ကန်မှာရော ထားပေးထားပါတယ်"

"ဟုတ်ကဲ့အဒေါ် ... ကျေးဇူးပဲ၊ ပြီးတော့ ထမင်းစားတာ ဗမာဟင်း မရဘူးလား"

"ရပါတယ် ...၊ ဒါပေမဲ့ စားချင်တဲ့ဟင်းကို တစ်ရက်ကြိုပြောရင် အကောင်းဆုံးပဲ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျွန်တော်က ဒီမှာ တစ်ခါမှမတည်းဖူးတော့ သဘောမသိဘူး ဖြစ်နေလို့"

မျက်နှာ ဝိုင်းအစ်အစ်တွင် ပြုံးလာသည်။

"စနေနေ့တိုင်း ကုလားဟင်း ဗမာဟင်း ဟင်းစုံချက်တယ်၊ အဲဒီရက်ကတော့ မြို့ထဲက ချိုင့်ဆွဲမှာတဲ့သူရော လာစားသူရော ကားသမားတွေရော စုံတယ်လေ"

mgyoe.com

"ဟုတ်လား ... ကွန်းသာယာဆိုတာ ကျွန်တော်က ကြားသာကြားဖူးတာ၊ ခု ပထမဆုံး တည်းဖူးတာပါပဲ"

မွေ့ရာခင်း ခင်းရင်း သူ့ကို လှည့်ကြည့်သည်။

"မောင်ဟိုဒင်းက ဘယ်ကလာတာလဲ"

"ကျွန်တော်က ရန်ကုန်က လာတာပါ၊ ရန်ကုန်ဆိုပေမဲ့ ... ရန်ကုန်မြို့ပေါ်က မဟုတ်ပါဘူး၊ မြို့နဲ့ မိုင်နှစ်ဆယ်သာသာလောက်ကပါ၊ ဒီမှာ အစ်ကိုရှိလို့ ကျောင်းပိတ်ရက် လာတာ၊ အစ်ကိုက ခရီးထွက်သွားတာနဲ့ တစ်ပတ်ဆယ်ရက် ဒီမှာလာတည်းရတာပဲ အဒေါ်၊ ကျွန်တော့်နာမည်တင်မောင်ဆွေပါ"

ခေါင်းညိတ်သည်။ ကျဲသောသွားတို့၏ကြားတွင် ကွပ်ထားသော ငွေရောင် သည် ခပ်မှိန်မှိန်။ အသက်ငါးဆယ်ကျော်ခန့် ရှိပေလိမ့်မည်။ အသားညိုညို အရပ်ကပုသည်။ ဝဖိုင့်ဖိုင့်။

"အဒေါ်က ဒေါ်ကြိုင်၊ ကွန်းသာယာကို စကတည်းက ရောက်နေတာ၊ မောင်ကံဟိန်းက အဒေါ့်သား။ သူက ဒီမှာ အလုပ်လုပ်ရင်း စေတနာ ညကျောင်းတက်နေတယ်၊ မနှစ်က ရှစ်တန်းကျတယ်"

"စားဖိုမှူး ဦးလေးက ..."

"သူကလည်း အဒေါ်တို့လို ကွန်းသာယာ အမှုထမ်းပဲ၊ ဦးချစ်ထွန်းတဲ့၊ ဦးချစ်ထွန်း က ဆရာ ဦးမင်းစိန်တို့ဆီမှာနေတာ ကြာလှပြီ၊ အဒေါ်တို့ထက် သုံးလေးနှစ် စောမယ်"

"ဆရာ ဦးမင်းစိန် ဆိုတာက ..."

ခုတင်ခြေရင်းဘက်တွင် စောင်ကို အခေါက်လိုက် တင်ပြီးမှ –

"ကွန်းသာယာပိုင်ရှင်ပေါ့၊ သူတို့က ဖအေတစ်ခု သမီးတစ်ခု၊ စားသောက်ခန်း ထဲမှာ စောစောကထိုင်နေတာ သူ့သမီး မမင်းဝင်း"

"ဪ ..."

မမင်းဝင်း။ စိတ်ထဲမှ ရွတ်ကြည့်သည်။ ကြားနေကျ အမည်မျိုးမဟုတ်။ သုံးလုံးတွဲ လေးလုံးတွဲ ငါးလုံးတွဲ အမည်တွေထက် ဆန်းသည်ထင်၏။ မင်းသည် ဖခင်အမည်ထဲမှ။ ဝင်းသည် မိခင်အမည်မှ ယူထားခြင်းဖြစ်မည်လား မပြောတတ်။ မမင်းဝင်း မိခင်မရှိဟု ဒေါ်ကြိုင့်စကားအရ သိရသည်။

"မောင်တင်ဆွေက ကျောင်းသားလား"

"ဟုတ်ကဲ့ ..."

mgyoe.com

"ရန်ကုန်တက္ကသိုလ်မှာပေါ့"

"ဘယ်နှစ်တန်းရောက်ပြီလဲ'

ရှေးလူကြီးများနှင့် တက္ကသိုလ်ဘာသာစကားသည် အံဝင်ခွင်ကျ ဖြစ်ခဲ့သည်။ မည်သို့ ပြောရကောင်းမလဲ တွေးသည်။ ပထမအဆင့် ပြောကြည့်မည်အောက်မေ့၏။

'သိပ္ပံ'နဲ့ တစ်ဘွဲ့ရပြီးလို့ နောက်ထပ် မဟာသိပ္ပံဘွဲ့အတွက် ဒီနှစ်မှစတက်တဲ့ ကျောင်းသားပါ အဒေါ်"

ဒေါ်ကြိုင်သည် သူနားလည်အောင် တင်ဆွေ ကြိုးစားပြီးဖြေမှန်း သိဟန်တူ၏။

"ဆယ့်လေးတန်းလား ဆယ်ငါးတန်းလား"

မေးသူ ဖြေသူအတွက် အကောင်းဆုံးနှင့် အလွယ်ဆုံး။ သူ ပြုံးသည်။

"ဆယ့်လေးတန်းအောင်ပြီးလို့ ဆယ့်ငါးတန်း တက်နေပါတယ်"

ဒေါ်ကြိုင်သည် တံခါးဝတွင် ရပ်နေသည်။

"မမင်းဝင်းက မန္တလေးတက္ကသိုလ်မှာ ဆယ့်လေးတန်း ဘီအေအောင်ပြီးသား ရာဇဝင်တော့ တော်တော်တတ်ခဲ့တယ် ပြောတယ်"

သဘောပေါက်သည်။ မမင်းဝင်းသည် မန္တလေးတက္ကသိုလ်မှ သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သူ။ ဒေါ်ကြိုင်သည် အခန်းထဲမှမထွက်မီ 'လိုတာပြုတာရှိရင် ပြောပေါ့၊ ဟုတ်လား'ဟု ဆို၏။ 'ဟုတ်ကဲ့အဒေါ်'ဟု သူပြောသည်။ ဒေါ်ကြိုင်သည် တံခါးကို ပြန်ပိတ်သွားသည်။ ငြိးစိစိနေသောကြောင့် ရေချိုးရန် အင်္ကျီချွတ်သည်။ ခရီးဆောင်အိတ်ထဲရှိ ရှပ်အင်္ကျီလက်တို၊ လုံချည်၊ စွပ်ကျယ်နှင့် သွားတိုက်ဆေးဘူးကို ထုတ်ပြီး စားပွဲပေါ်သို့ တင်၏။

ရှပ်အင်္ကျီဟောင်းကို ခြေရင်းနံရံချိတ်တွင် မချိတ်မီ သစ်ခက်ရုပ်ကြွင်းကို ယူသည်။ စားပွဲပေါ်တွင် တင်သည်။

* * *

ရေလဲပိုင်းကို ရေစင်အောင်ညှစ်သည်။ အအေးသည် မနေ့ညနေက ရန်ကုန်မှာ မတူ။ ဆောင်းလာရာ မြောက်အရပ်နှင့် ပို၍နီးသောကြောင့် ဖြစ်မည်။ ရန်ကုန်၏ ဆောင်းလယ်ကာလတမျှ အေးလေသည်။ ကုန်းမြင့်ဒေသဖြစ်နေ၍လည်း ဆောင်းအေးသည်ကို သိသာစွာ ခံစားထိတွေ့မိခြင်း ဖြစ်ပေလိမ့်မည်။ ကိုယ်ပေါ်ရှိ ရေစက်တွေကို ရေလဲပိုင်းဖြင့် သုတ်သည်။ ထိုစဉ် ကွန်းသာယာ ဝင်းတံခါးဝတွင် မြင်းလှည်းနှစ်စီး

ရပ်သံကြား၍ ကြည့်သည်။ ကုန်းမြေမြင့်ဖွား အမျိုးသား အမျိုးသမီးတစ်စုကို အထုပ်အပိုးတွေဖြင့် တွေ့သည်။ ထိုခရီးသည်တွေ ဝင်လာပြီး မြင်းလှည်းနှစ်စီး ပြန်ထွက်သွားသည်။ ထိုစဉ် မော်တော်ဆိုင်ကယ်သံ တဖုံးဖုံးမြည်သံကြားသည်။ ကွန်းသာယာရှေ့သို့ ရောက်လာသည်။ ရှေး စစ်သုံး ဘီအက်စ်အေ မော်တော်ဆိုင်ကယ်။ ပြန်လည်မွမ်းမံထားပုံ ရသည်။ ဆေးရောင်သစ်သစ်၊ ကရိုမီရံရောင် တလဲ့လဲ့။

ကွန်ကရစ်ခင်းသော လမ်းအတိုင်း မောင်းဝင်လာသည်။ ဆင်ဝင်ဘက်သို့ မကွေ့။ သူ ရေချိုးနေရာဘက်သို့ မောင်းလာ၏။ အုတ်ရေကန်ဘေးသို့ရောက်သော် သူ့ကို လှမ်းကြည့်၏။ ငါးဆယ်တွင်းအရွယ် အမျိုးသားကြီး။ သိုးမွေးဦးထုပ် နားပတ်ဆွဲချထားသည်။ ဦးခေါင်းထက်ရှိ သိုးမွေးအစုအသီးကြောင့် ကြည့်ရင်း ပြုံးချင်သည်။ ကျွဲကော်ကိုင်းမျက်မှန်ကို ချွတ်ပြီး သိုးမွေးဦးထုပ်ကို ချွတ်သည်။ ဖြူဖွေးသော ဆံပင်တွေ။ နဖူးသည် အတော်ကျယ်နေ၏။ ထိပ်ပြောင်သည်အထိ ဆံပင်မကျွတ်သေး။ နှုတ်ခမ်းမွေးနှင့် ပါးမြိုင်းမွေး ရေးရေးတို့သည် ဆွတ်ဆွတ်ဖြူနေ၏။ ပြည့်ဖြိုးတင်းရင်းသော ပါးစုန့်နှစ်ဖက်တွင် အရေတွန့်ကြောင်းတွေ ထင်နေ၏။ ခြောက်ပေနီးပါးမျှ အရပ်ရှိမည်။ ထောင်ထောင်မောင်းမောင်း။ အသားသည် အညိုဘက်သို့ ခပ်လုလု။ နှုတ်ခမ်းမွေး နှစ်ဖက်အကြားရှိ အရေးအချိုင့်သည် ထင်းလျက်ရှိ၏။ ထူတင်းတင်းနှုတ်ခမ်းသည် ပြုံးယောင်ယောင်နှင့်ရှိ၏။ စူးရှသောအကြည့်သည် မော်တော်ဆိုင်ကယ် စက်သတ်စဉ်တစ်ကြိမ်၊ ဒေါက်ထောက်စဉ်တစ်ကြိမ် သူ့ထံသို့ ရောက်လာ၏။ နှုတ်ခမ်းသည် ပြုံးနေဟန်။

ဆိုင်ကယ်နောက်မှ ခြင်းနှင့် နောက်မြီး ဆောနှစ်ဖက်ရှိ သံခြင်းထဲမှ ပစ္စည်းပစ္စယအထုပ်တွေကို ကံဟိန်းက လာ၍ယူ၏။ ဦးမင်းစိန်ဆိုသူ ဖြစ်မည်ထင်၏။ ဦးမင်းစိန်သည် စစ်ဂျာကင်အင်္ကျီဇစ်ကို ဆွဲဖွင့်သည်။ စစ်ဘောင်းဘီဟောင်း ဝတ်ထားသည်။ တောဆင်းဖိနပ်ကို အုတ်ပြားတွင်တင်ကာ ခြေဆောင့်သည်။ ရွှံ့တွေသဲတွေ စင်အောင်ပြုပြီး အဆောက်အဦရှေ့သို့ လျှောက်သွားသည်။

* * *

ခြေလှမ်းကျဲကျဲ။ ဆောင့်နင်းခြင်း မဟုတ်သော်လည်း အခင်းနှင့် ဖိနပ်ခွာထိသံမှာ သွက်သွက်ပေါ်လာ၏။ လှေကားထိပ်သို့ သူရောက်စဉ် သမီး ထမင်းစားပြီးပြီလားဟု မေးသည့်အသံကြား၏။ သုံးလေးစားပွဲမျှ စားသောက်သူတို့နှင့် ဝိုင်းပြည့်နေ၏။ ထိုအသံတွေကြားတွင် အဖေနဲ့အတူစားဖို့ စောင့်နေတာမဟုတ်လားဟူသော မေးသံကြား

သည်။ တစ်ထစ်နှစ်ထစ်နင်းရင်း စားပွဲရှည်ဘက်သို့ သူကြည့်သည်။ ကောင်တာစားပွဲရှေ့တွင် ဦးမင်းစိန် ရပ်နေ၏။ အိတ်ထဲမှ တစ်စုံတစ်ခုကိုထုတ်ကာ –

"ဟောဒါ ဆီးငံစေ့၊ ဒါက နေကြာစေ့လှော်၊ ဒီမယ် ချစ်ကလက်ပီကေနှစ်ဘူး ရခဲ့တယ်"

မမင်းဝင်းသည် ခေါင်းညိတ်သည်။ စက္ကူအိတ်တွေကို လှမ်းယူသည်။ ထိုင်ခုံပေါ်မှ ဆင်းသည်။

"သမီး ... ထမင်းမစားသေးပါဘူး၊ အဖေပြန်လာမှ စားမလို့"

ကောင်တာစားပွဲရှည်အတိုင်း အတွင်းမှ သမီးဖြစ်သူက လျှောက်လာသည်။ ကလေးပေါက်စကို ချစ်သကဲ့သို့ ဂရုတစိုက်နှင့် ချစ်သောဖခင်က စားပွဲအပြင်မှ လျှောက်ကာလာသည်။

"သမီးမှာတဲ့ ဝက်ပေါင်ခြောက်လည်း ရတယ်၊ အသားက စပယ်ရှယ် ကောင်းဘယ်"

ဦးမင်းစိန်သည် ပြုံးကာ အားပါးတရပြောသည်။ မမင်းဝင်းသည် ဖခင်ကို တစ်ချက်သာ လှည့်ကြည့်ပြီး ခေါင်းညိတ်၏။ လှေကားထစ်တစ်ချိုးသို့ သူအရောက်တွင် မမင်းဝင်းသည် အဖေ ထမင်းစားတော့မယ် မဟုတ်လား၊ ထမင်းပွဲသွားပြင်ထားလိုက်မယ် ဟု ပြော၏။ လေယူလေသိမ်းသည် ရေခဲကဲ့သို့ အေးနေသည်။ အသက်ကင်းမဲ့သောအသံ။ သမီးနှင့် ဖခင်တို့၏စရိုက်သည် သိသာစွာ ခြားနားနေ၏။

ဖခင်သည် ရယ်ရယ်မောမော ပြောပြောဆိုဆိုနေတတ်သောသူ။ သမီးသည် ကျောက်ဆစ်ရုပ်တု ပြုံးရယ်ရွှင်လန်းခြင်းမရှိသူ။ ဖခင်၏ တက်ကြွသော သွားလာလှုပ်ရှားမှုတွေကို အမွေမရရှာသော သမီးကဲ့သို့ဖြစ်နေသည်။ မမင်းဝင်း၏အမူအရာကို မြင်ရခါစက စိတ်ထဲတွင် ချောချောမွေ့မွေ့ မရှိခဲ့သည်ကိုသာ သတိပြုမိသည်။ ဦးမင်းစိန်နှင့် နှိုင်းယှဉ်စရာဖြစ်လာသော် ဖီလာဖြစ်နေသည့်စရိုက်ကို ပီသစွာ မြင်လေသည်။ အပေါ်ထပ်ကြမ်းခင်းနှင့် မျက်လုံးတို့ တစ်ပြေးညီဖြစ်ချိန်တွင် ဦးမင်းစိန်၏ အားပါးတရ ရယ်သံကြားရလေသည်။

■

mgyoe.com

mgyoe.com

# [ ၂ ]

ရောက်ပြီး နှစ်ရက်သုံးရက်အထိကား ဒေါ်ကြိုင်နှင့်သာ ရင်းနှီးသည်။ ဒေါ်ကြိုင်သည် လက်ဖက်ရည်ကြမ်းကရားကို တစ်နေ့သုံးအိုး လာပို့သည်။ ဒေါ်ကြိုင်ကို အကြောင်းပြု၍ ကံဟိန်းနှင့် တစ်ခွန်းစနှစ်ခွန်းစ စကားပြောဖြစ်သည်။ ထမင်းစားချိန်၊ ကော်ဖီသောက်ချိန်၊ ရေချိုးချိန် အသွားအပြန် မျက်နှာချင်းဆုံမိလျှင် ပြုံးကြသည်။ နှုတ်ဆက်စကားဆိုဖြစ်ကြသည်။

ရောက်လာပြီး နောက်တစ်နေ့တွင် မြို့ထဲသို့သွားကာ လျှောက်ကြည့်သည်။ ဈေးထဲသို့ သွားသည်။ ရောမထီးကြီးများကို ဈေးဆိုင်အမိုးအဖြစ် အသုံးပြုသည်။ ဈေးတန်းထဲတွင် နံ့အောင် ကြည့်သည်။ မြို့တွင်းမှာ နာရီဝက်ပင်ကြာအောင် မလျှောက်ရ။ မူလနေရာသို့ ပြန်ရောက်သည်။ မြင်းလှည်းတစ်စီးငှားကာ ကားလမ်းဘက်သို့ သွားသည်။ လျှိုတွေ တောင်ကုန်းတွေဘက်သို့ ကြည့်သည်။ နေရာနံ့တော့မှ ကွန်းသာယာသို့ ပြန်သည်။ မွန်းလွဲခါနီးမှ ပြန်ရောက်သည်။ ရက္ခဗေဒဆိုင်ရာ ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထား သုံးခုရလာသည်။

ထိုသုံးခုစလုံးမှာ သက်လယ်ကပ် သက်တမ်းမှချည်း။ နောက်နေ့၊ နောက်နေ့တို့တွင် စားကျက်မြက်ခင်းတစ်လျှောက်သို့ သွားသည်။ တစ်နာရီ တစ်ချိန်ကျ နာရီခေါင်းလောင်းထိုးသော ဘုရားရှိခိုးကျောင်း၏ နောက်ဘက် တစ်မိုင်ကျော် နှစ်မိုင်နီးပါး သွားဖြစ်သည်။ ကားလမ်းကို လှမ်းမြင်ရသော နေရာသို့ပင် ရောက်သည်။ ထိုနေရာတွင် အောက်ခံကျောက်သားတွေကို မြက်ပင်တွေကြားမှ တွေ့သည်။ လျှိုနှင့် မတ်စောက်သော ချိုင့်ဝှမ်းတွေကို တွေ့သည်။

* * *

mgyoe.com

ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံတို့ နီးချေ ဝေးချေ လေသင့်သည့်အတိုင်း ကြားရ၏။

ကိုးနာရီထိုးပေပြီ။ နောက်နာရီဝက်ဆိုလျှင် စားသောက်ခန်း ပိတ်တော့မည်။ စားသောက်ခန်းမှာ မနက်ခုနစ်နာရီမှ ညကိုးနာရီခွဲအထိ။ အမှန်တွင် ကိုးနာရီဆိုလျှင် ခေါက်ဆွဲကြော်တစ်မျိုးသာ ရတော့သည်။ မြို့တွင်းမှ လာရောက်စားသောက်သူ မရှိတော့။ အဝေးပြေးကားဂိတ်မှ ကားဆရာအချို့သာ လာတတ်သည်။ များသောအားဖြင့် ဥယျာဉ်စု အတွင်းမှ အထုပ်၊ ချိုင့်ဆွဲသာ လာဝယ်သည်က များ၏။ ကိုးနာရီခွဲအထိ ဖွင့်ပေးရသည်မှာ တည်းခိုနေကြသူတွေအတွက် ရည်စူးထားခြင်းဟု ဒေါ်ကြိုင်ကပြောသည်။

တည်းခိုနေကြသူတွေ ပိုင်းဖွဲ့စကားပြောဖြစ်သည်မှာ ကိုယ့်အစု သူ့အစု စားပွဲပိုင်း ဖြစ်သည်မှာ ရှစ်နာရီခွဲလောက်တွင်မှ။ ဆယ်နာရီသာသာလောက်အထိ စားသောက်ခန်းထဲ တွင် နှစ်ယောက် သုံးယောက် တစ်စုစု ကျန်နေတတ်သည်။

ထိုအချိန်အထိ ဦးမင်းစိန်သည် ငွေသိမ်းစားပွဲအနီးရှိ ပက်လက်ကုလားထိုင်တွင် စိတ်ရှည်လက်ရှည် စောင့်ပေးသည်။ ရေနွေးကြမ်း၊ ကော်ဖီ၊ စီးကရက် အစရှိသည်ကို မှာသမျှရစေသည်။ တည်းခိုသူတွေ အိပ်ခန်းသို့တက်မှ သိမ်းစရာ သိမ်းသည်။ စားပွဲ အောက်ရှိ အအေးသက်သာအောင် ထားပေးသော မီးသွေးဖိုတွေ သိမ်းတန်သိမ်း ငြိမ်းတန် ငြိမ်းသည်။ တံမြက်စည်းလှည်းသည်။ ခုံတွေ နေရာတကျထားသည်။

ထိုနောက်မှ အပေါ်ထပ်သို့တက်သည်။ နောက်ဘက် အဆောင်ရှိ သူ့အခန်းသို့ သွားသည်။ တစ်ခါတစ်ရံ၊ ဧည့်ခန်းထဲတွင် စကားပြောနေသူ ဧည့်သည်အချို့နှင့် အာလာပ သလ္လာပ စကားပြောသင့်လျှင် ဝင်ပြောသည်။ စပ်စုရာလည်း မကျအောင်၊ တင်းမာလွန်း သော ပိုင်ရှင်အဖြစ်သို့လည်း မရောက်အောင်၊ ဖော်ရွေသော ဆက်ဆံရေး ပေါ်လွင်ရုံမျှ ဖြင့် ခင်မင်ရင်းနှီးစေသူ။

* * *

ဆယ်နာရီ ခေါင်းလောင်းသံကို အုတ်ရေကန်အနီးမှပဲ ထင်ရသည်အထိ လေကြောသင့်နေသည်။ ပြတင်းတံခါးတစ်ချပ်ကို ပိတ်သည်။ တစ်ချပ်ကို ဖွင့်ထားသည်။ ဆောင်းလေအေးသည် မပြတ် တိုးဝင်လျက်ရှိ၏။ ထိုစဉ် နားတွင် သဲ့သဲ့ကြားသည်။ သံသတ္တုပြားတို့၏ ဂီတသံ။ ပတ္တလား။ ခြံထဲမှလာသောအသံ။ တည်းခိုရိပ်သာ၏ နောက် ဘက်မှ အသံ။ ပြတင်းကို ပိတ်လိုက်သည်။ ပတ္တလားသံသည် ပျောက်ကွယ်သွား၏။

mgyoe.com

အခန်းထဲမှထွက်ကာ တံခါးပိတ်သည်။ ဧည့်ခန်း၏ မီးချောင်းနှစ်စုံ အလင်းအောက်တွင် စားပွဲတွေ ကုလားထိုင်တွေသာရှိသည်။ ဧည့်ခန်းနှင့် တောင်ဘက် ဝရန်တာအကြားရှိ တံခါးကို ဂျက်ဖြုတ်ကာ ဆွဲသည်။ ပတ္တလားသံသည် နားထဲသို့ စီးဆင်းလာ၏။ ဝရန်တာသို့ ထွက်၍ ရပ်၏။ ခြံထောင့်ရှိ ပျဉ်ထောင်အိမ်နှစ်ခန်းစလုံးသည် နီကြန်ကြန်မီးရောင်နှင့် ထင်းနေ၏။ အိမ်ရှေ့အထိသို့ကား မီးရောင်မရောက်။ တောင်ဘက် ဝင်းခြံတစ်ခုလုံးတွင် ကွန်းသာယာအပေါ်ထပ် လျှပ်စစ်အလင်းရောင်နှင့် ရှစ်ရက် ကိုးရက် ဆန်းစလရောင်သည် အရောင်ချင်း စပ်နေ၏။

တောင်ဘက်သို့ ရောက်သွားလေလေ လျှပ်စစ်မီးရောင်အား လျော့သွားလေလေ။ ဝေးသောနေရာတွင် ကျနေသည့်လရောင်ကို မြင်ရသကဲ့သို့ ပတ္တလားသံသည် ခပ်ဖွဖွ။ ဖော့ဖော့။ သီချင်းတစ်ပုဒ်၏ တေးသွားတော့မဟုတ်။ ယိုးဒယားသီချင်းထဲမှ တီးကွက်အစများ။ ပတ်ပျိုးတေးသွား အသံစမ်းရာအပိုင်းအစများ။ ကြည်နူးဖွယ် ကြားရသည်။ သံရှည်သံရှိန်လွှတ်ထားဟန်၊ ရုတ်ခြည်း ရပ်ဟန်များကို သတိပြုမိသည်။ စကားပြောသံတိုးတိုးကြားသည်။ ကံဟိန်းနှင့် ဦးချစ်ထွန်းတို့၏ အသံဟုသိသည်။ စကားလုံးမကွဲ။ ထို့နောက်၊ အငြိမ့်သီချင်းတီးဟန်နှင့် ကြားဖူးသည်ထင်သော တီးလုံးတီးကွက်ကို ကြားသည်။ စိတ်နှလုံးချမ်းမြေ့စရာညဟု ခံစားသိမှတ်မိသည်။

ညွတ်နူးစဖွယ် ဂီတသံသည် လတစ်ဝက်၏ အရောင်အဝါထဲတွင် ပျော်ဝင်၍နေ၏။

* * *

ခရမ်းချဉ်သီး ဝမ်းယောင်တွေကို ရွေး၍ ဆွတ်သည်။ ကံဟိန်းသည် ပလပ်စတစ်အဖြူရောင်ဆန်ခါခုံးကို လက်ဖဝါးခံကာ မ,ထား၏။ ဆန်ခါတစ်ဝက်မက ရူးပြီးချိန်တွင် သူ မေးသည်။

"ညက ပတ္တလားတီးတာ မင်းလား ညီလေး"

ကံဟိန်းက နှုတ်ခမ်းစေ့ထားပြီး ပြုံး၏။ ကံဟိန်း၏ နှုတ်ခမ်းသည် ပါး၍ အလျားပိုရှာန်သည်။ မျက်ရစ်မရှိသောကြောင့် ခပ်အစ်အစ်၊ ခပ်မို့မို့။

"ဘကြီး ဦးချစ်ထွန်း တီးတာပါ"

"ဟုတ်လား ... ညက အစ်ကို ဝရန်တာထွက်ပြီး နားထောင်နေတာ၊ နားထောင်လို့ ကောင်းတယ်၊ ဘကြီး ဦးချစ်ထွန်း လက်သံကောင်းတယ်"

mgyoe.com

 mgyoe.com 

သူ့ကို ပြုံးသည်။

"ကျွန်တော်က အခုမှ ပတ္တလားအတီး သင်မလို့ စိတ်ကူးနေတာ"

"သင်ဖို့ကောင်းတယ်ကွ ...၊ ဒီပတ္တလားက တူရိယာပစ္စည်းအနေနဲ့လို့ မသုံးသလောက်၊ တီးတဲ့သူလည်း မရှိသလောက် ဖြစ်နေပြီ၊ အငြိမ့်တွေမှာတောင် ပတ္တလားက မသုံးကြသလောက်၊ နယ်ကရွာခံ ဗျောအငြိမ့်လေးဘာလေးလောက်သာ ရှိကြတာ၊ အငြိမ့်တွေ ဇာတ်တွေမှာ ပတ္တလားနေရာကို အော်ဂင်တို့ ဆင်သဒိုက်ဇာတို့က အစားဝင်နေပြီပဲ"

ကံဟိန်းသည် ခရမ်းချဉ်ရွက်တွင် တွယ်နေသော ခူစိမ်းကောင်ကို ကြည့်ရင်း ခေါင်းညိတ်သည်။ အကိုင်းရင်းမှခွေကာ ခူကောင်ကို ခပ်ဝေးဝေးသို့သွားကာ လွှင့်ပစ်သည်။ ခရမ်းချဉ်ပင်တန်းသို့ ပြန်လျှောက်လာရင်းနှင့် –

"ဘကြီး ဦးချစ်ထွန်းက အငြိမ့်ထဲမှာ အတီးသမားလုပ်ခဲ့သေးတာ"

သူ အံ့အားသင့်သွားသည်။

"ဟုတ်လား၊ အံ့သြစရာပဲ"

သူ့ ဘေးမှ ဖြတ်လျှောက်ကာ –

"သူ့မိန်းမက ... လက်ထောက်မင်းသမီး၊ အငြိမ့်က ... ရန်ကုန်မှာ တော်တော်နာမည်ကြီးအငြိမ့်၊ ပြောတော့ ပြောဖူးတယ်၊ ကျွန်တော် မေ့နေလို့၊ သူက မောင်းဆိုင်းတီးတယ်၊ ပတ္တလားတီးတယ်၊ နှဲမှုတ်တတ်တယ်လို့ ပြောတယ်"

"ဟုတ်လား၊ တကယ် အံ့သြစရာ ကောင်းတာပဲ"

"သူ့မိန်းမဆုံးသွားတော့ ဘယ်အငြိမ့်မှ မလိုက်ဖြစ်တော့ဘူးတဲ့"

"သြော် ... ထမင်းဟင်းချက်တာလည်း တော်တာပဲ"

"အချက်အပြုတ်က အငြိမ့်ထဲမှာ အတီးသမားမလုပ်ခင် တော်လှန်ရေးမှာတုန်းကလည်း တပ်ထဲမှာ အချက်အပြုတ်တာဝန်ခံ၊ ဆရာကြီး ဦးမင်းစိန်တို့ တပ်မှာကတည်းက ချက်တတ်ပြုတ်တတ်ပြီးသားတဲ့၊ တစ်ခါတလေ ဆရာပြောလို့ သိရတယ်၊ တော်လှန်ရေးတုန်းက ငတ်တယ် ပြတ်တယ် မဟုတ်လား၊ ဟင်းမရှိတဲ့အခါ ထမင်းရည်ကို ငါးပိဆားပျားနဲ့ ဟင်းဖြစ်အောင် ချက်တတ်တယ်တဲ့၊ ပဲ၊ အာလူး၊ ပိန်းဥ၊ မျောက်ဥ ရလို့ကတော့ ဘာမှပြောမနေနဲ့တဲ့၊ ဟိုတယ်ဟင်း မစားဘူးမှတ်တဲ့"

ဦးချစ်ထွန်းကို မြင်သည်။ အံ့သြစရာပါလား အောက်မေ့၏။ တော်လှန်ရေးရဲဘော်ဟောင်း၊ အငြိမ့်အတီးသမား၊ စားဖိုမှူး၊ တစ်ကိုယ်ရေတစ်ကာယ။

"သားသမီးတွေ ဘာတွေကော"

mgyoe.com

"သားထောက်သမီးခံ မရှိခဲ့ဘူးတဲ့"

"သူ့ဆီက ဂီတပညာကို ရသလောက်ယူဖို့ ကောင်းတယ် ငါ့ညီ"

ပြုံး၍ ခေါင်းညိတ်သည်။

"လောလောဆယ်တော့ ကျွန်တော် ဂီတာပဲ လေ့ကျင့်ဖြစ်တယ်"

"ကောင်းပါတယ်"

ဂီတာသည် လူငယ်တွေကြားတွင် အလွယ်ဆုံးနှင့် စိတ်အဝင်စားဆုံး တူရိယာဖြစ်နေပေပြီ။ ငွေကြေးအရလည်း အလှမ်းမဝေး လက်ကွက်အရလည်း အမှတ်လွယ်သည်။ ပတ္တလားအတီးသင်ရန် စိတ်ကူးသည်ဆိုသော စကားတစ်ခွန်းသည်ပင်လျှင် တင်ကြိုချီးကျူးသင့်သော စကား။ ကံဟိန်း၏ ကျောင်းပညာနှင့်ပတ်သက်၍ စကားစပ်သည်။ ကံဟိန်းသည် သိပ္ပံဘက်သို့ ပို၍ စိတ်ထက်သန်ဟန်တူ၏။

စာမေးပွဲ တစ်နှစ်ကျသည်ကို ဝမ်းနည်းခြင်းမရှိ။ စိတ်ပျက်စကားမဆို။ စာတွေပိုပြီး ကြေညက်တာပေါ့ဟု ရယ်မောပြီး ပြောသည်။ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ကာ အားပေးစကားပြောတတ်သည်ကို သဘောကျသည်။ ဒီနှစ် အောင်အောင်ကြိုးစားပေါ့ဟု သူပြောသည်။ အောင်အောင်တော့ ကြိုးစားမှာပဲ၊ မအောင်လည်း နောက်တစ်နှစ်ပေါ့ဟု ပြောကာ ရယ်သည်။

အသက်မေးကြည့်သည်။ ဆယ့်ရှစ်နှစ်ဟု ဖြေသည်။ မင်း ... ငယ်ငယ်လေးပဲ၊ ဆက်သာကြိုးစားပါ၊ ဒီနှစ် အောင်ပါတယ်ဟု သူပြောသည်။ ညနေ ငါးနာရီမှ ရှစ်နာရီခွဲသည် ညကျောင်းတက်ရာအချိန်၊ ထိုအချိန်ကို အလုပ်ချိန်ထဲမှ ဖဲ့ပေးရ၍ မနက်လေးနာရီမှ ညနေလေးနာရီ လေးနာရီခွဲအထိ ကွန်းသာယာအလုပ်တွေ လုပ်ပေးသည်။ ကျောင်းပိတ်ရက်ဆိုလျှင် ဆိုင်ပိတ်သည်အထိ။ ကံဟိန်းက ရန်ကုန်အကြောင်း ရန်ကုန်တက္ကသိုလ်အကြောင်းတွေ မေးသည်။ သူပြောပြသည်။ တစ်ယောက်နှင့်တစ်ယောက် ပို၍ ရင်းနှီးလာသည်။

"ပိုင်ရှင် ဦးမင်းစိန်က တော်လှန်ရေးရဲဘော်ဟောင်းကိုး"

"ဟုတ်တယ် အစ်ကို၊ တပ်ကနေ အငြိမ်းစားယူတာ ဆယ်နှစ်ကျော်ကျော်ပဲ ရှိဦးမယ်၊ အဲဒီတုန်းက အဆစ်အမြစ်ကိုက်တဲ့ရောဂါက တော်တော့်ကို ဆိုးတာကြောင့်တဲ့။ အငြိမ်းစားယူပြီး ဒီမှာလာနေကတည်းက တွေ့ကရာစား သစ်ပင်ဥယျာဉ်စိုက် အကြမ်းပတမ်း လျှောက်လုပ်ရင်း ပျောက်သွားတာတဲ့၊ တပ်မှာ ဘကြီးဦးချစ်ထွန်းနဲ့တွေ့တုန်းက ဘကြီးက တပ်သား၊ ဆရာက တပ်ကြပ်ကြီးတဲ့"

mgyoe.com

 mgyoe.com 

ဦးချစ်ထွန်း၏ ဆရာ … ဆရာအခေါ်ကို ယခုမှ သဘောပေါက်စရာ ရလာသည်။

"ဦးမင်းစိန်က ပျော်ပျော်နေတတ်တဲ့သူပဲ"

ခြံပြင်ဘက်သို့ သူ လှမ်းကြည့်ကာ ပြောသည်။

"ဟာ … ဆရာကတော့ ပြောမနေနဲ့၊ စိတ်ညစ်တယ်လို့ မရှိပါဘူး"

"သားအဖနှစ်ယောက်က စရိုက်ချင်းသိပ်မတူဘူး ကံဟိန်းရ"

ကံဟိန်းသည် သူ့ကိုကြည့်ကာ တစ်ချက်ပြုံးသည်။

"အင်း … အင်းပေါ့လေ"

ထိုမျှသာ ပြောသည်။ ကံဟိန်း၏နှုတ်ခမ်းအလှုပ်တွင် ပါလာသော စကားတို့သည် ပြောရန်ရည်ရွယ်သည်တို့ ကျန်နေသည့်လက္ခဏာရှိသည်။ ကံဟိန်း စကားရပ်သည်။ သူ ဘာမျှမပြောဖြစ်အောင် နေလိုက်သည်။ ကံဟိန်း၏အပြုံးသည် လျှို့ဝှက်စရာတစ်ခုခုနှင့် ငြိနေသည်ဟု အောက်မေ့၏။

* * *

မှတ်စုစာအုပ်ထဲတွင် ရေးမှတ်နေခိုက် တံခါးခေါက်သံ ကြားသည်။ တံခါးထ၍ ဖွင့်ပေးသည်။ လက်ဖက်ရည်ကြမ်း ကရားနှင့် ဖန်ခွက်တစ်လုံးကို ဒန်လင်ပန်းထဲတွင် တင်ထားသည်။ ဒေါ်ကြိုင်ကို ကျွန်တော်လာယူမှာပေါ့ အဒေါ်ရယ်၊ ဘာလို့များ လာပို့နေရတာလဲဟု ပြောသည်။ ကိစ္စမရှိပါဘူးဟု ဒေါ်ကြိုင်ပြောသည်။ သူ ကုလားထိုင်ကို ရွှေ့သည်။ လင်ပန်းကို လှမ်းယူသည်။ ကော်ဖီသောက်ဖို့ အောက်ကို မဆင်းသေးဘူးလားဟု မေးသည်။ ထမင်းစားကောင်း၍ ဗိုက်တင်းနေကြောင်း သူဖြေသည်။ ဟုတ်တယ် မောင်တင်ဆွေ ထမင်းစားတာ ကြည့်နေတယ်၊ ရောက်ခါစက သိပ် ဟက်ဟက်ပက်ပက် မစားဘူး၊ ဒီနေ့မှစားတာ တော်တော်မြိန်တယ်နဲ့ တူတယ်ဟု ပြုံး၍ ပြောသည်။ ထိုင်လေအဒေါ်ဟု ပြောသည်။ ဒေါ်ကြိုင်က ကုလားထိုင်နောက်မှီတွင် လက်ထောက်ထားရင်း နေပါစေဟု ပြောသည်။

"မနေ့က … မင်းဆွဲပေးတဲ့ အဒေါ့်ပုံတူကို ကံဟိန်းက အတော်သဘောကျနေတာ"

သူ ပြုံးသည်။ သူ့ခဲခြစ်ပုံတူကို ကံဟိန်း တောင်း၍ ပေးလိုက်သည်။ ဒေါ်ကြိုင်အိုးတိုက်နေစဉ် သူ ကောက်၍ခြစ်ထားသည်ကို ကံဟိန်းတွေ့သည်။ အစ်ကို ပုံတူ အဆွဲ

mgyoe.com

ကောင်းသားပဲဟုပြောကာ ကျွန်တော့်ပေးဗျာဟု တောင်း၏။

"ကိုချစ်ထွန်းက အဲဒီပုံကြည့်ပြီး မောင်တင်ဆွေကို တယ်တော်တဲ့ ပန်းချီဆရာပဲလို့ ချီးကျူးတယ်ကွယ့်"

ပြုံးလက်စ သူ့မျက်နှာကို ဒေါ်ကြိုင်က မော့ကြည့်သည်။

"ကွန်းသာယာမှာ ရှိတဲ့သူတွေကို တစ်ပုံစီဆွဲပေးမလို့"

"ကောင်းတာပေါ့"

"မမင်းဝင်းပုံကျတော့ ဆွဲလို့မကောင်းဘူး အဒေါ်ရ"

မျက်ခုံးစုံပင့်သည်။ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ဘာဖြစ်လို့ဟု မေးသည်။

"သူ့မျက်နှာက မပြုံးမရယ်နဲ့၊ တစ်မျိုးကြီးဖြစ်နေလို့"

ဒေါ်ကြိုင်သည် သွားတွေပေါ်အောင်ပင် ပြုံးလေသည်။

"တော်ကြာ … သူ့ပုံဆွဲရကောင်းလားဆိုပြီး ရန်တွေ့မှာလည်း စိုးရသေးတယ်"

ရယ်သံသည် ခန္ဓာကိုယ်နှင့် မလိုက်အောင် သေးလှသည်။ အနည်းငယ်စူးသည်။ ပေါင်းထားသော တဘက်ဖြူကို ဖြေကာ ပြန်လည်ပေါင်းသည်။ ထို့နောက် –

"သူက … အရင်တုန်းက ဒီလိုမဟုတ်ဘူး၊ အဒေါ်တို့ ဒီရောက်စက သူ့ဖအေလိုပဲ၊ ပျော်ပျော်ရွှင်ရွှင်နေတဲ့ မိန်းကလေး၊ ပြဿနာတစ်ခုပေါ်ပြီးတဲ့နောက် အဲသလို ဖြစ်သွားတာပဲ၊ ဆရာလည်း သူ့အပြစ်ကြောင့် ဖြစ်ရတယ်ဆိုပြီး ခုထိ စိတ်ထိခိုက်နေတယ်"

ပြဿနာဆိုသော စကားသည် နားတွင် မထင်မှတ်လျက် စွဲသွား၏။ မေးလျှင် ရိုင်းရာကျမည်စိုး၍သာ မမေးဖြစ်သည်။ စိတ်ဝင်စားမှုသည် ရင်ထဲတွင်ထိုးနေ၏။ ပျော်ရွှင်စွာ နေတတ်သော မိန်းကလေးတစ်ဦး၏ဘဝကို အဘယ်မည်သောအကြောင်းရပ်က မြေလှန်သကဲ့သို့ ဖြစ်သွားစေလေသနည်း။ သြော်ဟုသာ ခေါင်းညိတ်မိလိုက်၏။ ဒေါ်ကြိုင်က–

"အဒေါ်တို့လည်း တွေးမိရင် စိတ်မကောင်းဖြစ်ရတာပါပဲ"

"အံ့သြစရာပဲ အဒေါ်"

"လူတစ်ယောက်ရဲ့ စိတ်ဓာတ်ကို လုံးဝဥသုံ ပြောင်းသွားစေတာကို အဒေါ်တို့ အံ့လည်းအံ့အားသင့်တယ်၊ စိတ်ထဲလည်း တော်တော့်ကို မကောင်းဖြစ်ရတယ်ကွယ့်၊ ဘယ်ကွယ် … အရင်က သူ ဒီလိုမှမဟုတ်တာ၊ အမြဲတမ်း ပျော်နေ၊ အမြဲတမ်း ဖျတ်ဖျတ်လတ်လတ်၊ ခုဟာက … သူ့မျက်နှာမှာ ပြုံးတတ် ရယ်တတ် ငိုတတ်တဲ့ အာရုံကြောတွေ ရှိမှရှိရဲ့လား ထင်ရတယ်"

mgyoe.com

mgyoe.com


သူပြောချင်သည့်စကား အသုံးအနှုန်းကို ဒေါ်ကြိုင့်စကားအဆုံးတွင် ကြားလိုက်ရသည်။

"တော်ရုံ ပြဿနာမဟုတ်လို့ နေမှာပေါ့၊ မမင်းဝင်းလည်း ပညာတတ်တစ်ယောက်ပဲ အဒေါ်၊ သူ့စိတ်သူ ထိန်းနိုင် ပြုနိုင်တဲ့ အနေအထားပဲဟာ"

ဒေါ်ကြိုင် ခေါင်းညိတ်သည်။

"သူ့အဖေကို သူ သိပ်ချစ်လွန်းလို့ ဖြစ်တာလည်း ပါတယ်ကွယ့်၊ အဖေသာဆိုရတာ မအေလည်းမအေ၊ သူ့အမေက သူ လသမီးလေးမှာပဲ ဆုံးသွားတာ၊ ဆရာက ... နို့ဘူးတိုက်ပြီး မွေးခဲ့ရတာ၊ ကိုချစ်ထွန်းတို့ဆိုရင် နို့ဘူးဖျော်တိုက်၊ ချီပြုပြီး ကလေးသိပ်ရတဲ့သူတွေပေါ့"

မမင်းဝင်း၏ အတ္တုပ္ပတ္တိသည် ကြေကွဲစရာဖြင့် စတင်ခဲ့ခြင်းပါလားဟု ကြားသိရသည်။ ဟုတ်လားဟု သူ စကားထောက်ပေးသည်။

"သူ ... ခုလို အေးတိအေးစက်ဖြစ်သွားတာ ကြာပြီပေါ့"

"ဟင့်အင်း ... မန္တလေးတက္ကသိုလ်က ဘွဲ့ရပြီး နောက်နှစ်ကျမှ အင်း ... တစ်မြန်နှစ်ကမှ ..."

"သူ့မအေက သူငယ်ငယ်လေးတည်းက မရှိတော့တာကိုး"

"အခါလည်သမီးတောင် မရှိသေးဘူးနဲ့တူပါတယ်၊ သူ့မအေက ဒေါ်ဝင်းအိတဲ့"

မိခင်၏အမည်ထဲမှ တစ်လုံးယူထားမည်တွက်သော တွက်ကိန်းက မှန်သွားလေသည်

"မီးယပ်ရောဂါနဲ့ ဆုံးသွားတယ်လို့ ဆရာပြောသံကြားရတယ်"

သူ ခေါင်းညိတ်သည်။

"မမင်းဝင်းက အသက်ဘယ်လောက်ရှိပြီလဲ"

"အစိတ် မပြည့်တတ်သေးဘူး"

"ဪ ..."

သူ့ထက်သုံးနှစ်ငယ်သည်။ အသက်ထက် ပို၍ရင့်နေသည့် မမင်းဝင်း၏ မျက်နှာထားကို လှစ်ခနဲမြင်သည်။

"တချို့က ... အကြောင်းမသိတော့ ဒီကလေးမလေးက မာနကြီးတယ်၊ ဘဝင်မြင့်တယ်၊ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ ဘာဘာညာညာ တွက်ကြပြောကြတာပေါ့ကွယ်၊ အဒေါ်တို့က တယ်လည်းမပြောချင်လို့၊ မကောင်းဘူးလေ၊ ဆရာကဆိုရင် အဲဒီ

mgyoe.com

အကြောင်းကို ပြည်ဖုံးကားကို ချထားတာ၊ သူ့သမီးကို အရင်ကထက်တောင် ပိုပြီး ဂရုစိုက်တာ၊ မင်းတို့ အမြင်ပဲ၊ တကယ့်ပီဘိ ကလေးလေးလို့"

သူ တွေ့ေနစဉ်၌။ ဒေါ်ကြိုင်က အပြင်သို့ထွက်ရန် ခြေလှမ်းပြင်ရင်း တစ်နေ့ကျမှ အေးအေးဆေးဆေး ပြောပြမယ်။ တနင်္ဂနွေနေ့လို သူတို့သားအဖ ဘုရားရှိခိုးကျောင်းသွားမှ ပြောပြမယ်ဟု ပြောသည်။

"သြော် ... ခရစ်ယာန်ဘာသာဝင်လား"

ဒေါ်ကြိုင်က –

"မအေက ခရစ်ယာန်၊ ဦးမင်းစိန်က ဘုရားရှိခိုးကျောင်းလည်း တက်တယ်၊ ဗမာ ဘုန်းကြီးကျောင်းမှာလည်း ဉပုသ်စောင့်တယ်၊ မမင်းဝင်းက သူ့ မအေကုသိုလ်ရအောင် တနင်္ဂနွေဆို ဘုရားရှိခိုးကျောင်းမှာ ဝတ်တက် ဆုတောင်းတယ်ကွယ့်"

သူ ခေါင်းညိတ်နေစဉ် –

"ဆရာက ဘယ်ဘာသာမဆို ရိုသေတယ်၊ လျှုတယ် တန်းတယ်"

လူပေါင်းဆံ့သော လူချစ်လူခင်များသော ဦးမင်းစိန်ကို ဖျတ်ခနဲမြင်သည်။ လူတိုင်းနှင့် လိုက်လျောညီထွေစွာ ဆက်ဆံတတ်ပုံကို သတိပြုမိခဲ့သည်မှာ မြင်စနေ့မှပင်။ ဒေါ်ကြိုင်သည် ကိုင်း ... သွားမယ်၊ လိုတာရှိရင် ပြောဟုဆို၏။ ဟုတ်ကဲ့ သည့်အချိန်တွင် ထိုသားအဖသည် ဦးနှောက်ထဲသို့ ရောက်၍နေလေ၏။ စိတ်လှုပ်ရှားခြင်းကို မမြင်ရလောက်အောင် ဖြစ်နေသူ အမျိုးသမီး။ မမင်းဝင်းကို တွေ့သည့်နေ့မှ ကြည့်မြင်သည့် အာရုံကို ရအောင် ပြန်လည်ယူသည်။ စိတ်ဓာတ်ကျဆင်းနေသူ၏သဏ္ဍာန်ဟု ယခုမှ သဘောပေါက်လေသည်။ ထိုမိန်းကလေး၏ နေမြဲ ပင်ကိုသဘာဝကို ဖျက်ဆီးသော အကြောင်းတရားပမာဏ။ စိတ်ဝင်စားလွန်းမိမည့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နေရသည်။

* * *

ငွေသိမ်းစားပွဲရှည်တွင် ထိုင်နေသည်။ ရုပ်ပြစာအုပ်နှင့် မဂ္ဂဇင်းကို ဖတ်သည်။ ငွေလက်ခံသည်။ အမ်းသည်။ တစ်ခါတစ်ရံ ဝင်းခြံဝသို့ ငေးနေသည်။ တစ်ခါတစ်ရံ ပြတင်းဘက်သို့ ငေးသည်။ ဗီရိုတွင် မှီသည့်အခါ မှီသည်။ ကိုယ်ကိုမတ်မတ် ထားချင်ထားသည်။ ဆိုင်ထဲတွင် စားသောက်နေသူ ပါးသွားသည်။ ပုံဆွဲစာရွက်ကို ထုတ်ယူကာ စားပွဲပေါ်တွင် ဖြန့်သည်။ ဗီးနပ်အမျိုးအစား ပုံဆွဲခဲတံသုံးချောင်းကို အိတ်ထဲမှထုတ်သည်။ နောက်မှီနေကာပြတင်းဘက်သို့ ငေးခိုက် ပုံကြမ်းလောင်းသည်။ မမင်းဝင်း၏

mgyoe.com

mgyoe.com

ဆံပင်တို့သည် ဖြီးထားခါစကလောက် သပ်ရပ်မှုမရှိ။ ခပ်ဖွာဖွာ။ နဖူးနှင့်ပါးဘက်တွင် ကျနေသည်။ မျက်လုံးသည် မှိုင်းနေ၏။

နှာတံရင်းသည် မပေါ်လွင်။ နှာသီးဖျားတို့၏ တုတ်ခြင်းကျုံ့ခြင်းမရှိ။ နှုတ်ခမ်း အနေအထားသည် လှပသည်မှန်သော်လည်း အပြုံးအရယ်ကင်း၍ မတင့်တယ်။

ပြုံးသောအခါ ရှိမည့်နှုတ်ခမ်းပုံပန်းကို စိတ်ကူးဖြင့်ဖမ်းသည်။ ခက်ခဲလှသည်။ နှုတ်ခမ်းထောင့်တို့သည် ခပ်ဖွေဖွေကွေးကာ မြင့်သွားမည်လား၊ ဘေးနှစ်ဖက်သို့ ရွေ့သွား ရုံမျှလား။ ပါး၏ အရေးအရစ်သည် ဘယ်သို့ပေါ်လွင်သည်မသိ။ ပါးစုန့်သည် စုန့်၍ တက်လာသလား၊ ပြေပြေ ကြွလေသလား၊ စိတ်ကူးဖြင့်သာ ပြုံးပုံကို မှန်းဆ၍ရသည်။ ခဲအထူအပါးဖြင့် အချောသတ်နေစဉ် –

"တကယ်ကောင်းတဲ့ လက်ရာပဲ"

သူ လန့်သွားသည်။ ခဲတံကိုင်ထားသောလက်သည် တွန့်သွား၏။ မော့ကြည့် သည်။ မျက်နှာချင်း မဆိုင်မိစဉ်ကပင် ဦးမင်းစိန်ဟု သိသည်။ ဦးမင်းစိန်၏ မြို့ထဲသွား ခြင်း ပြန်ခြင်းသည် မော်တော်ဆိုင်ကယ်သံဖြင့် သိနိုင်သည်။ ယခုသော် ဘာသံမျှမကြားရ။ ဦးမင်းစိန်၏မျက်လုံးသည် ပုံတူတွင်။ နှစ်နှစ်ကာကာ ပြုံးကာကြည့်နေသည်။

"ဟုတ်တယ်၊ သူပြုံးရင် ဒီအတိုင်းပဲ"

သူ အားနာသွားသည်။ သမီး၏ပုံတူကို တိတ်တဆိတ် ရေးဆွဲနေခြင်းသည် စိတ်ဆိုးမည်ဆိုက ဆိုးစရာ။ ဆိုးတတ်သူအဖို့ အပြော ပြောစရာ။

"ဦး ... မော်တော်ဆိုင်ကယ်သံ မကြားရပါလား"

"ပျက်လို့ ... မြို့ထဲက ဝပ်ရှော့မှာ ထားခဲ့ရတယ်"

"ကျွန်တော် ပုံတူဆွဲပေးတာ ဦးတစ်ယောက်အတွက်ပဲ ကျန်တော့တယ်၊ ကံပိုင်း ပုံရော ... ဒေါ်ကြိုင်ပုံရော ... ဦးလေး ဦးချစ်ထွန်းရဲ့ပုံရော ... ခု ... ဒီပုံရော၊ ဦးကိုလည်း ဦးအလုပ်တစ်ခုခုလုပ်နေတုန်း ဆွဲပေးရမယ်"

ပြုံး၍ ခေါင်းညိတ်သည်။ စိတ်သက်သာရာ စကားပြောဖြစ်လိုက်၍ မျက်နှာအပူရ အနည်းငယ် လျော့သွားသည်။ ဦးမင်းစိန်သည် ခဏဟုပြောကာ ပုံတူစာရွက်ကို တောင်း ၏။ သူ့လက်နှစ်ဖက်ဖြင့် ပေးသည်။ ဦးမင်းစိန်သည် စာရွက်ကို စာရွက်ထောင့်နှစ်ထောင့်မှ ကိုင်ကာ သမီးထံသို့ လျှောက်သွား၏။ သူ လှမ်းကြည့်နေသည်။ မမင်းဝင်းသည် ပြတင်း သို့ ငေးမြင်ငေးနေ၏။

သမီးဟု ဦးမင်းစိန် ခေါ်၏။ သမီးပုံ ဒီမှာကြည့်စမ်းဟု ပြောပြီး ပေး၏။ မမင်းဝင်း

mgyoe.com

mgyoe.com

၏ မျက်နှာသည် ဖြည်းဖြည်းလှည့်လာ၏။ စားပွဲပေါ်တွင် အလိုက်သင့်တင်ပေးသော ပုံတူစာရွက်ကို ကြည့်၏။ ဦးမင်းစိန်က ခါးလှည့်ကာ သူ့ထံသို့ လက်ညှိုးညွှန်ရင်း သူဆွဲတဲ့ ပုံလေဟု ပြောသည်။ မမင်းဝင်း၏ အသက်ကင်းမဲ့သောအကြည့်သည် သူ့ထံရောက်လာ၏။ မျက်တောင်မခတ်။ တစ်ခဏသာ။ ဦးမင်းစိန်၏ပြန်လှည့်သော ကိုယ်နှင့် ကွယ်သွား၍ စကားလုံး မသဲကွဲစွာ ကြားသည်။ နှုတ်ခမ်းအလှုပ်ကို မြင်ရလျှင် စကားကို မှန်း၍ရနိုင်သည်။

ဦးမင်းစိန်သည် ပုံတူစာရွက်ကို မမင်းဝင်းလက်မှယူကာ သူ ထိုင်နေရာသို့ လျှောက်သည်။ တစ်လှမ်းနှစ်လှမ်း လှမ်းရသေးသည်။ အဖေဟူသောခေါ်သံကြောင့် သမီးထံသို့ ပြန်သွားသည်။ တိုးလွန်းသောအသံကြောင့်သူ မကြား။ ဦးမင်းစိန် ခေါင်းညိတ်သည်။

"သမီးက အဲဒီပုံ သူ့ကိုရောင်းပါတဲ့"

သူ ပြုံးသည်။

"ဒေါ်ကြိုင်တို့ကိုလည်း ပုံတူရေးပြီးရင် ကျွန်တော် လက်ဆောင်ပေးတာပါပဲ၊ ကျွန်တော် မရောင်းပါဘူး၊ လက်ဆောင်ပေးပါ့မယ်၊ ခဏလေး ... ကျွန်တော် အချောသတ်လိုက်ဦးမယ်"

နှုတ်ခမ်းနှင့် နှာတံတွင် ခဲအနည်းငယ်တို့ကာ ချောသည်။ ထိုအချိန်တွင် ဦးမင်းစိန်က သူ့စကားလုံးတွေအတိုင်း သမီးကို လှမ်းပြောသည်။ မျက်လွှာလှန်ကာ ခေါင်းငုံ့ထားရင်းမှ သူ လှမ်းကြည့်သည်။ ထိုနောက် ဆံပင်နေရာတွင် ခဲပွထူထူတစ်ချက်နှစ်ချက်လိုက်သည်။ ရင်ညွှန့်ကို ခဲသား အားဖြည့်မည်စိတ်ကူးသည်။ ဦးမင်းစိန်က ငုံ့ကြည့်နေ၍ ရေးထားပြီးသားအတိုင်း ထားသည်။ ပုံကြီးတစ်ပုံ ရေးဆွဲပေးရလျှင် ကောင်းမည် စိတ်ကူး၏။ ယခုစာရွက်က ဆယ်လက်မ ဆယ့်ငါးလက်မ။ စာရွက် ညာဘက်အောက်ထောင့်တွင် သူ့အမည်ကို ရေးသည်။ နေ့စွဲ တပ်သည်။ လက်မှတ်ထိုးလျှင် အဖတ်ရခက်မည် စိုးသည်။ ဦးမင်းစိန်၏ လက်ထဲသို့ ပုံတူစာရွက်ထည့်သည်။

"ကျေးဇူးပဲ မောင်တင်ဆွေ၊ သမီးက ဒီပုံကို သူ့အိပ်ခန်းထဲမှာ ချိတ်ထားချင်တယ်တဲ့၊ မနက်ဖြန်ကျရင် သေသေချာချာ မှန်ပေါင်သွင်းထားရမယ်"

မမင်းဝင်းထံသို့ သွားကာ ပုံတူစာရွက်ပေးသည်။ သူထိုင်ရာမှ ထသည်။ ခဲတံတွေကို အိတ်ထဲသို့ ထည့်သည်။ ကုလားထိုင်ကို နေရာတကျပြန်ထားပြီး လှေကားသို့ သွား၏။ ထိုစဉ် ဦးမင်းစိန်က အိမ်ရှေ့ဘက်သို့ သွားရင်း သူ့ကို ပြုံးသည်။ လှေကား

mgyoe.com

mgyoe.com

လက်ရန်းထိပ်တွင် ဖိနပ်ချွတ်သည်။ မမင်းဝင်းထံသို့ သူ ကြည့်၏။ မမင်းဝင်း၏မျက်လုံးသည် သူ့ထံသို့ တကြည့်တငေး ရောက်လာ၏။ သူ ဦးမင်းစိန်၏နောက်ကျောကို လှမ်းကြည့်ပြီး မမင်းဝင်းကို ပြုံး၏။

မမင်းဝင်းသည် ပြန်လည်ပြုံးခြင်းမရှိ။ ကြည့်၍သာနေ၏။ ထိုနောက် ပုံတူစာရွက်ကို ငုံ့ကြည့်နေသည်။

■

mgyoe.com

mgyoe.com

# [ ၃ ]

စည်းရိုးဘေးမှဖြည်းညင်းစွာ လမ်းလျှောက်သွားသော မမင်းဝင်းကို ပြတင်းမှ လှမ်းကြည့်သည်။ မမင်းဝင်း၏ ခြေလှမ်းတို့သည် လေးလံနေသည်လည်းမဟုတ်။ ပေါ့ပါးနေသည်လည်းမဟုတ်။ ဝတ်ကျေတမ်းကျေ လမ်းလျှောက်နေရသူ၏ ခြေလှမ်းမျိုး။ လက်လွှဲဟန်သည် အားမရ။ အပြာပွင့် အစိမ်းနုပွင့်ရိုက် ထဘီအင်္ကျီဆင်တူသည် လူထက်ပို၍လွင်နေသည်။ အဝတ်အစားတွေက သစ်လွင်နေသော်လည်း စိတ်ဓာတ်သည် နွမ်းလှသည်။ ဖြန့်ချထားသောဆံပင်သည် နက်မှောင်ကာ စိုနေ၏။ ထိုအမျိုးသမီးရင်ထဲတွင် အဘယ်သို့ရှိနေသည်ကို သိချင်သည်။ လှပနုပျိုသော ကိုယ်နှင့်မလိုက်အောင် စိတ်တွေ အိုမင်း ဆွေးမြည့်နေသည်ဟု ခံစားရသည်။ မမင်းဝင်းကို မြင်ရသည်မှာပင် အလိုလို ထိုင်းမှိုင်းလာသည်။ တက်ကြွခြင်းမရှိသောသူ၏ အမူအရာတို့သည် ကူးစက်လာမည်လား ထင်ရ၏။

စိတ်အိုသောသူ၏ ဘဝကို စိတ်ထဲမှ မဖျောက်နိုင်အောင် အာရုံရောက်နေ၏။

* * *

မန္တလေးတက္ကသိုလ်မှ ဘွဲ့ရလာသည့်နှစ်တွင်ဟု ဒေါ်ကြိုင် စတင်ပြောသည်။ နောက်ဆုံးနှစ်ရောက်ချိန်တွင် ဦးမင်းစိန်သည် သမီးဖြစ်သူကို အိမ်ထောင်ချပေးမည့်စကား ပြောသည်ဆို၏။ မမင်းဝင်းက သမီးလည်း ဘွဲ့ရရော အဖေက သမီးကို ယောက်ျားပေးစား ပြီး လွှတ်တော့မှာကိုးဟု ပြောသည်ဟု သိရသည်။ ဒေါ်ကြိုင်ကို အဖေက ကျွန်မကို မချစ်တော့ပါဘူး။ အိမ်ထောင်ချပေးပြီး ယောက်ျားနောက်ကို လိုက်သွားခိုင်းတာပဲဟု

mgyoe.com

 mgyoe.com 

ပြောသည်။ ဘယ်ဟုတ်မလဲကွယ်၊ မိန်းကလေးဆိုတာ အချိန်တန်အရွယ်ရောက်ရင် အိမ်ထောင်ပြုရတာပါပဲ။ မိဘမှာ ဝတ္တရားရှိလို့ စီစဉ်ပေးတာပဲဟု ဒေါ်ကြိုင် ပြောသည်။ မမင်းဝင်းသည် ဖခင်၏အစီအစဉ်ကို ကန့်ကွက်ခြင်းမရှိခဲ့သော်လည်း ဖခင်၏ရှေ့တွင် မျက်နှာတစ်ပတ်မညှိုးစေခဲ့ဟု ပြောပြသည်။

ဦးမင်းစိန်က နောက်ဆုံးနှစ်စာမေးပွဲဖြေအပြီးတွင် သဘောတူထားသူကို ထုတ်ဖော်ပြောသည်။ လူကြီးချင်း ခင်မင်ရင်းနှီးသူ။ မမင်းဝင်းနှင့် လက်ထပ်ပေးလိုသော သတို့သားလောင်းနှင့် မိသားစုကို အလည်လာစေသည်။ ထိုအမျိုးသားမှာ မမင်းဝင်းထက် ရှစ်နှစ်ကျော် အသက်ကြီးသည်။ စိုက်ပျိုးရေးဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သူ။ ဆွေပြမျိုးပြတွေ့ဆုံသည့် နေ့တွင် မမင်းဝင်းသည် ဒေါ်ကြိုင်ထံသို့သွားကာ စိတ်ပျက်စကား ညည်းညူသည်။ ဝမ်းနည်းစကား ဆိုသည်။ မျက်ရည်ကျသည်။

အိမ်ထောင်ပြုချင်စိတ်လည်းမရှိ။ ရှိသည်ဆိုဦးတော့ ပေးစားမည့်သူကို မနှစ်မသက် ဖြစ်နေသည် ဆို၏။ အိမ်ထောင်ဘက်အဖြစ်နှင့် ရွေးချယ်ခိုင်းလျှင် ထိုသူကို မရွေးချယ်ချင်ဟု ဆိုသည်။ ယောကျ်ားပီသသော ရုပ်ရည်အဆင်းရှိခြင်း၊ ပညာတတ်ဖြစ်ခြင်း၊ ရာထူးဌာနန္တရရှိခြင်း၊ ဆွေဂုဏ်မျိုးဂုဏ် ပစ္စည်းဂုဏ် ပြည့်စုံကြောင်း ဒေါ်ကြိုင် ပြောပြကာ နှစ်သိမ့်စကားဆိုသည်။

ထိုအချက်များနှင့် ပြည့်စုံသော်လည်း မြင်မြင်ချင်း နှစ်သက်ခြင်း၊ စုံမက်ခြင်း မရှိသည်ကို မမင်းဝင်း ပြောသည်။ အကြောင်းရင်းကိုကား မပြောတတ်ဟု ဒေါ်ကြိုင့်အား ပြောသည်။ ထို့ပြင် ဖခင်ကို မကျေနပ်သောစကားတွေ ဝမ်းနည်းစွာ ပြောသည်။ အမေသာ ရှိနေရင် ခုလို သမီး အိမ်ထောင်မပြုချင်တာကို ဇွတ်ပြုခိုင်းမှာ မဟုတ်ဘူးဟု ပြောသည်။ ဒါဖြင့်လည်း ဆရာ့ကို အကျိုးအကြောင်းပြောပြီး ငြင်းလိုက်ပါလားဟု ဒေါ်ကြိုင် အကြံ ပေးသည်။ အဲသလိုကျတော့လည်း မိဘက ကောင်းမယ်၊ သင့်မယ်ထင်လို့ စီစဉ်တာကို ခြေနဲ့ဖျက်တယ်၊ ဖအေ့စကားကို ပယ်တယ်ဆိုပြီး အဖေစိတ်ဆင်းရဲမှာ မကြည့်ရက်ဘူးဟု ပြောသည်။

"အဲဒီလို ငဲ့ကွက်လိုက်တာက ... ပြဿနာကို တံခါးဖွင့်ပေးရာ ကျသွားတာပဲ အဒေါ်ကြိုင်"

ဟုတ်သမှ သိပ်ဟုတ်ပေါ့ဟု ဒေါ်ကြိုင်သည် သူ့ထင်မြင်ချက်ကို ထောက်ခံ၏။ ဒေါ်ကြိုင်က ဆက်၍ပြောသည်။ သုံးလေးလအကြာတွင် နှစ်ဖက်လူကြီးစကား ပြောကြ သည်။ အိမ်ထောင်ဘက်ဖြစ်မည့်သူနှစ်ဦးကို ရင်းနှီးအောင် နှစ်ဖက်တွေ့ဆုံပွဲများ မကြာခဏ

mgyoe.com

ပြုသည် ဆို၏။ ဒေါ်ကြိုင်စကားကို ဖြတ်ကာ သတို့သားလောင်းနာမည်က ဘယ်လိုခေါ်လဲဟု သူမေးသည်။ ဟုတ်ပါရဲ့၊ နာမည်ပြောပြဖို့ ကျန်နေတယ်ဟု ရယ်မောပြီး ပြောသည်။ မောင်စံငြိမ်းတဲ့ဟု ပြောသည်။ လက်ထပ်ရန် ရက်ရွေးပြီးသည့်အချိန်အထိ မမင်းဝင်းသည် စံငြိမ်းကို မေးထူးခေါ်ပြောမျှသာ ဆက်ဆံသည်။ ပင်ကိုအားဖြင့် အရှက်အကြောက်ကြီးသော မမင်းဝင်းသည် ပို၍ ရှက်ရွံ့စွာ ပြောဆိုနေရပုံပေါ်ကြောင်း ဒေါ်ကြိုင် ကောက်ချက်ချ၏။

"မမင်းဝင်းရဲ့ ခပ်ခွာခွာ ဆက်ဆံတာကို မောင်စံငြိမ်းရဲ့ အစ်မအကြီးဆုံးက သိပ် မကြိုက်ချင်တဲ့စကား အဒေါ့်ကို ပြောဖူးတယ် ...၊ ရှောင်ဖယ် ရှောင်ဖယ် နေနေတာရယ် ... စကား ဟဟ မပြောတာရယ်ကတော့ သိသာတာတော့ အမှန်ပဲ မောင်တင်ဆွေ၊ ဆိုပါတော့ ... မင်္ဂလာအခမ်းအနား ပစ္စည်းစာရင်း လုပ်တဲ့စကားဖြစ်ဖြစ် ဧည့်ခံအကျွေးအမွေး စကားဖြစ်ဖြစ် ဘာဆို ဘာမှဝင်မပြောဘူး၊ ခက်တာက ... ဒီလို ...၊ မောင်စံငြိမ်းမိသားစုက မမင်းဝင်းကို အရင်က မသိမမြင်ဖူးရင် အကြောင်းမဟုတ်ဘူး၊ အမူအရာပြောင်းနေတာက အသိသာကြီးဖြစ်နေတာကိုး"

ဒါနဲ့ ပြဿနာစတဲ့နေ့က မောင်စံငြိမ်းမိဘနဲ့ အဲဒီ အစ်မကြီးတို့ လာလည်တဲ့နေ့ဟု စကားစသည်။ မမင်းဝင်းက အိမ်အပေါ်ထပ်တွင် စာဖတ်နေသည်။ မမင်းဝင်းရောဟု ထိုအစ်မကြီးမေးသည်။ အပေါ်ထပ်မှာ စာဖတ်နေတယ် ထင်ပါရဲ့ဟု ဦးမင်းစိန် ဖြေသည်။ မောင်စံငြိမ်း သွားခေါ်လိုက်ဟု ထိုအစ်မကြီး ပြောသည်။ စံငြိမ်းက အပေါ်ထပ်သို့ တက်သည်။ မမင်းဝင်းသည် အပေါ်ထပ် ထမင်းစားခန်းထဲတွင် စာဖတ်နေသည်။

စံငြိမ်းက ခြေသံမပြုဝင်သွားဟန် တူ၏။ အနားရောက်ပြီး နာမည်ခေါ်မှ သိသည်။ ဩော်ဟုဆိုကာ ကိုစံငြိမ်းကိုးဟု ပြုံး၍ ထိုင်ပါဟုပြောသည်။ အမေတို့လည်း ပါလာတယ်၊ အောက်ထပ်မှာ စောင့်နေကြတယ်ဟုပြောရင်း မမင်းဝင်း၏ လက်မောင်းကိုကိုင်သည်။ မမင်းဝင်း ရုန်းသည်။ စံငြိမ်းက ပါးချင်းကပ်ရန် ကြိုးစားသည်။ မမင်းဝင်းက စိတ်ဆိုးမာန်ဆိုး ပြောရင်း တွန်းသည်ဆို၏။ စံငြိမ်းက နောက်မှနေ၍ လက်ကိုသိုင်းကာ ဖက်သည်။

အထွတ်အမြတ် ထားရာသို့ လက်ရောက်ရပါမည်လား ဒေါသဖြင့် မမင်းဝင်း ရုန်းသည်။ ဖယ်သည်။ သို့သော် စံငြိမ်းသည် မနာခံ။ တစ်ဆင့်တိုးရန် ကြံရွယ်လှုပ်ရှားလာသည်။ ရှက်ခြင်းနှင့် ဒေါသသည် မမင်းဝင်း၏အသိကို တစ်ခဏ ဖုံးကွယ်သွားစေ၏။ ရှုလကာရည်ပုလင်းနှင့် စံငြိမ်းမျက်နှာထိကာ အရှိန်ပြင်းစွာ ကွဲကြေသွားသံ၊ စံငြိမ်းပါးနှင့်

mgyone.com

 mgyoe.com 

နဖူးစောင်းမှ သွေးတွေထွက်လာသော သဏ္ဍာန်၊ စံငြိမ်း၏ အော်ဟစ်သံ၊ မျက်နှာတစ်ခုလုံး သွေးနီလွှမ်းသွားပုံတွေ အကြားအမြင်မပီ။

အိမ်အောက်ထပ်ရှိ လူကြီးတွေပြေးတက်လာသံ ကြားသည်။ စံငြိမ်းသည် ရူးရူးဝါးဝါး အော်ဟစ်ကာ မမြင်မကန်းဖြင့် စားပွဲကို တိုး၏။ ကုလားထိုင်တွေနှင့် တိုက်ကာ လဲသည်။ တံခါးပေါက်ရှိရာကို မှန်းပြီးထွက်ပြေးသော်လည်း မျက်လုံးနှစ်ဖက်မှာ နဖူးမှ သွေးနှင့် ရှုလကာရည်ကြောင့် ဖွင့်ရဟန်မတူ။ ကြောင်အိမ်နှင့်တိုက်၊ တံခါးပေါင်နှင့်ဆောင့်မိသည်။ စံငြိမ်း၏ မိဘနှင့်အစ်မက သံကုန်အော်ဟစ်ကာ ပြေးဝင်ပြီး စံငြိမ်းကို တွဲထူသည်။ မြင်ကွင်းသည် သွေးပျက်စဖွယ် နားကွဲစဖွယ် ဖြစ်နေ၏။

"မမင်းဝင်းကိုမေးတော့ အကျိုးအကြောင်းလည်း သိရော ... မောင်စံငြိမ်း အစ်မကြီးက ယမ်းပုံမီးကျပေါ့၊ ကောင်လေးရဲ့မိဘကလည်း ဒေါသူပုန်ထပြီး ရဲစခန်း တိုင်မယ် ပြုမယ် ဖြစ်ကြတာပေါ့ကွယ်၊ ဦးမင်းစိန်က ကျွန်တော့်သမီးက သွေးထွက်သံယို ပြုလုပ်တဲ့အချက်ကလွဲရင် သူ တုံ့ပြန်တာ မှန်တယ်၊ ကြိုက်ရာတိုင်၊ ရင်ဆိုင်မယ်ဆိုပြီး သမီးဘက်က ရပ်တယ်၊ လက်ထပ်ထိမ်းမြားခြင်း မပြုရခင် ... ဒီလို ... အနေအထိုင် ကျူးကျော်ရိုင်းစိုင်းလို့ ဘယ်ဖြစ်မလဲ ဘာလဲပေါ့ကွယ်"

"အမှုတွေ ဘာတွေ ဖြစ်သေးလား အဒေါ်"

"ဖြစ်တော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ ... မင်္ဂလာကိစ္စကတော့ ပျက်သွားတာပေါ့ မောင်တင်ဆွေ"

"ဒါပေါ့လေ ..."

ထိုနေ့က မြင်ကွင်းသည် တစ်သက်မမေ့စရာပါဟု ဒေါ်ကြိုင် ပြောသည်။ မမင်းဝင်းက သတ္တိတော့ တကယ်ကောင်းတာ၊ အဒေါ်ဆို မောင်စံငြိမ်း အင်္ကျီလုံချည်တွေမှာ ရွှဲနေတဲ့သွေးရော၊ နဖူးမှာ အရေပြားဖပ်လပ်ကြီး ကျနေတာရော မြင်ပြီး မူးသွားတယ်၊ သွေးဆေးတွေ ရှူဆေးတွေ ရှူယူရတယ်၊ မမင်းဝင်းကတော့ ကက်ကက်လန်အောင် ရန်တွေ့လိုက်၊ ရှင်းပြလိုက်နဲ့ဟု ပြောသည်။ မောင်စံငြိမ်းတို့ ပြန်သွားလို့ အဒေါ်နဲ့ ကိုချစ်ထွန်းတို့သာ အောက်ထပ်မှာ ရှိတော့မှ စကားတစ်ခွန်းပြောတယ်၊ စိတ်ညစ်စရာ ကောင်းလိုက်တာတဲ့။ ဆရာကတော့ တော်ပြီတဲ့။ မင်္ဂလာအစီအစဉ်ကို အဖေ ဖျက်လိုက်ပြီ တဲ့။ မမင်းဝင်းက ရယ်သည်။ ပြီးတော့ ရှက်စရာတော့ တော်တော့်ကို ကောင်းတာပေါ့ အဖေရယ်တဲ့။ အဲဒီညက မမင်းဝင်းက တစ်ညလုံးမအိပ်ဘူး။ နောက်နေ့ တစ်နေ့တစ်ညလုံးလည်း မအိပ်ဘူး။ နောက်နေ့မှာ ဖျားတယ်။ တော်ရုံနဲ့ အဖျားကမကျဘူး။ ဆရာဝန်

mgyoe.com

ကလည်း ကုတာပဲ။ နှစ်ပတ်လောက် အပြင်းအထန် ဖျားတာ။ ရေခဲချည်း အုပ်အုပ်ပေးရတယ်။ နေကောင်းလာတဲ့အချိန်မှာ စကားလည်း သိပ်နည်းသွားတယ်။ ဟက်ဟက်ပက်ပက် မရှိတော့ဘူး။ စိတ်ဓာတ်တစ်မျိုး ဖြစ်သွားတယ်နဲ့ တူတယ်။ ဘာကိုမှ အရေးဂရုမစိုက်တော့ဘူး။ အပြုံးအရယ်လည်း ရှိကို မရှိတော့ဘူး။ အားလုံးကို စိတ်ပျက်သွားတယ်လို့ အဒေါ်တော့ ထင်တာပဲဟု ဒေါ်ကြိုင် ပြောသည်။

"တစ်ယောက်တည်း အနေများလာတယ်၊ စာတော့ ဖတ်တာပဲ၊ ဘာမှ စွဲစွဲမြဲမြဲ မဟုတ်ဘူး၊ တစ်မျိုးပဲ"

"ရုပ်ရှင်တွေ ဘာတွေ မကြည့်တော့ဘူးလား"

"ကြည့်တော့ ကြည့်တယ်၊ တစ်ရုံလုံးက ရယ်လည်း သူ ဒီအတိုင်း၊ တရှုပ်ရှုပ်ငိုကြရင်လည်း သူက ဒီအတိုင်း ..."

"တစ်ခါတလေ သူ့အခန်းဘက်က ကက်ဆက်သီချင်းသံတော့ ကြားရသားပဲ"

"နားထောင်တယ်လေ ...၊ ဒါပေမဲ့ ... အရင်ကဆို ကြိုက်ရင် သူပါလိုက်ဆိုတာ၊ ခု ... ဒါမျိုးမရှိတော့ဘူး၊ သူ့ကြည့်ရတာ သူများတွေ ရုပ်ရှင်ကြည့်ရင် ကြည့်၊ သီချင်းနားထောင်ရင် နားထောင်၊ သူများလုပ်လို့ သူလည်း လူတစ်ယောက်အနေနဲ့ လိုက်ပြီး လုပ်ရတာမျိုး၊ နေတာထိုင်တာ ပြောတာဆိုတာ အားလုံးဟာ ဝတ္တရားကျေမှု တကယ့်ဝတ္တရားကျေ၊ အဖြစ်၊ ဘာမှ ... လှိုက်လှိုက်လှဲလှဲ မရှိတော့ဘူး၊ တစ်ခါတလေများ သူ့ကိုယ်ထဲမှာ သူ့စိတ်ရှိမှ ရှိတော့ရဲ့လား အောက်မေ့တယ်"

"စိတ်ပျက်တာမှ ကမ်းကုန်လမ်းကုန် စိတ်ပျက်သွားတာနဲ့ တူပါတယ်"

"သေချာတာပေါ့ မောင်တင်ဆွေ၊ ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ၊ တစ်ခါတလေ သူ့ဝိညာဉ်က အဲဒီနေ့က လန့်ပြီး သေသွားခိုက် တခြားဝိညာဉ်များ ပူးကပ်နေရော့သလား အဒေါ် ... ထင်တောင် ထင်ချင်တယ်"

သူ အားပါးတရ ရယ်သည်။ ဒေါ်ကြိုင်သည် ပြုံးစိစိနှင့် တကယ်ပြောတာဟု စကားအစသတ်သည်။

"ဦးမင်းစိန်လည်း ... တော်တော် စိတ်မကောင်းဖြစ်မှာပဲ"

"ဒါပေါ့ကွယ် ... တစ်ခါတလေ အဒေါ်တို့နဲ့ စကားစပ်မိရင် သူ့ကြောင့် အဲသလို ဖြစ်ရတာလို့ သူ့ကိုယ်သူ အပြစ်တင်တယ်"

"သူ သဘောမကျတဲ့အခါတွေ ဘာတွေကျတော့ ဒေါသနဲ့ ပြောတာ ဆိုတာ မရှိဘူးလား"

mgyoe.com

 mgyoe.com 

"သူ သဘောမကျစရာရှိရင် ဘာမှဆက်မပြောတော့ဘူး"

"ရယ်စရာတွေကို မရယ်တဲ့အထိပဲကိုး"

"အလွန်ဆုံးမှ ရယ်တယ်ထင်ရတဲ့ မျက်လုံးနဲ့ နှုတ်ခမ်းကို ယောင်ယောင်လေး တွေ့ရတာ၊ ဒါပဲ"

"လူတွေနဲ့ ပတ်သက်ဆက်ဆံနေရတာကိုတော့ သူ စိတ်ပျက်သွားဟန် မတူသေးဘူး အခေါ်၊ ငွေလက်ခံတယ်၊ အမိန့်တယ်၊ မေးရင်ပြောတယ်"

ဒေါ်ကြိုင်သည် ခေါင်းညိတ်သည်။

"ကောင်တာမှာ ထိုင်တယ်၊ အဲဒါတော့ သူလုပ်တယ်၊ ဒါပေမဲ့ ... ဘယ်သူ့ကိုမှ လောကဝတ်စကား မပြောဘူး၊ တွေ့ရင် ပြုံးကြရယ်ကြပြီး နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ ဘယ်သွားမလို့လဲဆိုတဲ့ စကားတော့ ဝေးရော၊ သူ့ကျောင်းနေဘက် သူငယ်ချင်းတွေ လာလည်ရင် ကျွေးစရာကျွေးတယ်၊ တည်းမယ်ဆိုတည်း၊ တစ်ဖက်က တွေ့လို့ ခုန်နေအောင် ဝမ်းသာ ဝမ်းသာ ...၊ သူကတော့ အရုပ်၊ လေအေးလေးနဲ့ မှန်မှန်ပဲ၊ တချို့ကတော့ ဝမ်းသာအယ်လဲမရှိဘူး ဘာဘူးဖြစ်တဲ့သူလည်း ဖြစ်သွားတာပေါ့လေ၊ အဲဒီလိုထင်သွားတဲ့ အတွက်လည်း သူ ဝမ်းနည်းပုံ စိတ်မကောင်းပုံ မပေါ်ဘူး၊ သူ့အဖို့တော့ ဘာမှမထူးခြားဘူး၊ ဘေးကမြင်ရတဲ့ အဒေါ်တို့လို အတွင်းသိကတော့ စိတ်မသက်သာဘူးပေါ့"

ခေါင်းတညိတ်ညိတ်နှင့် သူ စဉ်းစားကြည့်နေ၏။ အဖေသည် အမေနှင့်အဖေ တစ်ပြိုင်နက်တည်း ဖြစ်နေသည်။ ဖခင်အပေါ်တွင် မှီခိုအားထားသည်မျှမက သံယောဇဉ်သည် အဖေ့တွင်သာ။ အဖေသည်လည်း တစ်ဦးတည်းသော သမီးအပေါ်တွင်သာ ထာဝရ အဖမေတ္တာ ထာဝရ အမိမေတ္တာ ရှိမည်ဟု တွေးခဲ့ပုံရ၏။ ထိုသို့ ယူမှတ်ခဲ့သောဘဝတွင် သူစိမ်းတစ်ရံဆံ ယောကျ်ားလေးတစ်ဦးက ဖခင်၏ရှေ့ရေး အစီအမံအရ ဝင်လာသည်။ သဘောတူနှစ်သက်ခြင်းလည်း တစ်ကြောင်းအပါအဝင် ဖြစ်ခဲ့ပါက သာမန်ကိစ္စမျှသာ။

လေးစားအားကိုးခြင်းကို စံငြိမ်းထံတွင် ထားရှိနိုင်ခဲ့ပါကလည်း အိမ်ထောင်ရေးသည် စိတ်အနှောင့်အယှက် ဖြစ်စရာမဟုတ်။ စံငြိမ်း၏ အပြုအမူတို့သည် သူ့ကို ကျူးကျော်စော်ကားသည်ဟု မြင်သောအမြင်က လက်လွတ်စပါယ် ပြုစေခဲ့သည်။ ထိတ်လန့်ဖွယ်ကောင်းသော အနာဂတ အရေးအခင်းတစ်ခုသည် သည်းခြေတွင် စွဲလောက်သည်။ ထို့ပြင် ပတ်ဝန်းကျင်က သိထားပြီဖြစ်သော မင်္ဂလာပွဲသည် ပျက်ပြားခဲ့သည်။

ထို့အတွက် ဖခင်၏စိတ်တွင် မည်သို့ရှိမည်ကို မမင်းဝင်း တွက်မိပေလိမ့်မည်။ မိန်းကလေးရှင်ဖခင်၏သိက္ခာ၊ မိန်းကလေးတစ်ယောက်၏သိက္ခာ။ စကားတွင်းများ။

mgyoe.com

ချဲ့ကားသော အပြောအဆို အမှန်းအဆများ။ ယောက်ျားလေးဘက်က သိက္ခာဆည်ကာ ဖုံးကွယ်ပြောမည့်စကားတွေ အားလုံးသည် သူတို့သားအဖကို နှစ်နာစရာများသာ ဖြစ်မည်ဟု တွေးချင်တွေးမည်။ စိတ်ပျက်စေလောက်သော အဖြစ်အပျက်များပင်။

"မမင်းဝင်းက ကျောင်းသူဘဝမှာ ချစ်သူတွေ ဘာတွေ မရှိခဲ့ဘူးထင်တယ်"

"မရှိခဲ့ဘူးကွယ့်၊ သူ့သဘောက ကျောင်းနေမယ်၊ ပြီးရင် ဖအေကြီးကို ကျွေးမွေးပြုစုမယ်၊ အဲဒါပဲရှိတယ်၊ အပျိုကြီးဘဝနဲ့ အိုမင်းမစွမ်းရှိလာမယ့် ဖအေကို ပြုစုမယ်ပေါ့၊ အိမ်ထောင်ပြုရင် ဖအေနဲ့ခွဲရမယ်၊ မခွဲလို့ အတူနေတောင် သူ့စိမ်းက ဖအေကို ငြူစူမှာတို့ ဘာတို့ တွေးပူတယ်၊ အဲဒီလို ... ဖအေက လေးငါးခါမက ပြောတော့ ရွှဲ့ပြီး အဖေ့သဘောပဲလို့ ပြောတာလည်းပါတယ်၊ ဖအေ့အစီအစဉ်ကို ခေါင်းမခါရက်တာလည်း ပါတယ်၊ သနားတော့ သနားစရာပဲ"

"ကျွန်တော်တော့ သားအဖ နှစ်ယောက်စလုံးကို သနားတယ်"

ဒေါ်ကြိုင် ခေါင်းတဆတ်ဆတ်ညိတ်လျက်ရှိ၏။

"တစ်နေ့က ထင်တယ်၊ မောင်တင်ဆွေ ဆွဲပေးတဲ့ပုံတူကို ဆရာက သိပ်သဘောကျနေတာ၊ ဘာဖြစ်လို့လဲ သိလား"

သူ ခေါင်းခါသည်။

"သူ့သမီး ... အဲသလိုပြုံးတာကို မတွေ့ရတာ မေ့သလောက် ရှိနေလို့၊ အဒေါ်ကို ပြောတယ်၊ ပုံတူကို မြင်ရတော့ စိတ်နည်းနည်း ချမ်းသာသွားသလိုပဲတဲ့၊ မမင်းဝင်းက ပါးစပ်ကသာ မပြောတာ၊ မှန်ပေါင်သွင်းထားတဲ့ အဲဒီပုံကို သူ့အခန်းထဲမှာ အကျအန ချိတ်ထားတာ၊ ပိုပြီးထူးတာက မနက်က အခန်းထဲကို အဒေါ် ရောက်သွားတယ်၊ သနပ်ခါးစက်တွေ အညိုတွေတက်နေတဲ့ ကြည့်မှန်လေ ... မှန်တင်ခုံကမှန်ကို ပစ်ထားတာ အဲဒီပြဿနာ ဖြစ်ပြီးကတည်းက ဆိုပါတော့၊ အဲဒါ ... မနက်က ကြည်နေအောင် သုတ်သက်နေတယ်၊ မှန်တွေ ဘာတွေ ပြန်ပြီးကြည့်လို့"

ထူးဆန်းသောသတင်းဟု ဒေါ်ကြိုင့်နည်းတူ မှတ်ထားလိုက်သည်။

"သူ သနပ်ခါးတွေ လူးတော့လူးသားပဲ"

"သွေးပြီး မျက်နှာကို ကောက်လိမ်းလိုက်တာ၊ လိမ်းတယ်ဆိုရုံလေး"

"ဟုတ်လား"

"မှန်ပြန်ကြည့်တာ ဆရာကိုတောင် ပြောမပြရသေးဘူး"

သူ ခေါင်းညိတ်နေသည်။ မိမိ၏မျက်နှာကို မှန်ပေါ်တွင် ပြန်လည်ကြည့်လိုခြင်း

mgyoe.com

 mgyoe.com 

မရှိခဲ့သူ။ ဘယ်ရွေ့ဘယ်မျှ စူးရှစွာ ခံစားခဲ့ရသည်မသိ။ မှန်း၍သာ ချင့်ကြည့်ရသည်။ ဝိညာဉ်သေတစ်ခု၏ အသည်းနှလုံးထဲ၌ တင်းမာပေါက်ကွဲနေသံများကို ကျွန်တော်ကြားသည်ဟု သူပြောချင်သည်။ တစ်ဆက်တည်းပင် အသက်ရှူသံသဲ့သဲ့ ကြားသည်ဟုလည်း ပြောချင်သည်။ ပုံတူရေးဆွဲနေစဉ်က သမီး၏ အပြုံးနှုတ်ခမ်းကို စူးစိုက်စွာ ကြည့်နေသော ဖခင်၏ရင်ထဲသို့ ယခုမှ ထွင်း၍ မြင်လေသည်။

"မမင်းဝင်းက ... သူ့ပုံကို ကြည့်တာမှ မျက်တောင်မခတ်ဘဲကို ကြည့်တာ၊ ပုံကလည်း တကယ်ကိုတူတာကိုး၊ ပုံဆွဲတတ်တဲ့သူဆွဲတော့လည်း သူ ပြုံးတာ မမြင်ဖူးဘဲနဲ့ ပြုံးနေပုံ ဆွဲထားလိုက်တာများ မြင်ဖူးလို့လား အောက်မေ့ရတယ်၊ မောင်တင်ဆွေ ... တယ်တော်တာပဲ"

သူ အားပါးတရ ရယ်လေသည်။

■

mgyoe.com

mgyoe.com

# [ ၄ ]

လေညင်း တသုန်နှစ်သုန် ဝေ့သွားသကဲ့သို့ ခံစားလိုက်ရသည်။ မမင်းဝင်း၏ မျက်လုံးအစုံသည် အင်အားရှိလာသည်ဟု ထင်သည်။ စားပွဲရှည်ရှေ့တွင် သူရပ်သည်အထိ ကြည့်မြဲကြည့်နေ၏။ နှစ်ဆယ်တန် ငါးရွက်ကို စားပွဲပေါ်သို့ သူတင်သည်။ နောက်လေးရက်အတွက် ငွေသွင်းတာပါဟု သူပြောသည်။ ဒုတိယအကြိမ်ပေးသော ဒုတိယလေးရက်အတွက် ငွေတစ်ရာကို ဦးမင်းစိန်ထံတွင် ပေးခဲ့သည်။ ယနေ့တွင် ဒုတိယလေးရက်စာ ကုန်ဆုံးသွားပေပြီ။ မနက်ဖြန်အပါအဝင် နောက်လေးရက်ဆိုလျှင် ကိုကို ပြန်ရောက်မည်ထင်၏။

"မမင်းဝင်းပုံတူ နောက်တစ်ပုံလောက် ကျွန်တော် ရေးချင်သေးတယ်၊ တခြားအနေအထားနဲ့ ခွင့်ပြုနိုင်မလား"

ဖြတ်ပိုင်းကိုယူရင်း သူပြောသည်။ ပြုံးနေသော သူ့မျက်နှာကို မမင်းဝင်း ကြည့်သည်။ ခေါင်းညိတ်သည်။

"ဘယ်နေ့လောက် ရေးရမလဲ မမင်းဝင်း"

"ရှင် ... ဘယ်နေ့ပြန်မှာလဲ"

"ကျွန်တော့်အစ်ကိုတစ်ယောက် ဒီမြို့မှာ ရှိတယ်၊ သူခရီးထွက်ရာက ပြန်ရောက်ရင် သူနဲ့သွားနေမယ်၊ ဒီမှာကတော့ ... နောက်တစ်ပတ်အထိ တည်းဖြစ်လိမ့်မယ်ထင်တယ် မမင်းဝင်း"

"နက်ဖြန် သန်ဘက်ပေါ့"

"ကျေးဇူးပါပဲ မမင်းဝင်း"

mgyoe.com

သူ ကိုယ်ကို လှည့်မည်အပြုတွင် 'ရှင် ကျွန်မနာမည်ကို သိတယ်နော်'ဟု မေးပြော ပြောသည်။ သူ ပြုံးကာ ခေါင်းညိတ်၏။ မမင်းဝင်း၏ လေသံသည် ပို၍ တိုးသွားသည်။

"ဘယ်သူ ပြောပြလဲ"

"ဒေါ်ကြိုင်ရော ကံဟိန်းရော၊ ဦးချစ်ထွန်းရော ပြောပြလို့"

"ရှင် ပန်းချီဆရာလား"

"ဟင့်အင်း ... ဘူမိဗေဒ ဘွဲ့လွန်ကျောင်းသား"

သြော်ဟု သံရှည်ပြောက ခေါင်းညိတ်၏။ ထိုအချိန်တွင် သူ မေးသည်။

"ခင်ဗျားက မန္တလေးတက္ကသိုလ်ကနေ ဘွဲ့ရခဲ့တာမဟုတ်လား"

မျက်ခုံးသည် မသိမသာ မြင့်သွား၏။ ခေါင်းတစ်ချက် ညိတ်ကာ မျက်တောင် တစ်ချက် နှစ်ချက် ခတ်သည်။

"သမိုင်းနဲ့ အောင်ခဲ့တာလား"

မျက်တောင်အခတ်ရပ်ကာ ငေးကြည့်သဖွယ်ကြည့်နေ၍သာ အံ့သြနေပုံပဲဟု တွေး၍ရသည်။ နူးညံ့သော မျက်တောင်အရေပြားတို့သည် အံ့အားသင့်သော လက္ခဏာကို မဖော်ပြ။ နှုတ်ခမ်းသည် စေ့စေ့။ အတင်းအလျှော့မရှိ။

"ရှင် ... သိတယ်၊ ဘယ်တုန်းက သိတာလဲ"

ဒေါ်ကြိုင်ပြောလို့ဟု အကြောင်းပြစကား ပြော၍မဖြစ်။ ဒေါ်ကြိုင် ပြောပြသော ကြောင့် သိရသည်ဆိုလျှင် ဘယ်အထိသိထားသည်ကိုပါ အတွေးဆက်ပေလိမ့်မည်။ စိတ်ထိခိုက်စရာကောင်းသော အဖြစ်အပျက်ဟောင်းတို့ကိုပါ ဒေါ်ကြိုင် ပြောများပြောခဲ့ သလားဟု စဉ်းစားပေလိမ့်မည်။ ဒေါ်ကြိုင် ပြောစကားတွေထဲတွင် စံငြိမ်းနှင့် စပ်လျဉ်း သည်တို့ ပါဝင်ကောင်းပါဝင်မည်ဟု မမင်းဝင်းအတွေး ဖြစ်လာနိုင်သည်။ ထို့ကြောင့် –

"လွန်ခဲ့တဲ့ လေးငါးနှစ်တုန်းက မန္တလေးတက္ကသိုလ်ကို တစ်နှစ် တစ်ခေါက် နှစ်ခေါက် အနည်းဆုံး ... ကျွန်တော်ရောက်တယ်၊ သမိုင်းဌာနမှာ ကျွန်တော့်အစ်ကိုနဲ့ ကျောင်းနေဘက်ဆရာတွေ ရှိတယ်လေ ...၊ ပြီးတော့ ... သမိုင်းပါမောက္ခဆီကိုလည်း မသိတာတွေရှင်းအောင် သွားမေးရတာတို့ ကျွန်တော်တို့ ဌာနပါမောက္ခ မှာတာပြုတာ ရှိရင် ကျွန်တော် သွားသွားတွေ့ရတယ်၊ အဲဒီတုန်းက ခင်ဗျားကို မြင်ဖူးခဲ့တယ်လို့ ကျွန်တော် သေသေချာချာ မှတ်မိနေလို့ မေးတာပါ"

တရုတ်အမျိုးသားလေးငါးယောက် စားသောက်နေသောဝိုင်းသို့ ကြည့်သည်။ ရယ်မော ပြောဆိုနေသံတွေ ထွက်နေ၏။ ထိုနေရာသို့ တစ္ဆေ့ရောက်နေသော မျက်လုံးသည်

mgyoe.com

mgyoe.com

သူ့ထံသို့ ပြန်ရောက်၏။

"ကျောင်းသူတွေ အများကြီးထဲမှာ ကျွန်မကို မှတ်မိသားပဲ"

"မှတ်မိတာပေါ့ ...၊ အဲဒီတုန်းက ကျွန်တော် ပုံတူ ရေးတတ်နေပြီလေ၊ ပုံတူရေးတယ်ဆိုတာ လူတိုင်းကို ရေးလို့မကောင်းဘူး၊ ထူးခြားချက် တစ်ခုခုရှိမှကောင်းတာ၊ ခင်ဗျားကို မြင်တုန်းက ပုံတူရေးချင်တယ်၊ ဒါပေမဲ့ ... သိလည်းမသိ၊ အချိန်လည်းမရတော့ မေ့သွားတာပဲ၊ ခု ကွန်းသာယာမှာ မမျှော်လင့်ဘဲ တွေ့ရတော့ ကျွန်တော် သိပ်အံ့သြပြီး ပုံတူရေးမိခဲ့တယ်၊ ခွင့်မတောင်းခဲ့တာ ခွင့်လွှတ်ပါ မမင်းဝင်း"

"ကိစ္စမရှိပါဘူး ...၊ ကျွန်မကတော့ ရှင့်ကို ဒီမှာ လာတည်းမှမြင်ဖူးတာ၊ အဲဒီတုန်းကဆိုရင် ကျွန်မ တတိယနှစ် နောက်ဆုံးနှစ်လောက်ရှိမှာပဲ"

"ဒါပေါ့ ...၊ ကျွန်တော်က အဲဒီရောက်လည်း ခဏ၊ ချက်ချင်းသွား ချက်ချင်းပြန်၊ ကျောင်းသားတွေ အများကြီးထဲမှာ မမင်းဝင်းက ဘယ်မြင်ပါ့မလဲ ... မဟုတ်ဘူးလား"

ပြောပြီး သူရယ်သည်။ သူ့နှုတ်ခမ်းကို မမင်းဝင်း ကြည့်သည်။

"ကျွန်မက ခုန ရှင့်စကားထဲမှာ ဘာထူးခြားချက် ရှိလို့လဲ"

တွေ့ဖူးခဲ့ပါသည်ဆိုသော စကားသည် မှသားတော့မှသား။ သို့သော် ထိုစကားသည် မမင်းဝင်း၏အာရုံတွင် ငြိနေပြီဟု နားလည်လိုက်သည်။

"ကျွန်တော် ... ဟိုနေ့ကဆွဲတဲ့ပုံတူကို မမင်းဝင်း ကြည့်တယ်မဟုတ်လား"

ခေါင်းညိတ်သည်။

"မျက်လုံးနဲ့ နှုတ်ခမ်းက မိန်းမလှတစ်ထောင်တစ်သောင်းမှာ တစ်ယောက်ဆီမှာတောင် တွေ့ရ မြင်ရခဲ့တဲ့ မျက်လုံးနဲ့နှုတ်ခမ်း၊ မမင်းဝင်း ပြုံးနေပုံက ဘယ်သူနဲ့မှ မတူဘူး၊ တစ်သောင်းတစ်ယောက်မရှိတဲ့ အပြုံးကို ...၊ အဲဒါပဲ မမင်းဝင်း"

မမင်းဝင်း၏မျက်လုံးသည် ဝိုင်းနေ၏။ မြှောက်လုချည်လားဟူသော စကားကို မဆို။ နောက်ထပ် ပုံတူဆွဲဖို့အတွက် တမင် ပြောနေတာပါဟု မပြော။ ရှင် သွယ်ဝိုက်တဲ့နည်းနဲ့ ဘာစကားပြောနေတာလဲဟု မပြော။ တခြား မိန်းကလေးတစ်ယောက်ကို ပြောနေသည့်စကား ကြားရသည်သို့ ရှိလေ၏။

"ဟုတ်လား ..."

လား၏ လေယူလေသိမ်းကို သဘောကျသွားသည်။ အသံနွဲ့နွဲ့။ ထိုနောက် -

"ရှင့်နာမည်က ကိုတင်ဆွေနော်"

သူ ခေါင်းညိတ်သည်။

mgyoe.com

 mgyoe.com 

"အစ်ကို့ဆီကို အလည်လာတာလား"

"အလည်ရော ... လေ့လာရေးကွင်းဆင်းသဘောရော ဆိုပါတော့"

"ဘူမိဗေဒကို ကျွန်မ စိတ်ဝင်စားပါတယ်၊ သမိုင်းနဲ့ ဘူမိဗေဒက ဆက်နေတာကိုး"

"ဟုတ်တာပေါ့ဗျာ"

"ရှင်ကော သမိုင်းကို ဝါသနာပါလား"

"ဝါသနာလည်း ပါပါတယ်၊ နည်းနည်းလည်း သိအောင် ကြိုးစားနေပါတယ်"

"ဘယ်အထိလဲ"

"ဘာကို ပြောတာလဲ ... မမင်းဝင်း"

စားပွဲ မျက်နှာပြင်ကို ငုံ့ကာ ကြည့်နေသော မျက်နှာသည် ပြတင်းသို့ ရွေ့သွားသည်။ ထိုနောက် –

"ပုဂံခေတ်တို့ ... ပုဂံမတိုင်မီတို့ကိုရော စိတ်ဝင်စားသလားတို့ ကျွန်မ မေးတာ"

"ပုဂံခေတ်ထက် ရှေးကျတာကို ကျွန်တော် အဖတ်အရှုရှိပါတယ်၊ အာရုံပိုပြီး ရှိတာကတော့ ကျောက်ခေတ်သစ်ပါပဲ"

"ဒါဖြင့် ... မောမီးယပ်တို့ကို သိမှာပေါ့"

"သူနဲ့ အဲဒီဘာသာရပ်တွေက ခွဲမှမရဘဲ၊ သူ့စကားထင်တယ်၊ အညာသား ယဉ်ကျေးမှုဆိုတာ ...၊ ခုနောက်ပိုင်းတော့ ... ဆောဟိန်းရဲ့ စာတမ်းတွေက ကျွန်တော့် လက်စွဲပဲ"

"ပြဒါးလင်းနဲ့ တောင်သမန်မှာ တွေ့တာတွေ ... ကျွန်မ ဖတ်လိုက်ရတယ်"

"မမင်းဝင်း အဆက်မပြတ်ဘူးပဲ"

သူ ပြုံးသည်။ အမှတ်မထားမိစဉ်က ပြန်လည်ပြုံးခြင်း မရှိသည်ကို တစ်မျိုး ထင်ခဲ့သည်။ ယခုသော် တစ်ယောက်တည်း ပြုံးရသကဲ့သို့ ဖြစ်နေသည်။ တစ်ဖက်၏ လိုက်လှဲခြင်းမရှိသောအခါတွင် မိမိ၏အပြုံးသည် စင်းစင်းကြီး ဖြစ်ခဲ့သည်။ အပင်မဲ့ကန္တာရ အတွင်း၌ တစ်ပင်တည်းပေါက်ရောက်နေသော သစ်ပင်နှင့်တူသည်။ သို့သော် အမှုမဲ့ အမှတ်မဲ့ နေရသကဲ့သို့ နေသည်။

"ဒီမြို့မှာ ရှင် လေ့လာစရာတွေ ရှိသလား"

သူ ခေါင်းညိတ်သည်။

"သစ်ခက်သစ်ရွက် ကျောက်ဖြစ်ရုပ်ကြွင်း လေးငါးခုတောင် ကျွန်တော်ရထားပြီ၊ တစ်ခုကဆိုရင် မမင်းဝင်းတို့ ခြံရှေ့နားက ..."

mgyoe.com

mgyoe.com

"ဟုတ်လား"

ဟုတ်လား၏ သံစဉ်နိမ့်မြင့်သည် ပို၍ ထူးခြားနေ၏။

"ကျွန်မ ... အားရတဲ့ရက်နဲ့ကြုံရင် ... ကျွန်မ အဲဒါတွေ ရှာဖွေတာကို လိုက်ကြည့်ချင်တယ်"

"ကျွန်တော်ကတော့ အနီးဝန်းကျင်ကို နေ့တိုင်းသွားနေတာပဲ မမင်းဝင်း"

"ကားလမ်းဘက်က ကျားဂူကို ရောက်ပြီးပြီလား"

ကံဟိန်းပြောပြ၍ ကြားတော့ကြားဖူးသည်။

"ကြားတောင် မကြားဖူးသေးဘူး"

"နောက် ... ဘုန်းကြီးဂူဆိုတာ ရှိသေးတယ်၊ အနောက်တစ်ဘူတာ ကျော်ကျော်ဘက်မှာ ရှိတဲ့ ယင်းတော်ရွာအားတွင် ကပ်နေတာ၊ အဲဒီဂူပတ်ဝန်းကျင်မှာ ကျောက်ချောလက်နက်တွေ ခဏ ခဏ ရတတ်တယ်၊ အဖေ့ဆီမှာတောင် နှစ်ခု သုံးခု ရှိတယ်၊ ပေါင်မှာ သက်တံ့တို့ အကျိတ်တို့ပေါ်ရင် အသွားဘက်နဲ့ ခုနစ်ချက်စီ တို့ရင် ပျောက်တယ်ဆိုကြတာပဲ"

"ကျွန်တော် ... အဲဒီကို သွားချင်လိုက်တာဗျာ၊ ခု ချက်ချင်း ထတောင် ပြေးချင်လာပြီ"

ပြောပြီး သူရယ်သည်။ သူ့နှုတ်ခမ်းကို ငေး၍ ကြည့်နေသည်။

"တစ်နေ့လောက် ... ကျွန်မ လိုက်ပို့ပေးမယ်"

"ကျေးဇူးပေါ့ဗျာ ...၊ ဒါပေမဲ့ ... ဂူနာမည်တွေက တစ်မျိုး၊ ဘုန်းကြီးဂူဆိုတာ ထားပါတော့၊ ဘုန်းကြီးနဲ့တွေ့ရင် ငါးပါးသီလခံ၊ ကုသိုလ်ရမယ်၊ ကျားဂူကတော့ ကျားနဲ့တွေ့မှာ ...၊ ကျားဆိုတာ ပြောမရ ငေါက်မရ စိတ်ဆိုးလည်း ရမှာမဟုတ်ဘူး၊ ကိုက်စားမှာဗျ"

မျက်လုံးတွေက ပြုံးနေသည်ဟု သူထင်သည်။ နှုတ်ခမ်းသည် ခပ်ဟဟ။ နုထွေးပြည့်တင်းသော နှုတ်ခမ်းလွှာသည် ပကတိအားဖြင့်ပင် နီမြန်းမြန်း။ ဖြူဖွေးသော သွား၏ အရိပ်လေးတွေက နှုတ်ခမ်းလွှာတွင် အလင်းရောင်ပြန်ဖြင့် ရေးရေး ထင်နေ၏။

■

mgyoe.com

mgyoe.com

# [ ၅ ]

မီးချောင်းတွေပိတ်ကာ ဆယ့်ငါးတိုင်အား မီးလုံးတစ်လုံးသာ ထွန်းထားသည်။ မီးရောင် လျော့သွား၍လား မသိ။ အအေးကို ပို၍ ခံစားရသည်။ ကံဟိန်းက စားပွဲအောက်နှင့် စားပွဲပေါ်ရှိ မီးသွေးမီးဖိုတွင် မီးသွေးထပ်ထည့်ပေး၏။ ဦးမင်းစိန်က သက္ကလတ်အနွေးထည်ကို ကော်လံထောင်ရင်း စကားဆက်သည်။

"သိတာပေါ့ ...၊ ဦးသော်ဆွေကို ဒီမြို့မှာ မသိတဲ့သူ မရှိပါဘူး၊ သိပ် အလုပ်လုပ်တဲ့သူ ...၊ ဪ ... ဦးသော်ဆွေ့ညီကိုး၊ သားချင်း ဘယ်နှစ်ယောက်ရှိလဲ"

"သုံးယောက်ပါ ဦး၊ ညီမတစ်ယောက် ရှိသေးတယ်၊ ဆေးတက္ကသိုလ် တက်နေပါတယ်"

"မောင်တင်ဆွေ့ညီမကလည်း ပညာတော်တာပဲ ...၊ ဦးသော်ဆွေ ဒီမှာ ခဏခဏ လာပြီး စားသောက်ဖူးတယ်၊ ခင်ပါတယ်၊ ဦး ကွန်းသာယာဆောက်တဲ့ နှစ်လောက်မှာပဲ ဦးသော်ဆွေလည်း ဒီမြို့ကို ပြောင်းလာတာပဲ၊ ဦးသော်ဆွေက အားလုံးနဲ့ လူပေါင်းဆံ့တယ်၊ မောင်တင်ဆွေနဲ့က အခုမှ စကားစပ်ဖြစ်လို့၊ နို့မဟုတ်ရင် သိဦးမှာ မဟုတ်ဘူး၊ ဒီလိုလေ ... တချို့ကျတော့ တည်းခိုရိပ်သာမှာ လာနေတယ်၊ စားတယ်၊ နေရပ်လိပ်စာနဲ့ အမည်လောက်သာ ဧည့်စာရင်းအရ လုပ်ထားရလို့ သိတာ၊ ဘာကြောင့် ... ဘာကိစ္စနဲ့ ဘယ်သွား ဘယ်လာမယ် မေးလို့ မကောင်းဘူးလေ"

"ဟုတ်တာပေါ့ ဦး"

"ဒီတော့ ... မျက်နှာချင်းဆုံရင် ပြုံးပြ၊ လိုတာရှိရင် ပြောပါ၊ ဘာပါစကားမပြောစရာရှိတယ်လေ ...၊ စပ်စုရာကျသွားမှာလည်း စိုးရမဟုတ်လား၊ တချို့ကျတော့လည်း

mgyoe.com

mgyoe.com

မြေပြန့်ဆင်းတိုင်း ဝင်တည်းတယ်၊ တောင်ပေါ်တက်တိုင်း ဝင်တည်းတယ်၊ စဖွင့်ကတည်းက မကြာ မကြာ လာတဲ့သူ ရှိတယ်၊ တစ်ခါတစ်ရံ တွေ့တဲ့သူတွေ့တယ်၊ တစ်ခါလောက်ပဲ တွေ့လိုက်ရတဲ့သူရှိတယ်၊ လာတည်းတဲ့သူတွေ ရောက်လာလိုက် ...၊ ပြန်သွားကြသူတွေ သွားကြ ...၊ နှလုံးသွင်းကြည့်တော့ တရားသဘောပဲ"

လေးနက်သော စကား၏ အပိုင်းသည် ပို၍ ကျယ်ဝန်းစပြုလာ၏။ သူ ခေါင်းညိတ်သည်။

"ဦး ... တရားထိုင်ဖူးတယ်၊ ဝေဘူမှာကို သွားထိုင်တာ ...၊ သမီးလည်း ပါတယ်၊ ဘမြန်နှစ်က ..."

စိတ်ညစ်စရာကြုံရသည့်အချိန်ကို ဆိုလိုကြောင်း တွက်၍ရသည်။

"ဟုတ်ကဲ့"

"ဆရာတော်ပေးတဲ့နည်းနဲ့ အိမ်မှာထိုင်ဖြစ်တယ်၊ ဒီနှစ်ထဲတော့ ... ဝေယျာဝစ္စတွေများပြီး မထိုင်ဖြစ်တာက များနေတယ်၊ အဲဒီအခံရလာတော့ တည်းခိုရိပ်သာ ရောက်လာသူတွေ ပြန်သွားကြသူတွေ ကြည့်ပြီး တရားသဘောကို ဆင်ခြင်မိတယ်ကွယ့်"

"ဟုတ်ပါတယ် ဦး၊ ကျွန်တော် ကြားဖူးပါတယ်၊ ပွဲတောင်မှ ကြည့်တတ်ရင် ဘာဝနာလို့ အဆိုရှိတာပဲ"

"အဲဒီသဘောပေါ့ကွာ ...၊ နို့ လူ့ဘဝကြီးက ဒီသဘောပဲ၊ ကြုံတယ် ... ဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ချင်မဖြစ်ဘူး၊ မကြုံရှယ်ဘူး ... ဖြစ်ချင်ဖြစ်တာမျိုး၊ လူဖြစ်လာတော့ လူ့ဝတ္တရားအရ အလုပ်လုပ်မယ်၊ စားမယ်၊ သောက်မယ်၊ လှုဒါန်းမယ်၊ ကိုယ့်အကျိုး ... အများအကျိုး ... ပြုနိုင်သလောက်ပြု၊ အသက်ရှစ်ဆယ် ကိုးဆယ် တစ်ရာကျတော့လည်း သေသွားတာပါပဲ၊ မလွန်ဆန်နိုင်တဲ့ တရားတွေကို အဖြစ်အပျက်သဘောနဲ့ ကြည့်ရတာပါပဲ ... မောင်တင်ဆွေရာ"

ဘဝတွင် ကြုံတွေ့နေရသည်တို့၏ ပုံတင်သံသဲ့သဲ့ကို ကြားသည်။ အပြုံးမပျက် ပြောဆိုနေသော ဦးမင်းစိန်၏မျက်နှာကို ကြည့်သည်။ လေးလံသောစိတ်ဓာတ်၏ ဂယက်။ သို့သော် ဖိစီးမှုကို ညည်းတွားကာ မခံနိုင်စွမ်းဖြင့် ပြောပုံမျိုးမဟုတ်။

"ဟုတ်ပါတယ် ဦး"

"မဖြစ်အောင် တားဆီးတဲ့တရားက ... အကြွင်းမဲ့မဟုတ်ဘူးလို့ ဦးတော့ ယုံတယ်၊ အဲဒီတရားကို ရင်ဆိုင်နိုင်ခြင်း ... ရင်မဆိုင်နိုင်ခြင်းကသာ သတ္တဝါတစ်ခုရဲ့ အရည်အချင်းလို့ ဦးထင်တယ်"

mgyoe.com

mgyoe.com

"ခင်ဗျာ"

သူ နားမလည်မှုန်း သိဟန်တူ၏။

"ဆိုပါတော့ကွာ ... ကမ္ဘာပေါ်မှာ မုန်တိုင်းမဖြစ်အောင် တားလို့မရဘူး၊ အဲ ... ကျလာတဲ့ မုန်တိုင်းဒဏ်ကို ရင်ဆိုင်နိုင်အောင် ကြိုးစားနိုင်တာကသာ သတ္တဝါတစ်ခုရဲ့ အရည်အချင်းပဲလို့ ဦးပြောတာ၊ မုန်တိုင်းကို ဗုံးနဲ့ ဒုံးကျည်နဲ့ အားလျော့အောင် ပျောက်အောင်လုပ်၊ အဲဒါ ... ရင်ဆိုင်နိုင်ခြင်းပဲလေ၊ အဲဒါဟာ သတ္တဝါတစ်ခုရဲ့ အရည်အချင်းပေါ့၊ ဒီသဘောပဲ၊ စိတ်ညစ်စရာ မကြုံရဘူးလို့ ဘယ်သူမှ အာမမခံနိုင်ဘူး၊ အဲဒီ စိတ်ညစ်စရာကို ရင်ဆိုင်နိုင်ရင် သတ္တဝါတစ်ခုရဲ့ အရည်အချင်းပဲ၊ ပြောတော့သာ စကားမဟုတ်လား၊ လက်တွေ့ကျတော့ မလွယ်ဘူး"

ပြောပြီး ရယ်သည်။ ရှမ်းဖက်ဆေးပေါ့လိပ်ကို မီးခဲတွင် တို့သည်။ သူ တစ်ခွန်းပြောသည်။

"လက်တွေ့ သဘောထားရတာရယ် ... နှလုံးသွင်းရတာရယ် အခက်ဆုံးပါပဲ"

"အခြေခံတရားတွေက ဦးတို့ နေနေ စားနေ သွားနေတဲ့ အနီးဆုံးမှာပဲ ကပ်နေတာ၊ ဘာနဲ့တူသလဲဆိုတော့ အနီးဆုံးကပ်နေတဲ့ ဝမ်းထဲက သန္ဓေသားကို လွယ်ထားတဲ့ မိခင်ကိုယ်တိုင် ယောကျ်ားလေးလား ... မိန်းကလေးလား ခွဲမသိသလိုပေါ့၊ ဒါ့ထက်နီးတာတော့ မရှိဘူး၊ ဟုတ်တယ်မဟုတ်လား၊ အဲသလို မသိတဲ့ မသိမှုမျိုးတွေ ဦးတို့ မောင်တင်ဆွေတို့မှာ ဖြစ်နေကြတာပဲ၊ ဦးက မတည်မြဲတဲ့တရားကို လာတည်းကြသူတွေကို သတိထားရင်း တွေးမိတာပဲကွ"

"ဦးပြောတဲ့ ဥပမာကို သဘောကျသွားပြီ၊ တရားရဲ့သဘောက ဆင်ခြင်ကြည့်တတ်ခြင်းပဲပေါ့"

"ဒါပေါ့ ... မောင်တင်ဆွေ၊ ဦးကတော့ ... အရာရာကို အခြေခံအရင်းအမြစ်သိရအောင် အရင်ကြိုးစားပြီးမှ ကျန်တာကို စဉ်းစားတယ်၊ ဦး တပ်ထဲမှာနေတုန်းက ... အင်း ... ဖက်ဆစ်တော်လှန်ရေးတုန်းက ... စစ်ဆင်ရေးကိစ္စမှာ လုပ်ဖော်ကိုင်ဘက်ချင်း ခဏ ခဏ ငြင်းရတယ်၊ ရန်သူက လှည့်စားတဲ့ အရွေ့အပြောင်း ... တချို့က တကယ်ရွေ့တယ် ထင်တယ်၊ ဦးနဲ့ ငြင်းရတယ်၊ ဒါပေမဲ့ ... ဦးတွက်တာ တစ်ခါမှ မမှားခဲ့ဖူးဘူး။ အဖြစ်နိုင်ဆုံး အခြေအနေနဲ့ ... တစ်ဖက်ရဲ့ သဘာဝအားလုံးကို ထည့်စဉ်းစားလို့ပဲ မောင်တင်ဆွေ"

သူ ခေါင်းညိတ်သည်။ အတော်ကျသော လက်ဖက်ရည်ကြမ်းကို တစ်ကျိုက်

mgyoe.com

ကျိုက်သည်။

"ဩော် ... ဦးက စစ်မှုထမ်းဟောင်းကိုး"

ဆေးလိပ်မီးခိုးမှုတ်ထုတ်ရင်း –

"အဆစ်အမြစ်ကိုက်တဲ့ ရောဂါဖြစ်လို့ ဆေးရုံမှာ တစ်နှစ်ခွဲတက်ရတယ်၊ ပျောက်လိုက်ပေါ်လိုက်နဲ့ဆိုတော့ အငြိမ်းစားယူလိုက်ရတယ်၊ ကွန်းသာယာ စလည်းဆောက်ရော ရောဂါလည်း ပျောက်ရော ...၊ ခုထိ ပြန်မပေါ်တော့ဘူး၊ ဟာ ... ဖြစ်တုန်းကတော့ ပေတေပြီး ရုံးလုပ်ငန်းလုပ်၊ စစ်ဆင်ရေးတာဝန်ယူ၊ ရောဂါဒဏ် ကျိတ်ခံတာ ...၊ ဒါပေမဲ့ အအိပ်အစားနဲ့ အလုပ်ပိတာ ကြာကြာဘယ်ခံနိုင်မလဲ၊ ပင်စင်ကိုယူလိုက်ရတာ၊ ဦးထွက်တော့ ဒုဗိုလ်မှူးကြီး ... စစ်ဆင်ရေးထွက်နေတုန်းပဲ ဦးဇနီး ဆုံးသွားတာ၊ သမီးမမင်းဝင်းရဲ့မအေကို သင်္ဂြိုဟ်ပြီး တစ်လလောက်နေမှ ဦးတပ်ကို ပြန်ရောက်တာ"

ဦးမင်းစိန်သည် နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလကို ပြန်ပြောင်း ပြောပြနေသော်လည်း စိတ်သည် ထိုကာလသို့ ပြန်ရောက်သကဲ့သို့ ရှိ၏။ ဦးမင်းစိန်၏စကားကို နားထောင်ရင်း သူ ခေါင်းညိတ်သည်။ ဟုတ်ကဲ့သည်။ စာနာညိတ်ဖြင့် ညိတ်သည်။

"စာဖိုမှူး ချစ်ထွန်းကြီးက ဦးနဲ့ တစ်တပ်တည်း"

"ဟုတ်လား"

မသိဟန်ဆောင်ကာ စကားအထောက်အကူ ပြုသည်။

"လွတ်လပ်ရေးရပြီးမှ ... တပ်က ထွက်သွားတာ၊ အငြိမ့်မင်းသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်၊ အဆိုအတီးလည်း တကယ်ဖြစ်တာ၊ အချက်အပြုတ်စားဖူးတဲ့အတိုင်း၊ သူ့မိန်းမဆုံးတော့ ဦးက ပြည်မှာ ... တပ်ထဲမှာ ... လာနေသေးတယ်၊ လူဟောင်းတွေက အကုန်ရှိကြသေးတယ်၊ သူ့ကို ဆွဲထားကြတယ်၊ အဲဒီကနေ ဦးတို့ပြောင်းရာ သူပါ,ပါနေတာပဲပေါ့၊ နောက်မှ ... သူနဲ့ တိုင်ပင်ပြီး၊ တပ်က အငြိမ်းစားယူပြီး ကွန်းသာယာ လုပ်ဖြစ်တော့တာ"

"ဦးဘဝက တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ"

"အဲဒါထက် စိတ်ဝင်စားစရာက ... ညာဘက် ဒူးခေါက်ခွက်အပေါ်မှာ စတင်းဂန်းကျည်ဆန် ထိပ်ဖူးတစ်ခု ခုထိ မွေးမြူထိန်းသိမ်းရေး လုပ်ထားတာကွ"

သူ့မျက်လုံးသည် မီးဖိုမှ ရွေ့သွား၏။ ဦးမင်းစိန်သည် တဟားဟားရယ်နေပြီး 'ဟုတ်လား ... ဦး'ဟူသော သူ့ အံ့ဩစကားကို 'ခွဲထုတ်လည်း ဘာမှမဖြစ်၊ မထုတ်လည်း ဘာမှမဖြစ်ဆိုတော့ ဒီအတိုင်း ထားလိုက်တာပဲ'ဟု ပြောသည်။

mgyoe.com

"ကိုယ်အလေးချိန် ချိန်ကြည့်ရင် ... အောင်စတစ်မတ်တော့ အလေးချိန် ပိုထွက်တာပေါ့"

သူ ရယ်လိုက်သည်။ ရယ်စရာကို တမင်လုပ်၍ ပြောခြင်းမဟုတ်။ ပြောပြောဆိုဆို စကားထဲတွင်ပင် ရယ်စရာပါနေသည်။ ဦးမင်းစိန်သည် ရယ်မောပျော်ရွှင်စွာ နေတတ်သူဟု ကိုယ်တွေ့သိ သိသည်။ ထိုနောက် တော်လှန်ရေးကာလနှင့် လွတ်လပ်ရေးရစ ကာလကို ပြောသည်။ ရယ်မော စိတ်ညစ်စရာတွေ စကားများနှင့်အတူ စဉ်းစားစရာတွေကိုပါ ပြောသည်။ စကားကောင်းနေစဉ် ကံဟိန်းကို ကြည့်၍။ ကံဟိန်းသည် မီးသွေးခဲသွားယူရင်း သမ်းသည်။ 'ဆယ်နာရီတောင် ထိုးပြီးပြီ မောင်ကံဟိန်း၊ သွားအိပ်တော့ကွာ'ဟု ပြောသည်။ ကံဟိန်းက ဟုတ်ကဲ့ဟု ပြောသည်။ စကားဝိုင်းထဲတွင် နားထောင်သူဖြစ်နေ၍ အိပ်ငိုက်ငိုက်ဖြစ်နေသည်။ ထိုင်ရာမှ ထပြီး အခန်းထောင့်၌ ထောင်ထားသော ဂီတာကိုယူ၍။ စေ့ထားသောတံခါးကို တွန်းကာ ရှေ့ဘက်သို့ ထွက်သွား၏။

"ဦးပြောတာ ဟုတ်ပါတယ်၊ ထွန်တုံးနဲ့ လှည်းမှာတပ်ဖို့ ကျွန်တော်တို့ နွားကို ခိုင်းတယ်၊ ကျားကို အဲဒီမှာတပ်ပြီး ခိုင်းလို့မှမရတာ၊ ကျားမှာက လက်သည်းရော အစွယ်ရော ကိုက်နိုင်တဲ့ ခွန်အားရော ... နွားထက် သာတယ်လေ၊ နွားချိုကို မမှုလောက်လို့ ဖမ်းပြီး ခိုင်းတာပေါ့၊ ကျွန်တော်တို့ စစ်ကောင်းကောင်း မတိုက်တတ်ရင် ကျားကိုသွားပြီး မဖမ်းရဲတဲ့သူက ကျွန်တော်တို့ဆီ လာမယ်၊ ကျွန်တော်တို့လည်း ကျားပဲလို့ ပြနိုင်ရမှာပေါ့"

"မောင်တင်ဆွေပြောတာ သိပ်ဟုတ်ပေါ့ကွာ၊ ငါတို့ဟာ ... ကျားဟေ့ ... ခြင်္သေ့ဟေ့ လို့ လက်တွေ့ပြနေရမှာပဲ၊ ဒါ ... တစ်မျိုးသားလုံးကိစ္စနော်"

"ဟုတ်ကဲ့"

"မောင်တင်ဆွေတို့ လူငယ်တွေမှာ ဒီလိုစိတ်မျိုးရှိနေတာ သိရလို့ ... ဦး တကယ်ဝမ်းသာတယ်ကွာ"

"စကားမစပ်မိလို့ မပြောဖြစ်ရင်သာ ရှိမှာပါ၊ လူငယ်အများစုမှာ ဒီစိတ်ဓာတ်မျိုး ရှိနေကြပါတယ် ဦး"

"ဒီည ... စကားပြောရတာ မထင်ဘဲ တယ်စည်တာပဲ"

ဦးမင်းစိန်သည် အားရပါးရ ပြောတတ်သူ။ လျှာဖျားလှုပ်ရုံမျှဖြင့် မပြောတတ်၊ မြိန်ရေရှက်ရေ ပြောသည်ချည်း။ ထိုအခိုက် ကွန်းသာယာရှေ့ဘက်မှ ဂီတာသံသဲ့သဲ့ ကြားသည်။ '... မင်းနဲ့ ငါနဲ့ ... အတူနေလို့ ဖြစ်မှမဖြစ်နိုင်တာ ... ဒါကိုလည်း နှစ်ဦးစလုံး သိပါတယ် ...' ဆိုသံသဲ့သဲ့ဝါးဝါး ကြားလေသည်။ သူ လှည့်ကာ အသံလာရာသို့

mgyoe.com

မျက်နှာမူသည်။ ဦးမင်းစိန်က ကံပဟိန်း ဂီတာတီးနေတာဟု ပြောသည်။ မောင်တင်ဆွေလည်း နားချင်နားပါဟု ပြောသည်။ ရပါတယ်ဦး၊ စကားက ကောင်းနေတာ၊ အိပ်လည်းမအိပ်ချင်သေးပါဘူးဟု ပြောသည်။ ဦးမင်းစိန်က ဘူမိဗေဒအကြောင်း မေးသည်။ သမိုင်းအကြောင်းတွေ၊ တော်လှန်ရေးကာလက ဆားတွင်းကြီးဘက်ရှိ လိုဏ်ဂူအကြောင်း စကားရောက်သည်။ သမီးဖြစ်သူသည် သမိုင်းအဓိကဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့ကြောင်း၊ ဂုဏ်ထူးဖြင့်အောင်ကြောင်း၊ ဘွဲ့လွန်ဆက်၍ မတက်ဖြစ်သည်မှာ ဖအေနှင့် မခွဲနိုင်သောကြောင့် ဖြစ်ကြောင်း ပြောသည်။

"ကွန်းသာယာဆိုတာ ... သမီးပေးတဲ့အမည် မောင်တင်ဆွေ၊ အစက ကွန်သာယာ၊ ကွန်ကို လူတွေက ကွန်းပဲဖတ် ကွန်းပဲခေါ်တာနဲ့ ဆိုင်းဘုတ်မှာ ဝစ္စပေါက်နှစ်လုံး ထပ်ထည့်ရတော့တာ"

■

mgyoe.com

mgyoe.com

# [ ၆ ]

တံခါးဖွင့်သည်။ ကံဟိန်း။

“ဦးသော်ဆွေ စားသောက်ခန်းထဲမှာ စောင့်နေတယ် အစ်ကို”

ခြင်ထောင်ပေါ်တွင်တင်ထားသော ယုန်မွေးအနွေးထည်ကို လှမ်းဆွဲကာ ဝတ်သည်။ အပြင်ထွက်ပြီး တံခါးအစေ့တွင် ကံဟိန်းက တံခါးသော့ခတ်ခဲ့ဦးလေ အစ်ကို၊ တည်းတဲ့သူတွေက အခန်းတိုင်းမှာပဲဟု ပြောသည်။ အံဆွဲထဲရှိသော့ကို ယူသည်။ ကံဟိန်းကို ကျေးဇူးပဲဟု ပြုံး၍ပြောသည်။ လှေကားထစ်များကို သွက်သွက်နင်းကာဆင်းသည်။ လက်ရန်းပေါ်မှ သမင်လည်ပြန်ကြည့်ပြီး ဆင်းသည်။ ကိုကိုသည် ငွေသိမ်းစားပွဲနှင့် ကပ်လျက် စားပွဲတွင် သူ့ကို လှမ်းပြုံးသည်။ မနေ့ကမှ ဝယ်စီးသော ပိန်းတန်းဖိနပ်မှာ အစွပ်ရကျပ်နေ၏။ ကမန်းကတန်းစီးပြီး ကိုကို့ထံသို့ သုတ်သုတ်လျှောက်သွား၏။

“ခုပဲ ငါပြန်ရောက်တာ၊ စာဘူးထဲဖွင့်ကြည့်တော့ မင်းလာမယ်ရေးတဲ့ စာရယ်၊ ကွန်းသာယာမှာ တည်းတဲ့စာရယ်၊ မေမေတို့ရေးတဲ့စာရယ် တွေ့တယ်၊ ဒါနဲ့ ... ငါ အခု လိုက်လာတာ”

ပြုံးကာ လှမ်းပြော၏။ ကုလားထိုင်တွင် ထိုင်လိုက်စဉ် –

“စာကြိုရရင် ဦးဒိုးစိန်ကို အိမ်စောင့်ထားခဲ့တာပေါ့၊ ခုတော့ ... မင်း ဒီမှာ လာနေရတယ်”

“ကိစ္စမရှိပါဘူး ကိုကိုရာ”

မတွေ့ရသောနှစ်ဝက်အတွင်း ကိုကို့အသားအရေတွေ ပို၍ ညိုလာ၏။ ကိုကို့ဆံပင်တို့သည် ကုပ်ကို ထောက်စပြုနေ၏။ ဆီးရောင်နေကာမျက်မှန်ထဲမှ ကိုကို့မျက်လုံး

mgyoe.com

သည် နံရံကပ်ဗီရိုဘက်သို့ ဖွေပြီး ရောက်သွား၏။ ယခုမှ သတိပြုမိ၏။ မမင်းဝင်းသည် တစ်စုံတစ်ရာ ရေးမှတ်နေ၏။

"တစ်ပတ်နေပြီးရင် ... ခရီးပြန်ထွက်ရဦးမယ်"

"ဟင် ... ကိုကို့ဥစ္စာကလည်း နားရတယ်မရှိပါလား"

စီးကရက်ဘူးကို တိုက်ပုံအင်္ကျီအိတ်ထဲမှထုတ်၍ သူ့ရှေ့တွင်ချပေးသည်။ ဓာတ်ငွေ့မီးခြစ်ပြားလေးကို ညာဘက်အိတ်ထဲမှထုတ်ကာ စီးကရက်ဘူးပေါ်တွင် တင်၏။ ပြီးမှ –

"စပါးက တင်းပေါင်း ဆယ့်တစ်သိန်းရအောင် ဝယ်ရမှာ ...၊ တစ်ဝက်တော့ ကျိုးနေပါပြီ၊ ခရီးကထောက်တယ်၊ ကြမ်းတယ်၊ သယ်ယူပို့ဆောင်ရေးက ကားလမ်း၊ ရထားလမ်းရောက်အောင် နွားလှည်းပဲ သုံးလို့ရတာ၊ ရှေ့လကုန်ရင်တော့ မှန်းသလောက် ရပြီ၊ ဒါထက် မင်းတစ်ယောက်တည်းလား"

"ဟာ ... ကိုကိုကလည်း တွေ့တာနဲ့ နောက်ပြီ"

"မဟုတ်ပါဘူး၊ ကျော်စွာတို့ ဆလိုင်းထွန်းတို့ တစ်ယောက်ယောက်များ မင်းနဲ့ အတူတူ လိုက်လာကြသလားလို့"

"ကျော်စွာကတော့ အားမှလိုက်လာမယ်ပြောတယ်၊ ဆလိုင်းထွန်းက ထားဝယ်ကို ပြန်တယ်"

"ဟ ... ဆလိုင်းထွန်းက ချင်းတောင်မပြန်ဘဲ ဘယ့်နှယ် ထားဝယ်ပြန်ရတာလဲ"

သူ ပြုံးသည်။

"သူ့ဦးလေးတွေဆီ ခဏ အလည်သွားတာပါ၊ သူ ထားဝယ်မှာမနေတာ ဘွဲ့လွန် တက်ကတည်းကပဲ ... အဖေ အမေက ရန်ကုန်မှာပဲဟာ ...၊ ကျွန်တော်ပြောတာမှားလို့"

"ဟိုကောင်မလေးကော နေထိုင်ကောင်းရဲ့လား"

မသိယောင်ပြုကာ တမင်ပြန်မေးသည်။

"ဘယ်သူလဲကိုကို ရီရီနွယ်လား၊ နော်ခူဖောလား ကိုကို"

တဟင်းဟင်းနှင့် ရယ်နေသည်။ နဖူးအရစ်ထင်အောင်ပင် မျက်ခုံးတွန့်တင်ထား သည်။

"ငါ့လခွီး ... တင်တင်ဟန်ကိုပြောတာ၊ မင်းနဲ့ တင်တင်ဟန်ကို အဆက်ဖြစ်ပြီ ထင်လို့"

"မဖြစ်သေးပါဘူး"

mgyoe.com

 mgyoe.com 

သူ လေသံတိုးသည်။ ကိုကို့လေသံက ပုံမှန်။

"နီးတော့ နီးစပ်ပြီပေါ့၊ ဘာသာရပ်ချင်းလည်း နီးတာပဲ၊ တင်တင်ဟန်က သမုဒ္ဒရာ ကြမ်းပြင်အောက်ကို ...၊ မင်းက တောင်ထိပ် ...၊ ဟား ဟား"

ကိုကို မရိပ်မိအောင် မျက်နှာတစ်ဖက် လှည့်သည်။ မမင်းဝင်းသည် ရေးမှတ်လျက် ရှိ၏။ ခေါင်းငိုက်ငိုက် ထား၏။ စားပွဲအသီးသီးမှ စားသောက်နေသူတို့၏ အသံသည် ကိုကို့အသံကို လွှမ်းလွှမ်း။

"ကိုကို ... ခရီးပြန်ထွက်ရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"ဟ ... အိမ်မှာ မင်းဘာသာ မင်းနေပေါ့"

"ချက်ပြုတ်စားဖို့ကျတော့ကော"

"အိမ်မှာ အိုးခွက်ပန်းကန် မီးဖို အစုံအလင်ရှိပါ့ဗျာ"

မသိနိုးနားပြုကာ ကိုကိုနောက်နေသည်။

"ဒါတော့ သိတာပေါ့၊ ဘယ်သူချက်မလဲ ကိုကိုရ"

"ဟ ... ကိုယ့်ဘာသာကိုယ်ချက်၊ ဘာခက်တာ မှတ်လို့ကွာ၊ ထမင်းရေခန်းချက် လည်း ငါပြပေးပါ့မယ် ...၊ ဆန်ဆေး၊ ရေကို ခြေမျက်စိမြုပ်သာသာထည့်၊ သေချာချင်ရင် တိုင်းကြည့်"

ကိုကိုသည် အားရပါးရရယ်သည်။ သူပါ ရောရှုရယ်သည်။ မမင်းဝင်းထံသို့ မျက်လုံးရောက်သွား၏။ သူတို့ ညီအစ်ကိုနှစ်ယောက်ကို ငေးမောကာ ကြည့်နေသည်။

"အလကား ပြောတာပါ၊ ဦးဒိုးစိန်နေခဲ့မှာပါ၊ နို့မဟုတ်ရင် ... မနက်စာကို ကွန်းသာယာ ပြေးစား၊ ပြန်တော့ လမ်းမှာပဲ ဗိုက်ချောင်၊ ဗိုက်ချောင်တော့ ကွန်းသာယာ တစ်ခါပြန်လာ ...၊ မင်း ... ချာလပတ်လည်နေမှာ ...၊ ခုကော ... ဘယ်လောက်ကုန်နေ ပြီလဲ"

အသံနိမ့်ကာ သူ ဖြေ၏။

"ဆယ့်နှစ်ရက်စာ ပေးပြီးပြီ"

"နေတာရော ... စားတာရောဆိုတော့ မင်း သုံးရာထိနေပြီပဲ၊ ငါ ပြန်ပေးပါ့ မယ်ကွာ"

"ပါလာတာ တစ်ထောင်တည်း၊ တစ်လမပြည့်ခင် ကိုကို ပြန်လာမှ ...၊ မလာရင် ကျွန်တော် ပြန်ပြီ"

"ဒီလောက် မကြာတတ်ပါဘူး၊ ခုလည်း ... နှစ်ပတ်ပဲ၊ မင်းထည့်တဲ့စာက လမ်းမှာ

mgyoe.com

သိပ်ကြာသွားတာကိုး၊ မြန်ချင်တဲ့စာကျတော့လည်း တစ်ရက်ခြားပြီး ရောက်တယ်"

"ကိုကို ... မနက်စာ စားပြီးပြီလား"

"မနက် ခုနစ်နာရီခွဲလောက်က ရွာင်မှာ မနက်စာ စားခဲ့ကြတယ်၊ လမ်းမှာ မုန့်စား အကြော်စားနဲ့ မဆာတော့ဘူး၊ မင်းကော ... စားပြီးရောပေါ့"

"ကျွန်တော်လည်း ... ဆယ့်နှစ်နာရီခွဲလောက်ကမှ စားတယ်၊ ကိုကို ကော်ဖီ သောက်မလား"

ကောင်းသားပဲဟု ပြောသည်။ ကံဟိန်းထံသို့ သွားကာ ကော်ဖီနှစ်ခွက် မှာသည်။ ကော်ဖီသောက်နေစဉ် မမင်းဝင်းသည် သူတို့စားပွဲသို့ လှမ်းကြည့်တတ်သည်။ သူ ထိုင်ရာမှ ထကာ မမင်းဝင်းဟုခေါ်၏။ အကြည့်တွင် ဟောဒါ ... ကျွန်တော့် ကိုကို ဦးသော်ဆွေဟု မိတ်ဆက်စကား ပြောသည်။ ကိုကိုက ထိုင်ရာမှထကာ ကျွန်တော် ဒီမှာ စားနေကျပါဟု ပြောသည်။ မမင်းဝင်းသည် ခေါင်းကို အသာညိတ်သည်။ ကုလားထိုင်မှဆင်းပြီး စားပွဲတွင်ကပ်၏။

"ဦးသော်ဆွေကို မြင်ဖူးတာ ကြာပါပြီ၊ အဖေနဲ့ စကားပြောပြောနေတာတော့ မကြာ မကြာ တွေ့ပါတယ်"

"ဟုတ်ကဲ့ ... ဆရာ ဦးမင်းစိန်နဲ့ ခင်ပါတယ်"

"သူ့နာမည်က မမင်းဝင်းတဲ့"

ကိုကို ခေါင်းညိတ်သည်။ ပြုံးသော ကိုကို၏နှုတ်ခမ်းကို မမင်းဝင်း ကြည့်သည်။ ထို့နောက် သူ့ထံသို့ ပြန်လည်မျက်နှာချင်းဆိုင်၏။

"ကိုတင်ဆွေက ဦးသော်ဆွေနဲ့ သွားနေမယ်ဆိုရင် ကျွန်မတို့ ငွေပြန်အမ်းရမယ်"

"ကိစ္စမရှိဘူး မမင်းဝင်း ...၊ ကျွန်တော် လာလာပြီး စားတဲ့သောက်တဲ့အခါ ခုနှိမ်ပေါ့၊ မဟုတ်ဘူးလား"

မမင်းဝင်း ခေါင်းညိတ်သည်။

"ဒါလည်း ပြီးတာပါပဲ၊ ဒီနေ့ပဲ ဦးသော်ဆွေဆီ သွားနေမယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ဒီမှာ ထမင်းလာစားမှာလား"

"စားဖြစ်မှာပါ၊ ကျွန်တော် လာစရာကိစ္စတွေ ရှိတယ်လေ၊ ဒီကို ရောက်နေမှာပဲ"

သူ့ကို တွေတွေကြည့်နေသည်။

"ပုံတူဆွဲပေးစရာလည်း ရှိတယ်လေ"

mgyoe.com

"ဟုတ်တာပေါ့"

အသံ၏ ထူးခြားမှုကို သတိပြုမိသည်။ ဝမ်းသာအားရပြောသော အသံအမျိုးအစားတွင် ပါဝင်နေသည်။

"ပြီးတော့ ... ကျားဂူနဲ့ ဘုန်းကြီးဂူကို သွားစရာလည်း ရှိသေးတယ်"

"အား ... ကျွန်မ မေ့နေတယ်၊ ကြည့်စမ်း ... ဟုတ်တာပေါ့"

ရင်ထဲတွင် ထိုအသံသည် လာ၍ထိ၏။ မေ့လျော့နေသည်ကို ပြန်လည် အမှတ်ရခြင်း၊ ကိုယ့်စကားကိုယ် ပြန်လည် ဂရုပြုမိခြင်း၊ အားနာတရ အာမေဍိတ်ပြုခြင်းတို့သည် မမင်းဝင်း၏အသံတွင် အပြည့်အဝနီးပါး။ ခံစားတတ်သော အသက်ဝင်လှုပ်ရှားမှု အငွေ့အသက်ကို သူ့အာရုံတွင် ရလေသည်။ မမင်းဝင်း၏ နှုတ်ခမ်းထောင့်နှစ်ဖက်သည် လှုပ်ရှားမယောင်ဖြစ်နေသည်ဟု သတိထားကြည့်သူအဖို့သာ သိစေ၏။

"ရပါတယ် ... မမင်းဝင်း၊ အားတဲ့တစ်နေ့ပေါ့"

စားပွဲသို့ သူ ခြေတစ်လှမ်းဆုတ်သည်။ ကိုကိုက ပြန်ထိုင်သည်။

မမင်းဝင်းက ကုလားထိုင်တွင် ပြန်ထိုင်သည်။ ကိုကို၏အကြည့်သည် သူ့ကို စေ့စေ့စပ်စပ်။ မျက်လုံးချင်းရှောင်ကာ အပြင်သို့ သူ ကြည့်၏။ ချယ်ရီပွင့်တွေကို အကိုင်းတိုင်းတွင် သုံးလေးပွင့်စစီ တွေ့ရ၏။

မွန်းတိမ်းသော်လည်း အေးမြလျက်ရှိ၏။

■

mgyoe.com

mgyoe.com

# [ ၇ ]

အပေါ်ထပ်ဧည့်ခန်းထဲတွင် ကိုကို ထိုင်စောင့်သည်။ သူ သော့ဖွင့်လိုက်သည်။ ဘောင်းဘီ၊ လုံချည်။ အင်္ကျီတွေ ခေါက်လျက်သား။ စားပွဲပေါ်တွင် ထပ်ကာတင်ထားသည်။ မနေ့ကနှင့် တစ်နေ့က ဝတ်ပြီး မလျှော်ရသေးသော အင်္ကျီနှင့်လုံချည်တွေ လျှော်ဖွပ်ပြီး မီးပူတိုက်ထားသည်။ ခရီးဆောင်အိတ်ကိုယူသည်။ ဇစ်ဖွင့်သည်။ အင်္ကျီအဝတ်အစားတွေနှင့် စားပွဲပေါ်ရှိ ဘောပင်ဗလာစာအုပ်၊ ပုံဆွဲစာအုပ်တို့ကို ယူပြီးထည့်သည်။ ခြေသုပ်ဖိနပ်ကို သတိရ၍ကြည့်သည်။ စက္ကူအိတ်ညိုအထူနှင့် ထည့်ထားသည်ကို တွေ့၏။ ဒေါ်ကြိုင်သည် မွေ့ရာတွေ ခေါင်းအုံးတွေသိမ်းရင်း စေတနာထားကာ လျှော်ဖွပ်ပေးသွားပုံရ၏။ ကျေးဇူးစကား ပြောရမည်။ အိတ်ကိုလွယ်ကာ ဖိနပ် စက္ကူအိတ်ကိုကိုင်ရင်း အခန်းမှထွက်သည်။ သော့ခတ်ပြီးနောက် ကိုကိုသွားရအောင်ဟု လှမ်းခေါ်သည်။ မဂ္ဂဇင်း တစ်စောင်ဖတ်နေရာမှ ကိုကို ထလာသည်။ လှေကားထိပ်တွင် ဒေါ်ကြိုင်နှင့်တွေ့၏။

"ကျွန်တော့်အဝတ်အစားတွေ လျှော်ပေး မီးပူတိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အဒေါ်"

ဒေါ်ကြိုင် ပြုံးကာ ခေါင်းခါ၏။

"အဲဒါ ပြောမလို့ ...၊ အဒေါ် ကမန်းကတန်း ပြေးတက်လာတာ၊ အဒေါ် လုပ်ပေးတာ မဟုတ်ဘူး"

"ဟုတ်လား"

"မနေ့က မင်းလည်းပြန်ရော ... မင်းအခန်းကို သူသွားတယ်၊ မင်းက သူ့ဆီမှာ သော့အပ်ခဲ့တယ်မဟုတ်လား၊ ဒီနေ့မှပစ္စည်းတွေ လာယူမယ်ပြောခဲ့တာကိုး၊ သူ ယူပြီး

mgyoe.com

mgyoe.com

လျှော်တာ၊ သူပဲ မီးပူတိုက်တာ"

"ခင်ဗျာ ..."

ကိုကိုသည် သူ့ကိုတစ်လှည့် ဒေါ်ကြိုင်ကိုတစ်လှည့် ကြည့်သည်။

"အဒေါ် ... တော်တော် အုံ့သြသွားတယ်၊ အဒေါ်က ကူပြီး ဖွပ်ပေးမယ်ဆိုတာတောင် နေပေစေတဲ့၊ သူ့ပုံတူနဲ့ ... သူ့ဖအေပုံတူ ဆွဲပေးတဲ့အတွက် ပြန်ပြီး တုံ့ပြန်တဲ့ သဘောတဲ့"

"သြော် ..."

"ဦးမင်းစိန်လည်း သိတယ်၊ ဆရာလည်း ... တော်တော် အံ့အားသင့်သွားတယ် ကွယ့်"

"ဟုတ်လား ... ကျွန်တော်လည်း အံ့သြသွားတယ် အဒေါ်"

မမင်းဝင်းသည် ထိုင်နေကျ ငွေသိမ်းသည့်နေရာတွင် ထိုင်နေသည်။ သွားတွေ့ကာ ကျေးဇူးတင်ကြောင်း ပြောမည်ဟု ဒေါ်ကြိုင်ကို ပြောသည်။ 'ဟုတ်တယ် ... ဟုတ်တယ် ... ပြောရမှာပေါ့'ဟု ပြောသည်။ ဒေါ်ကြိုင်က အပေါ်ထပ်သို့ တက်သည်။ သူဆင်းသည်။ လှေကား တစ်ထစ်ဆင်းတိုင်း အတွေးတစ်တွေးစီ ဝင်လာသည်။ မမင်းဝင်းသည် လောကထဲမှ စိတ်လွှင့်ထားသူနှင့် တူနေသည်။ စိတ်လှုပ်ရှားမှုကို မျက်နှာတွင် ဖော်ပြလေ့မရှိတော့သောသူ။ ရင်ထဲ၌ ခံစားမှုဟူသမျှ သုဉ်းသွားသကဲ့သို့ ဖြစ်နေသောသူ။ ပြုံးရယ် နှုတ်ဆက်ခြင်းနှင့်တကွ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း ဝေဒနာအဝဝကို ရင်တွင်း၌သာ ကိန်းအောင်း၍ နေစေသူ။ ဝမ်းသာပါတယ်၊ ကျေးဇူးတင်ပါတယ်၊ စိတ်မကောင်းစရာပါပဲ အစရှိသောစကားတို့ကို တစ်ခွန်း နှစ်ခွန်း နားဖြင့်ကြားသည်။ တချို့စကားလုံး တချို့ အကြောင်းအရာတွေကို ကံဟိန်းထံမှ အနည်းအကျဉ်း၊ ဒေါ်ကြိုင့်ထံမှ အတော်အသင့် တစ်ဆင့်ကြားဖူးခဲ့သည်။

"အစ်ကိုရာ ... သူ့ကြည့်ရတာ အားမလိုအားမရကြီး၊ သံပတ်ရုပ်နဲ့ မတူဘူးလား၊ အဲဒါ ... ဆရာက သူ့သဘောကိုမသိဘဲ ယောကျ်ားပေးစားဖို့ စီစဉ်တာရော ...၊ ဟိုလူက ဘီလူးသရဲလို သွားပြီး အကဲစမ်းလိုက်တာရောကြောင့် ... ပြဿနာက သေးသေးမှ မဟုတ်တာ၊ ကျွန်တော်တောင် သုံး လေး ငါးရက်လောက် ဖီလင်အောက်သွားတာပဲ၊ မမကတော့ ခုထိ တစ်ခါတည်း ဖီလင်တွေ အောက်သွားတာဗျ၊ တခြား ဘာမှမဟုတ်ဘူး၊ အဲဒါပဲ"

ကံဟိန်းသည် သူ့အမြင်နှင့်သူ မှတ်ချက်ချခဲ့သည်။ ကံဟိန်း၏ စကားထဲတွင်

mgyoe.com

mgyoe.com

လေးနက်ခက်ခဲစွာ ပိုင်းခြားစိစစ်ချက်တို့မပါ။ သို့သော် အကြောင်းရင်းသို့ နီးကပ်စွာ ရောက်ရှိနေသည့် ဝေဖန်ချက်။ မမင်းဝင်းကို အားမရစရာ သံပတ်ရုပ်နှင့် နှိုင်းသည်မှာလည်း မျက်လုံးထဲတွင် ထင်းခနဲပေါ်သည်။ မမင်းဝင်း၏စကားသည် အနက်ပေါ်ရုံ။ အဓိပ္ပာယ်မလွဲမှားသော စကားအသံများသာ။ လေယူလေသိမ်းသည် တန်း၍နေ၏။ နိမ့်မြင့်ကွဲသည်ဆိုကာမျှ။ စကားသံတို့သည် လှိုင်းကင်းမဲ့နေသည်ဟု ခံစားစွာ ကြားခဲ့ရသည်။ နှုတ်နှင့် ကျင့်သားရှိနေပြီးသား စကားကို ပြောသည်ဟုသာ နားလည်ခဲ့သည်။ ယန္တရားရုပ်မဆန်ခင်ကာလက ပြောခဲ့မည့်ဟန်၊ အများနည်းတူ ပြောဟန်ကို လေးငါးခွန်းသာ ထူးခြားစွာ ကြားခဲ့ရသည်။

လူတွေနှင့် ဆက်ဆံရသောနေရာတွင် ရှိနေသော်လည်း စိတ်၏ဝင်စားခြင်းသည် ဝေးလေစွ။ စားသောက်နေသော စားပွဲတစ်ဝိုင်းဝိုင်းမှ ဇွန်းတစ်ချောင်း လွတ်ကျသံကြားလျှင် ကံဟိန်း ဇွန်းသစ်တစ်ချောင်း လဲပေးလိုက်ပါဟု ပြောမည်။ ငွေရှင်းသူရောက်လာလျှင် ဘယ်လောက်ကျသလဲအဒေါ် ဒေါ်ကြိုင်ကို လှမ်းမေးမည်။ ပြောဆိုဆက်ဆံမှုတို့သည် အီလက်ထရွန်နစ် သတ္တိဖြင့် ကွန်ပျူတာတည်ဆောက်မှုစနစ် အစွမ်းဖြင့် လှုပ်ရှားသော သိပ္ပံရုပ်။ မိန်းမချော အရုပ်တစ်ရုပ်။

ထည့်သွင်း စီမံထားသော အချက်အလက်များအတိုင်း မေးမြန်းပြောဆိုသော နှုတ်ခမ်းနှင့်အသံ၊ အမှားအယွင်းမရှိအောင် သိပ္ပံအစီအရင် မိန်းမလှတစ်ဦးဟု သူ မှတ်ချက်ချခဲ့သည်။ ထိုမိန်းကလေး၏ အသည်းနှလုံးတို့သည် လောကထဲသို့ ပြန်မရောက်နိုင်တော့ဟု ထင်ခဲ့သည်။ စိတ်ဝင်စားစရာကို စိတ်ဝင်စားတတ်သေးကြောင်း အမှတ်မထင်သိခဲ့သည်။ မည်သူ့အပေါ်၌မျှ ဂရုပမာဏမပြုခဲ့သော ထိုမိန်းကလေးသည် သူ့အဝတ်အစားများကို လျှော်ဖွပ်ပေးခဲ့ပြီ။ ခဲကြောင်း ပုံတူပန်းချီကားနှစ်ချပ်၏ တန်ဖိုးကို ထိုသို့ဖြင့်ပေးရန် စိတ်ကူးပေါ်ခဲ့ပေပြီ။

စင်စစ် ကျေးဇူးတင်ပါတယ်ဟူသော စကားတစ်ခွန်းဖြင့် လုံလောက်လျှင်ရသော ရခဲ့ပြီးသော အကြောင်းခြင်းရာ။ လုံလောက်ခြင်းမရှိသေးဟု မမင်းဝင်း တွေးခဲ့သည်မှာ သေချာသည်။ ကျပ်သိပ်လွန်းသော မြေလွှာထုကို ငလျင်ဖြင့် အလွှားလွှား ကွာစေ ကျိုးစေ ပဲ့စေသကဲ့သို့ အထုအစိုင်သည် လှုပ်ရှားပြီဟု ထင်၏။

"ဘယ်သူ့ကိုမှ ဖုတ်လေတဲ့ငါးပိ ရှိတယ်မမှတ်တဲ့ ဟိုကောင်မလေးက မင်းအဝတ်အစားတွေ လျှော်ပြုပေးတယ်ဆိုတာ တယ်ဆန်းပါလားကွ"

တစ်ဆစ်ချိုး လှေကားခုံသို့အရောက်တွင် ကိုကိုပြောသည်။ မမင်းဝင်းကို သူမြင်

mgyoe.com

 mgyoe.com 

နေသည်။ စာရွက်ပေါ်တွင် တစ်ခုခုရေးနေဟန် တူ၏။ ကိုကို့ကို ဘာမျှပြန်မပြောဖြစ်သေး။ မမင်းဝင်းရှေ့တွင် သူ ရပ်သည်။ မိန်းကလေးတစ်ယောက်၏ မျက်နှာပုံ ခဲခြစ်ထားသည်။ အမျိုးအစားတွေ မမှန်သော်လည်း နှုတ်ခမ်းပုံသည် ပြုံးနေသောနှုတ်ခမ်း။ သော့ကို ကြိုးမှ ကိုင်ကာ ပုံပေါ်တွင် သူ ဖြည်းဖြည်းချလိုက်သည်။ သူ့ကို ထိုအခါမှ ကြည့်၏။ ပြုံး၍ ခေါင်းတစ်ချက်ညိတ်သည်။

"ပုံက လှတယ်၊ များများလက်ကျင့်ယူရင် ပုံတူ ကောင်းကောင်း ရေးလို့ရပြီ မမင်းဝင်း၊ ကျွန်တော့် အဝတ်အစားတွေ လျှော်ပေး မီးပူတိုက်ပေးတဲ့အတွက် သိပ် ကျေးဇူး တင်ပါတယ်"

"ကိစ္စမရှိပါဘူး။ မနက်ဖြန်လာမလား"

သူ ခေါင်းညိတ်ပြသည်။ ကိုကိုသည် လှေကားအနီးတွင်သာ ရပ်၍ စောင့်နေ၏။

"ဟိုမှာနေပေမဲ့ ... ဒီတော့ ရောက်နေမှာပါ"

ထိုအချိန်တွင် မော်တော်ဆိုင်ကယ်သံကြားသည်။ မမင်းဝင်းသည် ရှေ့သို့ ကြည့် မျှော်ကာ –

"အဖေ ပြန်လာပြီ၊ အဖေနဲ့ တွေ့လိုက်မါဦးလား"

သာမန်အားဖြင့်သော် ထိုစကားသည် တန်ဖိုးမရှိချေ။ ဖခင်နှင့် တွေ့ဆုံစေလိုသော စကားသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် အဆင့်မြင့်သောစကား။ တည်းခိုခန်းပိုင်ရှင်နှင့် တည်းခိုသူတို့၏ ဆက်ဆံရေးအဓိပ္ပာယ်မဟုတ်။ ဆွေမျိုးရင်းချာ သို့မဟုတ် ရင်းနှီးကျွမ်းဝင် သူချင်း၏ ဆက်ဆံရေး အတိုင်းအတာတွင် ပါဝင်နေသည်။ ခင်မင်မှု၊ အသိအမှတ်ပြုမှု တို့၌ အကျုံးဝင်နေသော စကား။ တိုက်တွန်းစကား။ တွေ့ဆုံနှုတ်ဆက်စေချင်သော ဆန္ဒ သည် မမင်းဝင်းတွင် ရှိနေပေပြီ။

"ဟုတ်ကဲ့ ... မမင်းဝင်း၊ ကိုကို ဒီမှာ ခဏထိုင်ပါဦးလား၊ ဦးလေး ဦးမင်းစိန် ပြန်လာနေပြီ၊ ကိုကိုနဲ့လည်း တွေ့ရအောင်"

ကိုကို လာ၍ထိုင်သည်။ မော်တော်ဆိုင်ကယ်သည် ရပ်နေကျ အုတ်ရေကန်ဘေး တွင် အသံမြည်နေဆဲ။ မမင်းဝင်းက စားပွဲရှည်ကိုပတ်ကာ အပြင်သို့ ထွက်သည်။ သူတို့ စားပွဲတွင် လာထိုင်သည်။ ဖခင်လာလျှင် ထိုင်ရန် ကုလားထိုင်ကို အသင့်ဆွဲထုတ်ပေး ထား၏။ သူ ပြုံးသည်။ ဦးသော်ဆွေသည် တစ်စုံတစ်ရာ စဉ်းစားနေ၍လားမသိ။ ညီ ဖြစ်သူ၏အပြုံးကို မတွေ့။

ခဏအကြာတွင် ဦးမင်းစိန်သည် စားသောက်ခန်းထဲသို့ နောက်ဘက်တံခါးမှ

mgyoe.com

ဝင်လာ၏။ သူတို့ကို မြင်မြင်ချင်း ဟာ ... ဦးသော်ဆွေဟု ဝမ်းသာအားရခေါ်ကာ မြန်မြန် လျှောက်လာ၏။ အသင့်ရှိသော ကုလားထိုင်တွင် ဝင်ထိုင်ပြီး သူ့ပခုံးကို တစ်ချက်ပုတ်၏။ အထုပ်တွေ အပိုးတွေနဲ့ အစ်ကို့အိမ်မှာ သွားနေတော့မယ်ထင်တယ်ဟု ပြော၏။ ဘယ်နေ့က ပြန်ရောက်လဲဟု ကိုကို့ကို မေးသည်။ ကိုကိုက မနေ့ကပါဦးဟု ဖြေသည်။ ဦးသော်ဆွေ ခရီးထွက်သွားတာနဲ့ မောင်တင်ဆွေက ကျုပ်တို့ဆီ လာတည်းနေရတာပေါ့ဟု ရယ်ပြီး ပြောသည်။ တစ်ခုခု သုံးဆောင်ပါလားဟု ဦးမင်းစိန်ပြောသည်။ ခုနလေးတွင် ဒီမှာပဲ ညစာစားကြတယ် ဦး ဟု ကိုကို ပြောလေသည်။ အလုပ်အကိုင်အကြောင်း၊ ဆန်အကြောင်း၊ ဆီအကြောင်း၊ သန်းခေါင်စာရင်းအကြောင်း၊ ပြည်ပမှ ခိုးဝင်သူများအကြောင်း ဦးမင်းစိန်နှင့် ကိုကိုတို့ စကားစပ်ကာ ပြောကြသည်။ မမင်းဝင်းသည် ငွေလက်ခံ၊ ငွေပြန်အမ်း၊ ထသွား လိုက် ပြန်လာထိုင်လိုက်နှင့် ရှိသည်။ ဖျတ်လတ်လာသည်ဟု ထင်၏။ စိတ်အထင်များ လားဟုလည်း တွေးသည်။ စကားစုံသလောက်ရှိပြီးမှ ဦးမင်းစိန်က –

"စနေနေ့ညနေစာ ဒီမှာစားဖို့ ကျွန်တော် ဖိတ်ပါတယ်"

ကျေးဇူးတင်ကြောင်း၊ လာမည်ဖြစ်ကြောင်း ကိုကိုပြောသည်။ ပြန်သောအခါ မမင်းဝင်းသည် သူ့ကို တစ်ချက်ကြည့်ပြီး မျက်လွှာချလိုက်သည်။ အပြင်တွင် နေရောင် မရှိတော့၍ ပိုမိုအေးလာလေ၏။

■

mgyoe.com

mgyoe.com

[ ၈ ]

မျက်နှာသုတ်ပဝါဖြင့် တစ်ကိုယ်လုံးကို ချွေးသုတ်သည်။ ထိုနောက် ဘောင်းဘီရှည်နှင့် အနွေးထည်အကြမ်းကို ချက်ချင်းဝတ်သည်။ ချွေးအေးမပတ်အောင် ချွေးစေးမခြောက်အောင် ကော်ဖီကြမ်းကို မှုတ်ပြီးသောက်သည်။ ကိုကိုသည် ဒိုက်ထိုးသည်။ အလေးမသည်၊ လက်မောင်းကစားသည်၊ ဗိုက်ကြွက်သားကစားသည်။ သူက ဒိုက်သာထိုးသည်။ ကိုကိုသည် ခရီးထွက်သောအခါတွင် ဒိုက်သာထိုးဖြစ်သည်ဟု ပြော၏။ ကိုကိုသည် ကျန်းမာရေးနှင့် အားကစားတွင် ဂရုစိုက်မြဲစိုက်လျက် ရှိသည်။ ကိုကို့အရပ်သည် ငါးပေခုနစ်လက်မဟု ပြော၏။ သူ့ထက် နှစ်လမကျော် မြင့်နေသည်။ အရပ်အမောင်းကောင်းသော အမွေမှာ ဖေဖေ့ထံမှ ရခဲ့ခြင်းဖြစ်သည်။ မောင်နှမသုံးယောက်စလုံး အသားဖြူခြင်းမှာ မေမေ့ထံမှ အမွေ။ ညီမဖြစ်သူမှလွဲလျှင် ငယ်စဉ်က အသားအရေမျိုး ပို၍ မရှိတော့သူမှာ ကိုကို။ မင်းအသားက ငါနဲ့ညီမကြားမှာကွဟု သူ့ကို ပြောလေ့ရှိသည်။

"ဒါထက် ... နေပါဦး ကိုကို၊ ကိုကို့ဆီ ကျွန်တော် တစ်ခေါက်လာတုန်းက ကွန်းသာယာက ဖွင့်ထားပြီလား"

စဉ်းစားနေ၏။ ထိုနောက်မှ –

"ဖွင့်ခါစ ထင်တယ်၊ ဘာဖြစ်လို့လဲ"

"မမင်းဝင်းကို ကိုကို သတိထားမိလား"

"အင်း"

"အခုနဲ့ ဘယ်လိုနေလဲ"

ကြယ်သီးစေ့တပ်ရင်း –

mgyoe.com

mgyoe.com

"ခုဟာက မြင်လိုက်ရရင် မြင်တဲ့သူ စိတ်ဓာတ်ကျကျ သွားတာပေါ့ကွ"

"ဒါကို ကျွန်တော် သိတယ်လေ၊ ဟိုတုန်းကကို ပြောတာ"

ကော်ဖီကြမ်း ပန်းကန်လုံးကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ရှူးခနဲသောက်သည်။ မျက်နှာရှုံ့ကာ မျိုချသည်။ ဟားခနဲ မှုတ်ပြီးနောက် –

"ဟာ ... ဟိုတုန်းကတော့ ဒီကောင်မလေးက သိပ်ဖော်ရွေတာ၊ ပညာလည်း ပညာတတ်၊ ခေတ်လည်းမီတယ်၊ လူမှုဆက်ဆံရေးလည်း ကျွမ်းတယ်၊ ဦးမင်းစိန်လို ပျော်ပျော်နေတတ်တာ၊ သွားလာလှုပ်ရှားတာကလည်း ဖျတ်ဖျတ်လတ်လတ်၊ ခရစ္စမတ်တွေ ဘာတွေဆိုရင် သူတို့အိမ်မှာ ပွဲလုပ်တယ်၊ အင်္ဂလိပ်သီချင်းဆိုလည်း ကောင်းတယ်ကွ၊ ကောင်မလေးက မအေမရှိဘူး"

"နောက်တော့ ဘာဖြစ်သွားတာလဲ ကိုကို"

သူသိခဲ့သည်တို့ကိုပင် ကိုကိုပြောပြသည်။ စကားအဆုံးတွင် –

"တချို့ကတော့ ပြောတာပေါ့ကွာ၊ ဖအေကြီး အသုံးမကျလို့ သမီးလေး ဒီလို ဖြစ်ရရှာတယ်ပေါ့"

"ပြောစရာ ဖြစ်သွားတာကိုး"

"ကောင်မလေးကို မြို့မှာ မသိသူရှိမယ် မထင်ဘူး၊ လူချစ်လူခင်များတယ်လေ"

"ခုလို ... တုံဏှိဘော ဖြစ်သွားရတာ ကိုကို ဘယ်လိုထင်လဲ"

"အရာရာကို စိတ်ကုန်သွားလို့နေမှာပေါ့၊ ကြည့်ပါလား၊ ပျော်ပျော်ရွှင်ရွှင်မှ မရှိတော့တာ"

"ဟုတ်တယ် ကိုကို"

"သူ့မှာ တစ်ချက်ပဲကျန်တယ် ...၊ သစ်ပင်အောက် သွားထိုင်ပြီး မှိုင်မနေတာ တစ်ခုပဲ"

အားကစား ခုံရှည်ပေါ်တွင် ထိုင်ရင်း ကိုကို ပြောလေသည်။

"အဘိုးကြီးလည်း တစ်နှစ်လောက်ကအထိ သမီးကိုကြည့်ပြီး ဋ္ဌေပျက်လောက်အောင် စိတ်ထိခိုက်သွားတာ၊ ရုပ်လည်း တော်တော်ကျသွားတယ်ကွ၊ ဒါတောင် ကောင်မလေးက ပြဿနာပေါ်ခါစထက် နည်းနည်းတော်လာတယ်၊ အဲဒီတုန်းက ဘယ်သူ့မှ စကားဟာဟ မပြောတော့ဘူး၊ ခုနှစ်လောက်မှ ပြောပြောဆိုဆိုလေး ဖြစ်လာတာ"

သူ ခေါင်းညိတ်သည်။ စိတ်ဓာတ် နာလန်ထူလာခြင်းဟု သဘောပေါက်သည်။ ကိုကို ဆက်၍ပြောသည်။

mgyoe.com

"သနားတော့ ... သနားစရာ ကောင်းတယ်ကွ"

"ဓာတ်မသိခင်ကတော့ ... ဘဝင်လေးလား အထာလေးလားဆိုပြီး ကျွန်တော် နည်းနည်း ချဉ်သွားတယ်"

"ချဉ်ရာက ချစ်ချင်သွားတယ် ဆိုပါတော့"

ပြောပြီး ရယ်လေသည်။

"ဟာ ... ကိုကိုကလည်း ..."

"သိဘူးလေကွာ"

"ကျွန်တော်နဲ့တော့ စကားတော်တော်ပြောတယ်"

"အေးကွ ... ငါ မင်းဆီလာတော့ မင်းက မိတ်ဆက်ပေးစကားတွေ ဘာတွေ ပြောလို့၊ ငါ တော်တော် အံ့ဩသွားတယ်၊ မင်း ပုံတူဆွဲပေးဖို့ကိစ္စနဲ့ ဂူတွေကို သွားကြည့်ဖို့ ကိစ္စ ပြောသံလည်းကြားတယ်၊ တကယ်ပြောတာကွ ... ပြုံးစိစိ လုပ်မနေနဲ့၊ ငါလည်း အဲဒီမှာ မကြာမကြာသွားပြီး စားလေ့ သောက်လေ့ရှိတာပဲ၊ ဒါပေမဲ့ ... ဘယ်သူ့ကိုမှ မင်းလောက် စကားပြောတာ ငါ မတွေ့ခဲ့ဖူးဘူး"

ရင်ဘတ်တွင် စို့လာသော ချွေးတွေကို ဖလံထည်အားကစားအကျီရင်ဘတ်ဖြင့် ဖိကပ်ရင်း ကိုကို့ကို သူ ကြည့်သည်။

"ခံစားမှုတွေ မရှိတော့သလို ဖြစ်သွားတာနဲ့တူတာပဲ ကိုကို"

ခေါင်းညိတ်ပြီး အင်းလိုက်သည်။

"အပြုံးအရယ် မရှိတော့လို့ ... ကောင်မလေး မျက်နှာပေါ်က အာရုံကြောတွေ သေများကုန်ပြီလားလို့ ထင်ရတယ်၊ မျက်နှာပေါ်က အရေပြားလေးတွေက သစ်ခေါက်လို ဖြစ်မသွားသေးတာပဲ တော်ပါသေးရဲ့ ဆိုရပေမပေါ့ တင်ဆွေ"

ကိုကိုသည် မမင်းဝင်းနှင့် ပတ်သက်၍ သဘောပေါက် နားလည်ခဲ့ဟန်တူ၏။

"အဘိုးကြီးနဲ့ ကျွန်တော်နဲ့ တစ်ညမှာ စကားလက်ဆုံကျဖြစ်တယ် ကိုကိုရဲ့၊ အဘိုးကြီးက ခေတ်လည်းမီတယ်၊ စာပေအဖတ်အရှုလည်း ရှိတယ်၊ အယူအဆတွေ မဆိုးဘူး၊ အနေအထိုင် ဓလေ့က ဥရောပဆန်တယ်၊ တွေးတာလည်း ပြတ်တယ်"

"သမီးနဲ့ပတ်သက်ပြီး အစီအစဉ်တစ်ချက် မှားသွားတာတစ်ခုပဲ ပြောစရာရှိတယ်၊ ဒါကလည်း ... တစ်ဘဝလုံးနီးနီး သင်ခန်းစာဖြစ်သွားတာပဲကွ"

ကော်ဖီကြမ်း ပန်းကန်ကိုင်းကို သူကိုင်ကာ အပြင်သို့ ငေးနေ၏။ ကိုကိုက—

"မြို့က ကောင်လေးတွေဆိုတာ ... မမင်းဝင်းကို အရင်ကဆို သိပ်စိတ်ဝင်စား

mgyoe.com

ကြတာ၊ ကောင်မလေးက ဖော်ရွေပေမဲ့ အနေတည်တော့ ဖြုန်နေကြတာ၊ သူတို့ ပါးစပ်ဖျားမှာ တမင်းတည်းမင်း တဝင်းတည်းဝင်း ငါ့လူ"

"ခု ... နောက်ပိုင်းကျတော့ကော ..."

"မင်း ကိုယ်ချင်းစာကြည့်ရင် သိပါတယ်ကွာ"

ထိုစဉ် ဦးဒိုးစိန်သည် အခန်းထဲသို့ ဝင်လာ၏။ ထမင်းစားကြတော့မလားဟု မေးသည်။ 'တော်ကြာလောက်မှ စားကြတာပေါ့၊ ဦးလေးဆာပြီလား'ဟု ကိုကိုမေးသည်။ ဦးဒိုးစိန်သည် ပျော့သောပါးရေတွေ တွန့်သည်အထိ ပြုံးသည်။ ခေါင်းတုံးဆံတောက်ဆံပင်တွေ အဖြူနှောလျက်ရှိ၏။ လေးဆယ်ကျော်မျှသာရှိသော်လည်း ပို၍ အိုစနာနိုင်သည်။ သို့သော် သန်မာဖျတ်လတ်သည်မှာ သူတို့နည်းတူ။

"ဦးလေး ... မန်ကျည်းသီး ငါးပိချက်နံ့ကတော့ ဒီအခန်းထဲ တန်းဝင်လာတာ၊ လျှာပေါ်မှာ အနံ့နဲ့ပဲ သွားရည်စိမ့်တက်လာတယ်"

သူ လှမ်းပြောသည်။ ဦးဒိုးစိန်သည် သက္ကလတ်ကုတ်အင်္ကျီ ကြယ်သီးတွေဖြုတ်ကာ မီးဖိုနားကပ်နေလို့တူရဲ့ အိုက်လိုက်တာဟု ပြော၏။

■

mgyoe.com

mgyoe.com

## [ ၉ ]

ရှေ့တည်းခိုဆောင်ဧည့်ခန်းနှင့် ဆက်ထားသော တံခါးမှဖြတ်၍ နောက်ဆောင်သို့ သွားသည်။ သားအဖနှစ်ယောက်နေရာအိမ်။ ဧည့်ခန်းတွင် ခဏထိုင်သည်။ မကြာမီ ဦးမင်းစိန် လာခေါ်၏။ နောက်ဆောင်၏တောင်ဘက်အပိုင်း နှစ်ခန်းစာသည် ထမင်းစားခန်း။ အလျားကျယ်သော ပြတင်းပေါက်သည် အရှေ့နှင့် တောင်ဘက်တွင် အပြင်ကို ကျယ်ဝန်းစွာ မြင်ရသည်။ အလင်းရောင် ကောင်းစွာရသော ပြတင်းများ၊ မှန်တရုတ်ကပ်များ၏ အတွင်းဘက်တွင် နံရံဂှက်သစ်သား တွန်းတံခါးများ။

စားပွဲခင်းအဖြူသည် စားပွဲရှည်ပေါ်တွင် အနားလေးဖက်ကျကာ ရှိ၏။ ထမင်းအုပ်၊ ထမင်းပန်းကန်၊ ဟင်းချို၊ အကြော်၊ ဟင်း၊ ငါးပိကြော်၊ အသုပ်၊ အချဉ်ပန်းကန်တွေ၊ အချိုပွဲပန်းကန်တွေ၊ မုန့်ပန်းကန်တွေ အားလုံးမှာ တစ်ရောင်တစ်ဆင်တည်း။ ငွေဇွန်းတွေ ဖိတ်ဖိတ်လဲ့နေ၏။ ထမင်းစားပွဲအလယ်တွင် ကြေးဝါရောင် လသာမှန်အိမ်မီးဇာကို နှိမ့်ထား၏။

ပြတင်းဘက်ကို မျက်နှာမူကာ သူနှင့်ကိုကိုတို့ ထိုင်ကြသည်။ စားပွဲထိပ်တွင် လက်ပေါင်း ဘရန်ဒီနှင့် မန္တလေးရမ်တစ်ပုလင်း။ ဖန်ခွက်သုံးလုံး။ ရေခဲရေ ဇလုံနှင့် ဆိုဒါပုလင်းကို တင်ထား၏။ ဦးမင်းစိန်နှင့်အတူ မမင်းဝင်းကပါ ထိုင်သည်။ မမင်းဝင်းသည် ဥရောပနံ့သာခဲကို ပါးပါး လိမ်းထား၏။ နှုတ်ခမ်းဆိုးဆေးအရောင်သည် စတော်ဘယ်ရီရောင်နုနု။ ဂိုယာရေမွှေးရနံ့သည် အအေးသည်းသော ဆောင်းလေထဲတွင် ဝေ့နေ၏။ မမင်းဝင်းထံသို့ အတန်ကြာရောက်သွားသော မျက်လုံးအစုံသည် ဖန်ခွက်ထဲသို့ ရေခဲတုံးထည့်သံကြောင့် လွှဲလိုက်ရလေသည်။ ဒုတိယဖန်ခွက်ကို ဦးမင်းစိန်ယူသည်။

mgyoe.com

ရေခဲညှပ်ဖြင့် ရေခဲတုံးယူကာ ထည့်၏။ တတိယဖန်ခွက်ကို အယူတွင် –

"ဦး ... ကျွန်တော် မသောက်ပါဘူး၊ ဦးနဲ့ ကိုကိုတို့ပဲ သောက်ကြပါ"

ဦးမင်းစိန်က မျက်မှန်ကိုကျော်ပြီး ကြည့်ကာ –

"သောက်ချင်ရင် သောက်နော်၊ အားနာစရာမလိုဘူး"

သူ ပြုံး၍ ခေါင်းခါသည်။

"ကျွန်တော် သောက်ချင်စိတ် မရှိလို့ပါ"

"ဟုတ်တယ် ဦး ... သူက သောက်ခဲလို့ပါ"

ဦးမင်းစိန် ပြုံးကာ ဖန်ခွက်ကို ပြန်ချသည်။ ရေခဲညှပ်ကို ကြွေဇလုံထဲတွင် ပြန်တင်သည်။ ပုလင်းနှစ်လုံးစလုံးကို ဖွင့်သည်။ ဦးသော်ဆွေ ကြိုက်တာသောက်ပါဟု ဦးမင်းစိန် ပြောသည်။ ရှပ်လက်ရှည်အင်္ကျီအဖြူကို လက်ကြယ်သီးဖြုတ်ပြီး ခေါက်ရင်း မောင်တင်ဆွေ ဘာလီ လိမ္မော် တစ်ခုခုသောက်ပါလားဟု ပြော၏။ နေပါစေ ဦးဟု သူ ပြောသည်။ ကိုကိုက ရမ်ပုလင်းကို လှမ်းယူပြီး ဖန်ခွက်ထဲသို့ ငှဲ့ထည့်သည်။ ကိုကိုက ဦးကော ရမ်သောက်မလားဟု မေး၏။ လှိုင်းတွန့်ထနေသော ဆံပင်ဖြူတွေကို သပ်၍ တင်သည်။

"ရပါတယ်၊ ဦးက ရမ်ကို ပိုကြိုက်တယ်"

ကိုကို ငှဲ့ထည့်ပေးသည်။ ဆိုဒါပုလင်းကို ဦးမင်းစိန် ဖွင့်ပြီး ဖန်ခွက်နှစ်လုံးထဲသို့ ငှဲ့သည်။ ဖန်ခွက်အပြင် အောက်ခြေတွင် ရေခဲငွေ့တွေ သီးလာ၏။ ဦးမင်းစိန်က တစ်ငုံငုံ သည်။ ကြက်သားကြော်ပန်းကန်ကို ကိုကိုနှင့်နီးအောင် ထားပေးသည်။ ကိုကိုသည် ဖန်ခွက်တစ်ဝက်နီးပါး သောက်ပြီး ကြက်တောင်ပံကို ဝါးသည်။ ဒုတိယအကြိမ် အရက် ငှဲ့တော့မှ ဦးမင်းစိန် စကားစသည်။ ဒါထက် စကားမစပ်နော် ... စပ်စုတာတော့ မဟုတ်ဘူးဟု အစချီပြီး မိဘတွေကကော ရန်ကုန်မှာပဲလားဟု မေး၏။

ကိုကိုက ခေါင်းညိတ်ပြီး အမိအဖ နှစ်ပါးစလုံး ရှိကြောင်း၊ ဖခင်မှာ အသက်ငါး ဆယ့်ငါးကျော်ကြောင်း၊ မိခင်ထက် ငါးနှစ်ကြီးကြောင်း၊ မိခင်က တိုင်းအဖွဲ့အစည်းတွင် အဖွဲ့ဝင် ဖြစ်ကြောင်း၊ ဖခင်သည် ပြည်တွင်းရေကြောင်း အင်ဂျင်နီယာဖြစ်ကြောင်း ပြောပြ သည်။ ကမ်းရိုးတန်းသွား သင်္ဘောသစ်အကြောင်း စကားရောက်ကာ ဥရောပနှင့် အရှေ့ တိုင်းသားတို့အကြောင်းသို့ ရောက်သည်။ အမေရိကန်၊ ဩစတေးလျနှင့် အင်္ဂလိပ်လူမျိုး၊ ဂျပန်လူမျိုးအကြောင်းသို့ မသိမသာ စကားရွေ့သွားကြသည်။

ဦးမင်းစိန်က ထိုအမျိုးသား စစ်မှုထမ်းများ၏ စည်းကမ်းရှိမှု၊ အားထုတ်မှုတွေကို

mgyme.com

mgyoe.com

ကိုယ်တွေ့အတွေ့အကြုံများအရ သိရပုံတွေ ပြောသည်။ ထိုစကားတွေက နားထဲတွင် ဝင်နေသည်။ မျက်လုံးသည် ကိုကိုတို့ နှစ်ယောက်သို့ အရောက်များအောင် ကြိုးစားနေရ၏။ သို့သော် မမင်းဝင်းထံသို့ မကြာခဏ ရောက်သွားသည်။ တစ်ခါတစ်ရံ အခန်းအဆင်အပြင်တွေသို့ ရောက်၏။

"ကျွန်တော် ... တကယ် ကြိုးစားချင်တာ ရှိတယ်၊ အဲဒါက မနေ့ကအထိ ကိန်းဂဏန်းအားလုံးကို ဒီနေ့ သိနေရတဲ့စနစ် လုပ်ထားချင်တယ်၊ မနေ့ကမွေးတဲ့ ကလေး ဘယ်နှစ်ယောက်၊ ယောကျ်ားလေးဘယ်နှစ်ယောက် မိန်းကလေးဘယ်နှစ်ယောက် တိုင်းပြည်မှာ မနေ့ကအထိ အသက်အကြီးဆုံး ဘယ်နှစ်ယောက်၊ ထားတော့ အသက် တစ်ရာ၊ တစ်ရာကနေ တစ်ရက်သားအထိ ကျား,မခွဲထားမယ်၊ ရှမ်း ကချင် ကရင်,ကနေ ဝ, လီဆူး, မဂူ, ဒိုင်းနက် ရှိသမျှ အကုန် အဲဒီဇယားအတိုင်း ရှိမယ်၊ ဘယ်စက်ရုံမှာ ကျား၊ မ ဘယ်လောက်၊ ကျောင်းသား၊ ဘုန်းကြီး၊ သီလရှင်အထိ၊ စာရေးစာချီ အနုပညာ သည် စစ်သည်အကုန်၊ ပြီးတော့ ... ဒုက္ခိတရော ... မကျန်းမာသူရော ... ရောဂါအမျိုးအစား ရော၊ မနေ့ကအထိ ဖွားသေကိန်းဂဏန်း၊ သိပ်တော့ခက်မယ်၊ လုပ်နိုင်ရင် တိုင်းပြည် အတွက် သိပ်တန်ဖိုးရှိမယ်"

ကိုကိုက အားတက်သရော ပြောသည်။ ဦးမင်းစိန်က စားပွဲကို ဆက်ပြီး ပုတ်ကာ သိပ်ကောင်းတာပေါ့ဗျာ။ စစ်ရေး လူမှုရေး ပညာရေး ကျန်းမာရေး ပြည်တွင်း စားရေး သောက်ရေးအထိ အကုန် အထောက်အကူ ပေးနိုင်တာပေါ့ဟု ပြောသည်။

"ရန်ကုန်တက္ကသိုလ်က ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်က ပြောတယ်၊ မင်းတို့ သန်းခေါင်စာရင်းတို့ ဘာတို့ကောက်ရင်တဲ့ ဇယားတစ်ကွက် ပိုရိုက်ပေးဖို့ လူကြီး တွေကို ပြောကွာတဲ့၊ အဲဒီအကွက်မှာ ပြောဆိုတဲ့ ဘာသာစကား နေရာထည့်ပေးပါတဲ့၊ သူပြောတာက လေးငါးအိမ်စုနေတဲ့အစု၊ ရွာငယ်၊ ကျေးရွာအုပ်စုအရရော ပြန့်နေတဲ့အရ ရော ဘာသာစကားဆိုင်ရာ မြေပုံတစ်ချပ်ထွက်လာနိုင်ဖို့က ဒီတစ်လမ်းပဲရှိတယ်တဲ့၊ မင်းတို့ ဌာနက ခရီးသွားဟန်လွှဲပေနဲ့ ကူညီရင် အဲဒီမြေပုံ ရနိုင်တယ်တဲ့"

"ဟုတ်တယ် ... ဦးသော်ဆွေ၊ ဒီမြေပုံက ဌာနလေးတစ်ခု ပညာရှင်တစ်ယောက် တစ်စုထလုပ်လို့ ဘယ်လွယ်မလဲ၊ တစ်တိုင်း တစ်ပြည်လုံး ဝိုင်းဝန်းတဲ့ အဲဒီ စာရင်းကောက် တာတို့ ဘာတို့ကျမှ တစ်နှစ် နှစ်နှစ်တွင်း ရနိုင်တာ၊ ပညာရှင်တစ်ယောက် တက္ကသိုလ် ဌာနတစ်ခုက လုပ်လို့ကတော့ ရက်ပေါင်း သန်းချီကြာမယ် ဟုတ်တာပဲ"

သူ တစ်ခွန်းဝင်ပြောသည်။

mgyoe.com

"တိုင်းပြည်မှာ လုပ်စရာတွေက အများကြီးပဲ၊ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း တစ်သိုက်ကတော့ ရေနံနဲ့ သတ္တုကို ပိုပြီး စိတ်ဝင်စားတယ်၊ ကျွန်တော်တို့ ဘာသာရပ်မှာလည်း လုပ်စရာတွေက အဲသလိုပဲ"

ဦးမင်းစိန်၏ စိတ်ထံက်သန်သော အမူအရာမှာ တက်တက်ကြွကြွရှိလှသည်။

သူ့စကားကို ဦးမင်းစိန်က ပြုံး၍ ပြောသည်။ ကိုကိုက ကျွန်တော်တို့မှာ ရှိတဲ့ အတွေ့အကြုံတွေကို ကျွန်တော်တို့ အမြဲ စစ်ဆေးနေရမှာပဲ၊ ပြန်ပြီး ဆင်ခြင်ရမှာပဲ၊ ကိုယ့်ကိုယ်ကိုယ် မညှာစတမ်း ဝေဖန်ပြီး ထောင့်စေ့အောင် ကြိုးစားကြရမှာပဲဟု ပြောသည်။ ကိုကို့စကားအဆုံး၌ မမင်းဝင်းက ပထမဦးဆုံး စကားပြောသည်။

"အဖေ့ဆီမှာ ... မိုးကြိုးသွားတွေ ရှိတယ်မဟုတ်လား၊ ကိုတင်ဆွေကို ပြလိုက်ပါဦး"

နှုတ်ခမ်းတွင် တေ့ထားသော ဖန်ခွက်သည် တန့်လျက်ရှိ၏။ ဦးမင်းစိန်သည် သမီးကိုကြည့်ကာ စဉ်းစားဟန်ပြု၏။ ချက်ချင်းပင် ဟုတ်တယ် ... ရှိတယ် ရှိတယ်ဟု ပြောသည်။ ဖန်ခွက်ကို ပြန်ချသည်။ ကုလားထိုင်ကို နောက်သို့ဖယ်ကာ ထိုင်ရာမှ ထ၏။ ကိုကို့ဘေးမှဖြတ်ကာ အိမ်အတွင်းခန်းသို့ သွား၏။

"ညီမ ပျင်းနေသလား"

ကိုကို လှမ်းမေးသည်။ ကိုကို့ကိုကြည့်ရင်း မျက်တောင် တစ်ချက် နှစ်ချက် ခတ်၏။ ထို့နောက် –

"ဟင့်အင်း ... မပျင်းပါဘူး၊ နားထောင်ရတာ ကောင်းပါတယ်"

ရင်ထဲတွင် သိသာစွာ လှုပ်ရှားလာ၏။ ကိုကိုကား သတိပြုမိမည် မထင်။ မမင်းဝင်း၏ ပြောလိုက်သော အသံသည် အခြားသူတစ်ဦး၏ ပြောသံနှင့် များစွာ မကွာခြားတော့။ ထိုစဉ် ခြေသံကြားရသည်။ ဦးမင်းစိန်သည် တစ်ဖက်စားပွဲထိပ်တွင် ရပ်သည်။ မိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသောအထုပ်ကို ဖြေ၏။ ထိုင်ရာမှထကာ သူ လျှောက်သွား၏။ မိုးကြိုးသွား ငါးခု။ လက်သုံးလုံးသာသာ ဗျက်ရှိ၏။ အရှည်မှာ လက်တစ်ခွ၊ လက်တစ်ခွ ကျော်ကျော်။ အသွားဘက်မှာ ဆစ်ရာထင်သည့် အသွားထင်၏။ ချောထားသည့်အသွား နှစ်ခုတွေ့ရသည်။ ထိုလက်နက်များ တွေ့ရာဒေသနှင့် ထိုအသွားများအကြောင်း သူ ပြောသည်။ ရှေးဟောင်းသုတေသနသမားအဖို့ ပို၍ တန်ဖိုးရှိကြောင်း ပြောသည်။ တစ်ဆက်တည်း –

"ကျွန်တော့်ဘကြီးတစ်ယောက်က တိုင်းရင်းဆေးဆရာ ...၊ သူ့ဆီမှာ အဲဒါမျိုး

mgyee.com

 mgyoe.com 

တစ်ခုတွေ့တယ်၊ အကျိတ်တို့ သက်တံ့တို့ အကြောတင်တာတို့ကို စတိခုတ်ပြီး ကုတယ်၊ ဘယ်ကရသလဲမေးတော့ မိုးကြိုးပစ်တဲ့နေရာကို စလောင်းဖုံးနဲ့ သုံးနှစ် အုပ်ထားပြီး တူးတော့မှ ရလာတာတဲ့၊ မိုးကြိုးသွားတဲ့၊ ကြောက်လို့ ကျွန်တော်ခံပြီး မပြောပြရဲ မငြင်းရဲခဲ့ဘူး"

ဦးမင်းစိန်က မောင်တင်ဆွေ အသုံးလိုရင် ယူပါဟု ပြောသည်။ ဦးဆီမှာပဲ သိမ်းထားပါဟု သူပြောသည်။ ထိုနောက် ဦးမင်းစိန်သည် နေရာတွင် ပြန်ထိုင်၏။ ကိုကို ဖန်ခွက်ထဲသို့ ရမ်ငှဲ့မည်ပြင်သည်။ တော်ပါပြီ ဦးဟု ကိုကိုပြော၏။ ဦးမင်းစိန်သည် လက်ကျန်ကိုမော့သောက်ပြီး ဦးလည်းတော်ပြီဟု ပြော၏။ ဆိုဒါ၊ အရက်ပုလင်းနှင့် ဖန်ခွက်တွေကို ကြောင်အိမ်ရှေ့ရှိ စားပွဲဝိုင်းပေါ်သို့ တင်၏။ နံရံရှိ မီးဖိုချောင်ခလုတ်ကို ပိတ်လိုက်သည်။ အလင်းရောင်သည် ပျောက်သွား၏။ ထိုနောက် လသာမှန်အိမ်ကို မီးဇာတင်ရန် လက်လှမ်း၏။ ပြတင်းတွေဘက်သို့ သူကြည့်သည်။ အလင်းမရှိ။

မီးဇာသည် မြင့်တက်လာ၏။ ဝင်းဝါသော လသာမှန်အိမ်၏မီးရောင်သည် ထမင်းစားခန်းထဲတွင် တဖြည်းဖြည်း ထင်း၍လာသည်။ မီးချောင်းမီးလုံး၏ အရောင်ကဲ့သို့ ပူပြင်းခြင်းမရှိ။ လရောင်နှင့် အဆင်းချင်းဆင်သည်။ မမင်းဝင်းသည် ထိုင်ရာမှ ထ၏။ ထိုအခိုက်၊ အခန်းတွင်း ဝင်လာသူ၏ခြေသံကို ကြားသည်။ ကံဟိန်း။ ဒန်ထမင်းအုပ်ထဲမှ အငွေ့ထနေသော ထမင်းတွေကို ကြွေထမင်းအုပ်ထဲသို့ ထည့်၏။ ပြန်သွားပြီး မကြာမီ ဒေါ်ကြိုင်ပါ ရောက်လာ၏။ ဟင်းတွေ လာထည့်သည်။ စားရန်အသင့်ဖြစ်ပေပြီ။

မမင်းဝင်းသည် ထမင်းပန်းကန်တွေထဲသို့ ထမင်းထည့်ပေး၏။ လှုပ်ရှားသော လက်ဟန်သည် တွေ့ခါစနှင့် မတူတော့။ စိတ်ပါဝင်စားစွာ ထမင်းခူးပေးနေသည်။ မမင်းဝင်း၏ ကိုယ်ပေါ်သို့ကျနေသော လသာမှန်အိမ်အလင်းသည် အေးမြနေသည် ထင်၏။ ခရမ်းရောင်ဖျော့ဖျော့ အင်္ကျီလက်စကနှင့် ထဘီ။ ဂိုယာရေမွှေးနံ့သည် သူ့ပန်းကန်ထဲသို့ ထမင်း ခူးခပ်ပေးနေစဉ်တွင် ပို၍ နီးကပ်စွာရစေ၏။

"အားရပါးရ စားနော် ... အားနာစရာမလိုဘူး"

ဦးမင်းစိန်သည် ဖန်ခွက်ထဲသို့ ရေခဲတုံးထည့်သည်။ အရက်နှင့်ဆိုဒါ ရောသည်။ ထမင်းပန်းကန် ဘေးတွင် ဖန်ခွက်ကိုထားသည်။ ညှိခါစ စီးကရက်ကို ဖွာရင်း –

"စားနှင့်ပါ၊ ဦး နည်းနည်း သောက်လိုက်ဦးမယ်"

မမင်းဝင်းက ကြက်သားဟင်းဖတ်တွေ သူ့ပန်းကန်ထဲသို့ ခပ်ထည့်သည်။

mgyoe.com

ထို့နောက် ကိုကို့ ပန်းကန်။ မျက်နှာချင်းဆိုင်ထိုင်နေသော မမင်းဝင်းကို သူ ပြောသည်။

"ကျေးဇူးပဲ"

မမင်းဝင်း ခေါင်းညိတ်၏။ လေးလေးတွဲ့တွဲ့ မရှိဟု ထင်၏။ ထိုစဉ် ဦးမင်းစိန်က–

"ဒီနေ့ ... တော်တော့်ကို ချမ်းတာပဲ"

တစ်လုတ်နှစ်လုတ် စားသည်။ ဦးချစ်ထွန်း၏လက်ရာမှာ ဝမ်းကိုသာ တောင့်လာစေမည်။ လျှာကိုကား မတင်းတိမ်စေအောင် လက်ရာကောင်းလှသည်။

"မနက်က ရေစည်ပိုင်းမျက်နှာ တင်းတောင်တင်းနေပြီပဲ ဦး"

ကိုကိုက ဝင်ပြောသည်။ ဟုတ်တယ်ဗျဟု ဦးမင်းစိန်က စီးကရက်ပြာကို ပြာခံခွက်ပေါ်တွင် ဆတ်၍တောက်ပြီး ခြွေသည်။ ဦးမင်းစိန်သည် မည်သည့် ဆေးလိပ်သောက်သောက် ပြာခြွေပုံမှာ ဆတ်သည်။ အစီခံကိုလက်မဖြင့် တောက်ပုံက တစ်ချက်တစ်ချက်ပြင်းသည်။ ကော်မခိုင်သော ဒူးယားအလိပ်ဖြစ်နေလျှင် အစီခံပြုတ်ထွက်သည်။ ရှမ်းဖက်ဆိုပါက ဖျတ်ခနဲ အသံမြည်သည်။

"ညက ... သန်းခေါင်မကျော်ခင် တော်တော် ချမ်းနေပြီ

အရက်ဖန်ခွက်ကို လက်ဖြင့်ကိုင်ကာ ဦးမင်းစိန်က ပြော၏။ လက်သန်းသည် ခွာနေ၏။ ကိုကိုက မြိန်ရှက်စွာစားရင်း ပလုတ်ပလောင်းလေသံဖြင့် အေးလွန်းလို့ ညက ကောင်းကောင်း အိပ်မပျော်ဘူး။ ကျွန်တော်တို့တောင် အိပ်မရရင် ဦးတို့ဆို ပိုဆိုးမှာပဲဟု ပြော၏။ အေးဗျ ... မီးဖိုက မီးဖို၊ စောင်က စောင်၊ အရိုးထဲက စိမ့်တက်တာကျတော့ မလွယ်ဘူး။ မီးခဲမျိုထားရမလို ဖြစ်နေပြီဟု ရယ်မောကာ ပြော၏။ ကိုကိုနှင့် သူက ရယ်ကြသည်။

ထိုစဉ် ဇွန်းနှင့် ပန်းကန်ထိသံ၊ စားပွဲပေါ်ကျသံ၊ ကြမ်းပြင်ပေါ်သို့ကျသံဆက်တိုက်ကြားသည်။ မမင်းဝင်းထံသို့ မျက်လုံးတွေ ရောက်သွား၏။ မမင်းဝင်းသည် မျက်လုံးသုံးစုံစလုံးကို ဝေ့ကာကြည့်၏။ ထိုနောက် သူ့ထံတွင် မျက်ဝန်းသည် မျက်ခမ်းထက်အောက် လွတ်လုလု။ မျက်မှောင်သည် တွန့်မယောင် ဖြစ်လာ၏။ ပါးမို့မို့သည် မဆိုစမ့်ျ စုန့်လို့ နဂိုအတိုင်း ဖြစ်လိုက်နှင့်။ အောက်နှုတ်ခမ်းသည် လှုပ်ရှားမှုကို အသိသာစေဆုံး။

ဇွန်းခက်ရင်း ကိုင်ထားသော သူ့လက်သည် မလှုပ်မရှား။ ပန်းကန်နှင့်မထိအောင် သတိထားပြီး နေရသည်။ ထမင်းဝါးနေသော ကိုကို့မေးသည် ငြိမ်သွား၏။ အားလုံး၏ မျက်လုံးတွေက မမင်းဝင်းထံသို့။ မမင်းဝင်းသည် မျက်တောင်တစ်ချက် နှစ်ချက်ခတ်၏။

mgyoe.com

mgyoe.com


ပါးမို့အရစ်သည် လှုပ်ရှားလာသည်။ မေးသည် တွန့်ယောင် တင်းယောင်။ နှုတ်ခမ်းထောင့်သည် ကွေးကျလာလိုက် ပကတိအတိုင်း ရှိလိုက်နှင့်။ မျက်ခုံးသည် သိသိသာသာ တစ်ချက်မြင့်သွား၏။ နီမြန်းသော မျက်နှာရိပ်ကို အားလုံးက တွေ့သည်။ မျက်လွှာချသည်။ ခက်ရင်းကိုင်ထားသောလက်သည် စားပွဲခင်းနှင့်ထိသည်။ ဘယ်လက်ဖနောင့်သည် စားပွဲတွင် ဖြည်းညင်းစွာ ကျသွား၏။ ခက်ရင်းနှင့် ပန်းကန်ရွှေရေး နှုတ်ခမ်းတို့ ထိသံမှာ ဆတ်ဆတ်မြည်နေ၏။ အရှက်သည်းသွားပေပြီ။

နံရံ၌ ထင်နေသော မမင်းဝင်း၏အရိပ်သည် ငြိမ်သက်လျက်။

ဦးမင်းစိန်၏နှုတ်ခမ်းသည် ဟသွား၏။ အရက်ဖန်ခွက်သည် နှုတ်ခမ်းမရောက်မီ ရပ်သွား၏။ တုန်ယင်ချောက်ချားသော မျက်နှာသည် တဖြည်းဖြည်း ပြောင်းလဲလာ၏။ ဦးမင်းစိန် ပြုံးလာသည်။ စီးကရက်ကို ပြာခံခွက်ရှိရာသို့ အသာအယာ တိုး၏။ ပြာခံခွက်အဝနှင့် ပြာကို ထိသည်။ ပြာကြွေသံကြားလျှင် သမီး၏ ရှက်ခြင်းတို့ ရုတ်ခြည်း လန့်ပျံသွားမည်စိုးသကဲ့သို့ ရှိလေ၏။

သူ ထိုင်ရာမှထ၏။ စားပွဲအောက်သို့ ငုံ့၏။ ဖွန်းကို လှမ်းယူသည်။ သူနှင့်မမင်းဝင်းအကြားရှိ အရိုးပန်းကန်ထဲသို့ ထိုဖွန်းထည့်သည်။ ဖွင့်ထားသော ဖွန်းခက်ရင်းဘူးထဲမှ ဖွန်းသစ်တစ်ချောင်းကို ယူသည်။ မမင်းဝင်း၏ပန်းကန်ထဲသို့ အလိုက်သင့်ထည့်ပေးသည်။ ထို့နောက် ပန်းပွင့်ကြော်ပန်းကန်ကို လှမ်းယူပြီး မမင်းဝင်း ပန်းကန်ထဲသို့ ခပ်ထည့်သည်။ တစ်ဖွန်း၊ နှစ်ဖွန်း၊ သုံးဖွန်း၊ လေးဖွန်း။

ပန်းကန်ထဲတွင် များများလာသည်။ မော့မကြည့်သော မမင်းဝင်းက တော်ပြီဟု တိုးတိုးပြော၏။ သူ မကြားသယောင်ပြုကာ ခပ်ထည့်ပေး၏။ သူ့ကို ကိုကိုနှင့် ဦးမင်းစိန်တို့က နားမလည်စွာ ကြည့်နေ၏။ ထိုအခိုက်အတန့်သည် အသက်ရှူသံပြင်းပြင်းကိုပင် ကြားရလောက်အောင် တိတ်ဆိတ်လျက်ရှိ၏။ ခြောက်ဖွန်း၊ ခုနစ်ဖွန်း၊ ရှစ်ဖွန်းအခပ်၌ –

"တော်ပြီလို့ ဆိုနေတာ ..."

သူ့ကို မော့ကြည့်ပြီး ပြောသည်။ ရှက်ရွံ့သော လေသံ။ စိတ်အနေခက်သော အကြည့်။ စိတ်လှုပ်ရှားမှုတွေ အတိပြီးသော ရှက်အားနာခြင်း။ မရွံ့မရဲမျက်လုံး။ ခေါင်းကို ချက်ချင်းငုံ့သည်။ ဖွန်းသစ်ကို ကိုင်သည်။

ထမင်းနှင့်ဟင်းကို ရောကာခပ်သည်။ သူ ကုလားထိုင်တွင် ပြန်လည်ထိုင်သည်။ ကိုကို့ကို ဦးစွာကြည့်၏။ ကိုကိုသည် မျက်လုံးအဝိုင်းသားနှင့် သူ့ကိုကြည့်၏။ ပါးစပ်ထဲမှ ထမင်းလုတ်ကို ဆက်ပြီးဝါးသည်။ ဦးမင်းစိန်သည် နှုတ်ခမ်းစေ့ထားပြီး သမီးထံသို့ ပြုံးကာ

mgyoe.com

ကြည့်နေ၏။ ဦးမင်းစိန်၏ အရက်ဖန်ခွက်ထဲမှ ရေခဲတုံးသည် ဆတ်ဆတ်တုန်သောလက်ကြောင့် ဖန်ခွက်ကို ခေါက်သကဲ့သို့ ဖြစ်နေ၏။

ကိုကိုသည် ထိုင်ရင်းနှင့် ခါးကိုင်းကာ မီးဇာဘီးကို ကိုင်၏။ အလင်းမြင့်လိုက်သည်။

မမင်းဝင်း၏ နှာသီးဖျားတွင် ချွေးစို့နေသည်ကို မြင်လေသည်။

■

mgyoe.com

mgyoe.com

# [ ၁၀ ]

ဘူတာရုံရှေ့ မြင်းလှည်းဂိတ်သို့ အရောက်တွင် မြင်းလှည်းပေါ်မှ ဆင်းလိုက်ကြသည်။ ကိုကိုသည် လက်ကိုစုံလွဲကာ လေချွန်ပြီး လမ်းလျှောက်လာ၏။ လက်ဖဝါးနှစ်ဖက်ကို သူ ပွတ်သည်။ နားရွက်ဖျားတွေမှာ လေတိုးတိုင်းကျင်၏။ အသက်ပြင်းပြင်းရှူတိုင်းရင်ထဲတွင် အေးစိမ့်သွား၏။ နှာဝကို လေအေးပွတ်တိုက်သွားသည်။ လမ်းတစ်ဝက်အရောက်တွင် ဆံပင်တွေကို နှင်းစိုချင်၏။

"အဘိုးကြီး ... ဒီနေ့ တော်တော်ပျော်သွားပုံပဲ တင်ဆွေ"

ကိုကို့ထံမှ အရက်နံ့သည် မစူးရှလွန်းတော့။

"သူ့သမီး ရှက်သွားတာကိုကြည့်ပြီး တော်တော် ဝမ်းသာသွားတာ"

ဦးမင်းစိန်သည် အပြန်တွင် လမ်းထိပ်သို့ လိုက်ပို့ရင်း စကားပြောနေသည်။ 'နောင်တော့မှပဲ အေးအေးဆေးဆေး ပြောပြမယ်လေ၊ လောလောဆယ်တော့ ဦးသမီးဖွန်းလွတ်ကျပြီး ရှက်သွားတာ ဦးအတွက် မင်္ဂလာသတင်းစကား ကြားရတာထက် မင်္ဂလာရှိဦးမယ်၊ မောင်တင်ဆွေက အဲဒီဇွန်းကို သူမြင်သာအောင် ရှေ့ကပန်းကန်ပြားထဲ ထားတာသိပ်ထိရောက်တဲ့အပြုအမူပဲ။ ပန်းပွင့်ကြော်တွေ တစ်ဇွန်းပြီးတစ်ဇွန်း ခပ်ခပ်ထည့်ရင်း မျက်နှာမော့အောင် တမင် လုပ်လိုက်တာရော စကားပြောဖြစ်အောင် လုပ်လိုက်တာရော သိပ်အံ့သြစရာကောင်းတဲ့ စိတ်ကူးပဲ မောင်တင်ဆွေ။ မင်းကို ဦး သိပ်ချီးကျူးပါတယ်ကွာ။ မျက်နှာပေါ်မှာကို ပေါ်လာတာပဲ။ အသံကလည်း ဟိုတုန်းကအသံပဲ ဆိုပါတော့'ဟု တုန်ယင်စွာ ပြောသည်။ ထိုနောက် –

"မောင်တင်ဆွေ ... သမီးအကြောင်း နည်းနည်းပါးပါးတော့ ကြားမှာပေါ့"

mgyoe.com

mgyoe.com

မကြားပါဘူးဟုဆိုလျှင် ယုံချင်မှယုံမည်။ ကြားဖူးပါသည်ဆိုလျှင်လည်း အားနာစရာကောင်းလှသည်။ တိတ်တိတ်နေရန်လည်း မသင့်လျော်။ ဖြေရန်စကားလုံး ရွေးချယ်နေစဉ် –

"အဲဒါတွေက ထားပါတော့ ...၊ တစ်နေ့လောက် ပြောပြမှ ဇာတ်ရည်လည်မှာ၊ ခုဟာက ... မောင်တင်ဆွေလည်း သူ့ကို အကဲခတ်မိမှာပါ၊ သူ့ကြည့်ရတာ အသက်ဝင်လှုပ်ရှားမှုက သွားတယ် ... လာတယ် ... ထိုင်တယ် ... စားတယ် ... သောက်တယ်၊ အဲဒီနေရာမှာလည်း ပေါ့ရွှတ်ရွှတ်ကြီး၊ သူ့ဝမ်းထဲမှာ ဝမ်းသာတယ် ... ဒေါသဖြစ်တယ် ... ဝမ်းနည်းတယ်ဆိုတာ ရှိမယ်၊ မျက်နှာရိပ် မျက်နှာကဲနဲ့က ဘယ်လိုမှ တွက်လို့မရဘူး၊ မျက်နှာသေကြီး ဖြစ်သွားတယ်၊ ပြောတာ ဆိုတာကလည်း ခြောက်ကပ်ကပ်၊ အခု ... ပြောင်းလာတာ သိပ်မကြာသေးဘူး၊ ဦး သတိထားမိတာ ပုံတူပန်းချီဆွဲတုန်းက ...၊ အခု ဒီနေ့ ရှက်တာက ... မျက်နှာမှာ တော်တော့်ကို ပေါ်လွင်နေတာနော်၊ သတိထားမိလိုက်ကြလား"

"သတိထားမိတာပေါ့ ဦးရာ ..."

ကိုကို ပြောသည်။ သူက –

"မျက်လုံးရယ် ... နှုတ်ခမ်းရယ်မှာ တော်တော်သိသာတယ်"

"ဟုတ်တယ်ကွ ...၊ တဖြည်းဖြည်းနဲ့ ဟိုတုန်းကအတိုင်း ပြန်ပြီး ရောက်လာမယ် မျှော်လင့်ရတာပဲ"

ဖခင်တစ်ယောက်၏ ရင်ထဲသို့ ထွင်း၍မြင်အောင် ကြိုးစားပြီး ကြည့်သည်။ ရှေးယခင်က စိတ်ချမ်းသာမှုကို တောင့်တခြင်းပေတကား။ သမီး၏ဘဝအတွက် ကြီးကျယ်လှစွာသော မျှော်ကိုးချက် –

"ဦးသော်ဆွေတို့ ညီအစ်ကိုနှစ်ယောက်ကို ... ဦး တကယ်ကျေးဇူးတင်ပါတယ်၊ ခုည ... ထမင်းစားပွဲမှာ ဦး စိတ်ချမ်းသာစရာ ရစပြုပြီလို့ မှတ်ပါတယ်၊ မကြာ မကြာလာလည်ကြပါ၊ တတ်အားသရွေ့ ကူညီကြပါ၊ ဦး မေတ္တာရပ်ပါတယ်၊ အကြောင်းကြုံကြုံသလို စောင့်ရှောက်ကြပါ"

စိတ်လှုပ်ရှားမှုကို မျက်နှာတွင် အရိပ်အယောင် စတင်တွေ့လိုက်ရခြင်းကြောင့် ဦးမင်းစိန် ဝမ်းသာနေသည်။ ဝမ်းမြောက်ဝမ်းသာစွာ ချောက်ချားနေဟန် ရှိ၏။ အဖ၏ အချစ်။ မှောင်အတိကျသော ဝန်းကျင်တွင် ပိုးစုန်းကြူးသည် အလင်းတစ်ခုဟု အားကိုးအားထားပြုသောစကား။ ဦးမင်းစိန်၏စကားသည် သူ့ရင်ကို နာကျင်သွားစေခဲ့သည်။

mgyoe.com

'အဘိုးကြီးက သနားစရာပဲကွာ'ဟု ကိုကိုပြောသည်။ 'ဒီထမင်းစားပွဲမှာ ငါတို့မဟုတ်ဘဲ အခြားတစ်ယောက်ယောက်နဲ့ အတူစားလည်း ကောင်မလေး ဒီလို ရှက်မှာပဲ၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ မင်း စိတ်ကူးကောင်းတော့ ပိုပြီး ထိရောက်သွားတာပေါ့'ဟု ပြော၏။ အယူအဆချင်း ကွဲပြားသော်လည်း ကိုကို့ကို ပြန်မချေပ။

"တတ်အားသရွေ့ ကူညီပါဆိုတဲ့စကား ကြားရတော့ ... ငါ့ရင်ထဲ မကောင်းဘူး တင်ဆွေ၊ ဒါပေမဲ့ ... ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ကြုံရတာ ဘယ်နှစ်ခါကြုံမလဲ၊ လောကကြီးကို တရားကျပြီး မတုန်မလှုပ် ဖြစ်သွားတဲ့သူကို ငါတို့က ဘာသွားပြောပြီး ငိုခိုင်းရယ်ခိုင်းလို့ ရမှာလဲ၊ မင်း စဉ်းစားကြည့်၊ ခုတိုင်း ... နေတာကမှ ဟုတ်တုတ်တုတ်၊ ဝမ်းသာဝမ်းနည်းတာတွေ ဘာတွေကို သမီးရဲ့မျက်နှာပေါ်ပြန်ရောက်အောင် သူမို့မြင်ချင်တယ်၊ အင်းလေ ... သူ့အနေနဲ့ကတော့ ..."

ကိုကိုသည် စကားတန်းလန်းထားသည်။

"သူ့ပယောဂကြောင့် ... လူစင်စစ်ကနေ ကျောက်ရုပ်ကြီးဖြစ်သွားရတာကို မြင်မြင်ပြီး အဘိုးကြီး စိတ်ဆင်းရဲခြင်းဖြစ်နေတာပဲ ကိုကိုရ၊ ပြန်ပြီး ... အသက်ဝင်လာတာကို မြင်ချင်မှာပေါ့လေ"

"မင်း ... ကောင်မလေးအကြောင်း အင်းမလှုပ် အဲမလှုပ်နေလိုက်တာ သိပ်ကောင်းသွားတယ်၊ သူပြောမှသိရတဲ့အနေမျိုး နေလိုက်ရုံပေါ့"

"ဒါပေါ့ ကိုကိုရာ"

"ကောင်မလေးက ... ချောတော့ တော်တော်ချောတာနော် ... တင်ဆွေ"

"ခရမ်းရောင်ဆင်တူဝတ်စုံကြောင့် ပိုလှတယ် ထင်ရတယ်"

"လျှပ်စစ်မီးရောင်နဲ့တုန်းက ဒါလောက်မလှဘူးကွ"

"ဟုတ်တယ် ကိုကို၊ လသာမှန်အိမ်အလင်းရောင်နဲ့မှ အသားအရေတွေ ပိုပြီး စိုလာတာ"

"အမယ် ... ပြိုင်တူလိုလို ထောက်ခံမဲ ပေးနေမိကြတာကိုးကွ"

ရယ်စရာစကားပြောသည်။ ကိုကို့အသံက ပို၍ကျယ်သည်။

"မီးဇာမြှင့်တာ ကိုကိုပါ"

"ဟ ... မင်းရော အဘိုးကြီးရော မြင်ရအောင်ပါကွ"

"ဘာပဲဖြစ်ဖြစ် အဘိုးကြီး စိတ်ချမ်းသာသွားလို့ ကျွန်တော်တို့ ကုသိုလ်ရပါတယ်"

"မင်းအတွက်တော့ ... ကုသိုလ်လည်းရ အချစ်ရ၊ ဟုတ်တယ် မဟုတ်လား"

mgyoe.com

“ကျွန်တော် မချစ်ပါဘူး ...၊ ချစ်ဖို့ စိတ်ကူးလို့တောင်မှ မရတာ”

“ငါ ... သဘောမတူမှာ ကြောက်လို့လား၊ ကောင်မလေးက ခုလောလောဆယ် အတိုင်းသာမဟုတ်ဘဲ ဟိုအရင်ကလိုဆို သဘောတူပါတယ်”

“ဘယ်လိုဖြစ်ဖြစ် သဘောမတူတဲ့သူတစ်ယောက် ရှိပါတယ်”

“မေမေလား”

“ဟင့်အင်း”

“ဖေဖေလား”

“မဟုတ်ပါဘူး”

“ညီမကလား”

“မဟုတ်ဘူး ကိုကို”

“သိပြီ၊ တင်တင်ဟန်”

“သာပြီး ဝေးသွားပြီ”

“ဒါဖြင့် ဘယ်သူလဲကွ၊ မင်းဥစ္စာကလည်း ...”

“ဘယ်သူရှိရမှာလဲ၊ ကျွန်တော်ကိုယ်တိုင်ပေါ့ ကိုကိုရ”

လမ်းမီးတိုင်တို့သည် ပျပျမှုံ။ နီကြင့်ကြင့်။

“မင်း ... တင်တင်ဟန်ကို ပိုညွတ်နေလို့ ဖြစ်မှာပါ”

ပခုံးကိုဖက်ရင်း ပြော၏။

“ကျွန်တော်နဲ့တင်တင်ဟန် ဘာမှ မဘာမှုကြသေးပါဘူး၊ တကယ်တမ်း ချစ်သူရွေးရင် တင်တင်ဟန်ကို ကျွန်တော် ရွေးမှာပေါ့၊ မရကာမှနေရော ...၊ ဝါသနာတူ စိတ်တူ၊ ကွင်းဆင်းမလားရတယ်၊ ဓာတ်ခွဲခန်းနေမလား စိတ်မပျက်စတမ်း”

“ဒီကောင်မလေးကလည်း မင်းသွားရာ ကောက်ကောက်ပါအောင် လိုက်မှာပေါ့”

“ကျွန်တော်မှ မချစ်တာ”

“တော်စမ်းပါကွာ ...၊ အချစ် ... ဘာအချစ်လဲ၊ မင်းတို့လား၊ ခုနစ်ရက်အတူတူ မထားရပါဘူး၊ အခန်းပြတင်းပေါက်ကနေ မေးလေးပဲ တင်ထားနိုင်ပြီး ... ကိုကိုရေ လူကြီးတွေကို ... လက်ထပ်ဖို့ သွားပြောပေးပါတော့လို့ လေသံလေးနဲ့ လှမ်းပြောမယ့် ကောင်တွေ ...”

သူ မရယ်။ ပခုံးပေါ်ရှိ ကိုကို့လက်ခုံကို လက်ဝါးဖြင့် အသာရိုက်ကာ –

“ကျွန်တော်တို့ လူငယ်တွေကို တော်တော်လွယ်လွယ်ထားပြီး တွက်တာကိုး၊

mgyee.com

mgyoe.com

ခုနစ်ရက်မဟုတ်ဘူး ကိုကို၊ ခုနစ်ကမ္ဘာအထိထား၊ အလယ်မှာ ခြားထားဖဲ့ ပန်းကုံး ပန်းပွင့်တွေ ကိုယ်ငွေ့နဲ့တောင် မနွမ်းဘူးမှတ်၊ အထင်သေးလွန်းတယ်ဗျာ"

မကျေနပ်သံကြောင့် ကိုကိုရယ်သည်။ နောက်တာပါကွာဟု ပြောသည်။ ချော့မော့သော လေသံ။

"ဘ၀ရဲ့ ရည်မှန်းချက်တွေ အများကြီးကျန်နေသေးတာပဲ ကိုကို၊ အချစ်ဆိုတာ တန်ဖိုးရှိတယ်၊ လေးစားမြတ်နိုးစရာ ကောင်းတယ်၊ ဘ၀ရဲ့ မကိုင်နှိုသရဖူပါ၊ ဒါပေမဲ့ ... အချိန်ပြည့်တော့ ဆောင်မထားနိုင်ဘူးလေ ...၊ သိစရာတွေသိအောင် ကြိုးစားရဦးမယ်၊ တတ်စရာတွေတတ်အောင် ကြိုးစားရဦးမယ်၊ အချစ်ဆိုတာကို အညောင်းပြေ အညာပြေ လမ်းလျှောက်တာမျိုးလို တစ်ခဏလေးလည်း သဘောမထားနိုင်ဘူး၊ အမြဲလည်း သဘော မထားနိုင်ဘူး၊ ဒီတော့ ... မမင်းဝင်းကို ကျွန်တော် မချစ်ဘူးဆိုတဲ့စကား ကိုကို ယုံလောက် ပါတယ်"

ကိုကိုသည် တယ်ကောင်းတဲ့ စကားပါလားကွဟုဆိုကာ ရယ်ရင်း ပခုံးကို ဖျစ်၏။

■

mgyoe.com

mgyoe.com

# [ ၁၁ ]

ကွန်းသာယာ၏ နောက်ဘက်နှင့် ဒေါ်ကြိုင်တို့နေရာ အိမ်အကြားရှိ သလဲပင်တွေ ရှေ့တွင် ရပ်ခိုင်းသည်။ တောင်တန်းကို ကျောခါစ နေရောင်ခြည်သည် မမင်းဝင်း၏ ကိုယ်ပေါ်တွင် လိမ္မော်ရောင်သွေးဖြင့် ကျနေ၏။ ဖိုင်ဘာကတ်ပြားကြီးကြီးခံထားသော ပုံဆွဲစာရွက်ကို မရွေ့အောင် ကလစ်တွင်ညှပ်၏။

"သလဲပင်ဘက်ကို နည်းနည်းလေး ကပ်လိုက်၊ ဟုတ်ပြီ ... ဟုတ်ပြီ၊ မမင်းဝင်း ကိုယ်ကို ညာဘက်နည်းနည်းစောင်း၊ ဟာ ... များသွားတယ်၊ အဲ ... တော်ပြီ၊ ခဏလေးနော်"

ခဲကြမ်း ခြစ်လိုက်၏။ မမင်းဝင်းသည် သိုးမွေးဆွယ်တာအဖြူကို ဝတ်ထားသည်။ ထဘီသည် အသားထူထူ။ နူးညံ့ပျော့အိသော အထည်။ အပြာနှင့်မရမ်း အရောင်ပြေး ရောယှက်ထားသည်။ အပြာနုရောင် သိုးမွေးမာဖလာနှင့် အရောင်ချင်းနီးသည်။ တံတောင်ဆစ်သာသာအထိ ဖြတ်ထားသောဆံပင်ကို ရှေ့တွင်ချထား၏။ မနေ့မနက်က ဆံပင် မဖြတ်ရသေးသည်ကို မှတ်မိသည်။ ခါးအထိသာ ပုံတူရေးကွက်ကို ပိုင်းလိုက်သည်။ အကြမ်းရေးပြီးသည်ကို အချိုးအစားညှိပြီး အချောလိုက်၏။ မျက်နှာသဏ္ဍာန်သည် ပေါ်လွင်လာ၏။ သလဲပင် သလဲကိုင်း၊ အရွက်တွေကို ပယ်တန်ပယ် နေရာရွှေ့တန်ရွှေ့ ပြီး ရေးသည်။ အင်္ကျီထဘီနှင့် သစ်ပင်သစ်ရွက်တွေကို တစ်တို့နှစ်တို့သာ မှတ်မိအောင် အချောစိပ်စိပ် ဆွဲ၏။ မျက်နှာပေါ်တွင် ကျနေသောအရိပ်ကို ဖမ်းထားလိုက်သည်။ ခဲတံကို ရပ်ပြီး –

"အခုထက် နည်းနည်းလေး ပြုံးလိုက်ပါလား"

မမင်းဝင်း၏မျက်နှာသည် ပြုံးရန် အားယူသည်။ အပြုံးသဏ္ဍာန်နှင့် ဝေးမြဲဝေးနေ

mgyoe.com

mgyoe.com

သည်။ သူသိသည်။ ပြုံးသော နှုတ်ခမ်းပုံကို ရေးထားပြီးသား။ ရေးခြစ်သကဲ့သို့ ခဲဖျား တစ်တို့တို့သည်။ မမင်းဝင်း၏ မျက်လုံးအစုံသည် ခဲတံတွင်တစ်လှည့်၊ စာရွက်တွင် တစ်လှည့်၊ သူ့မျက်လုံးသို့တစ်လှည့်။ ထက်အောက်သာမက ဒေါ်ကြိုင်တို့ အခန်းဘက်၊ ဘုရားရှိခိုးကျောင်းဘက်၊ တစ်ချက်တစ်ချက်တွင် နှင်းဖြူထုကြားမှ နေပုလဲသို့။ မျက်နှာ သည် သူနေစေသော နေရာမှ မဆိုစလောက် ရွေ့သည်။

"နည်းနည်းလေး၊ နှုတ်ခမ်းထောင့်ကို ... ညာဘက်နှုတ်ခမ်းထောင့်ကို မြှင့်ပေး ပါလား မမင်းဝင်း"

စင်စစ် ပြုံးရန် ကြိုးစားသူ၌ များစွာ ခက်ခဲနေမှန်း သူသိသည်။ ပုံတူရေးရန် ရပ်ပေးနေသော စိတ်ဝင်စားမှုကို တစ်ခုသောအာရုံသို့ ရွေ့ရန် အမှတ်မဲ့ စိတ်ကူးရလိုက် သည်။

"အဲသလိုပြုံးတာ သိပ်လှတယ်ဗျာ"

မျက်လုံးချင်းဆုံသည်။ ပြုံးနေသောမျက်လုံးတွေ။ သလဲပင်ကို သူ အလင်း အမှောင် ထည့်သည်။ ကြည့်လိုက် ရေးလိုက်။ တင်းမာမှုများဖြင့် ရရှိခဲ့သော ထိုမျက်နှာ သည် လှပ်ရှားတော့မည်ဟု ယုံနေ၏။ နှုတ်ခမ်းသည် ခပ်ဟဟဖြစ်လာ၏။ သွားဖြူဖြူ တို့ကို မြင်သည်။ သူ့ကျောတွင် ချွေးစို့လာသည်ကို သတိပြုမိ၏။ စိတ်အိုက်လာသည်။ နာခံခြင်းဖြင့် ပျောင်းညွတ်လာသူ၏ မျက်နှာကို စိတ်မကောင်းစွာ ကြည့်၏။

ပေါက်ကွဲမှုတွေ ပြင်းထန်လွန်းသဖြင့် နှလုံးသည်းပွတ်တွေ မာကျောသွားလေ သူ၏ မျက်နှာကို စာနာစွာ ကြည့်၏။ လူတစ်ယောက်။ မမင်းဝင်း၏ဘဝတွင် ညီမအရင်း ကို အစားထိုးပြီး ကြည့်၏။ ဦးမင်းစိန်၏ရင်သည် သူ၏ရင် ဖြစ်လာလေသည်။ ငေးမော ကြည့်ရင်း သက်ပြင်းရှည် ချမိလေသည်။

ပုံဆွဲစာရွက်ကို ပြန်ပြီးငုံ့အကြည့်တွင် လှစ်ခနဲ မြင်လိုက်ရသည်ထင်၏။ မမင်းဝင်း ၏မျက်နှာတွင် အပြုံးကိုတွေ့သည်ဟု ထင်၏။ ပြုံးပြီးခါစ မျက်နှာတွင် အငွေ့အသက် မကုန်မီ မြင်လိုက်ရသကဲ့သို့ မြင်နေသည်။ ထိုစဉ် ဝရန်တာမှ လူရိပ်ကိုမြင်သည်။ ဆတ်ခနဲ မော့ကြည့်သည်။ ဦးမင်းစိန်။

ခါးကိုင်းကာ ဝရန်တာတွင် တံတောင်နှစ်ဖက်ထောက်ပြီး လှမ်းကြည့်နေ၏။ သူ ပြုံးသည်။ သူ့အမူအရာကြောင့် မမင်းဝင်း ခြေလှမ်းလှမ်းသည်။ မြန်လိုက်သည့် ခြေလှမ်း။ ဖခင်ကိုမြင်မြင်ချင်း အဖေဟု လှမ်းအော်ကာ လက်ယပ်ခေါ်၏။ ဦးမင်းစိန် သည် ခဏမျှကြောင်ပြီး ရပ်နေ၏။ ထိုနောက် တံခါးပေါက်ဘက်သို့ ပြေးသွား၏။

mgyoe.com

ဘာကြောင့်ဟု သူမသိသေး။

* * *

မော်တော်ဆိုင်ကယ်သည် တဖုံးဖုံးမြည်သော်လည်း ထင်သလောက် မခုန်။ ဦးမင်းစိန်၏ ထိုင်ခုံနောက်ရှိ လက်ကိုင်သံကွင်းကို သူကိုင်ထားသည်။ နေကာမျက်မှန်ကြောင့် မျက်လုံးကို လေတိုးသည့်ဒဏ် မခံရ။

"ဦးကို လှမ်းခေါ်တဲ့အသံရော ...၊ လက်ယပ်ခေါ်တဲ့ အမူအရာရော ဟိုတုန်းကလိုပါပဲ မောင်တင်ဆွေ၊ ဦးကြည့်နေတာတွေ့တော့ ရှက်သွားတာလည်းပါမယ်၊ ခုမနက်မှ ဦးက ယင်းမာပင်က ပြန်ရောက်တာ၊ ဦး ပြန်လာတာ သူ မသိဘူးလေ၊ တွေ့တော့ ဝမ်းသာအားရ ဖြစ်သွားတယ်နဲ့ တူတယ်၊ သူ ပြုံးတယ်"

"ပြုံးတယ် ဟုတ်လား ဦး"

ကိုယ်ကို ရှေ့ယို့ကာ သူမေး၏။ ဦးမင်းစိန်က လမ်းလယ်မှမောင်းရင်း မျက်နှာအနည်းငယ်စောင်းပြီး ဖြေသည်။

"ဦးဘက်လှည့်ပြီး မော့ကြည့်တော့ ... မောင်တင်ဆွေ ဘယ်မြင်လိုက်ရမလဲ၊ ဒါပေမဲ့ ... ဘယ်လိုပြောရမလဲ မသိဘူး၊ ဟိုဒင်း ... နေရာတကျမရှိဘူးဘဲ ပြောရမလား၊ ပြုံးမှန်းသိပေမဲ့ မြင်ရတာ အဆင်မပြေဘူးလေ ...၊ အင်း ... ဝဋ်တစ်ခုက ကျွတ်ပါစေလို့ ဆုတောင်းရတာပဲ"

"ကျွန်တော် နီးစပ်ရာမှာ တွေ့ကြုံဖူးတာ ကြားဖူးတာတွေ ရှိတယ် ဦး၊ အရင်းနှီးဆုံး သားချင်းထဲက ဆုံးပါးတာတို့ ဘာတို့ ဖြစ်တဲ့အခါ မအေတို့ အစ်မတို့မှာ အထူးသဖြင့် အဲသလိုပဲ၊ အမျိုးသမီးတွေမှာ အဲသလို ခံစားရတယ်၊ ဘေးကန တင်းမထားနဲ့ မြဲမထားနဲ့ ငိုပစ်လိုက် ဘာညာနဲ့ တိုက်တွန်းတယ်၊ မြဲပြီး ကျိတ်ခံတယ်၊ အဲဒီနောက် အသက်သာရှင်, စားစားသွားသွားသာနေ, အခု မမင်းဝင်း နေပုံမျိုး"

"ဟုတ်တယ် မောင်တင်ဆွေ ...၊ ဒီသဘောပဲ၊ ဟိုတစ်နေ့နေ့လယ်က ဦးပြောပြခဲ့တာ အစုံပဲ အကုန်ပဲ၊ သူလည်း မကျေနပ်မှုတွေကို မျိုသိပ်လိုက်တာပဲ၊ ဟိုတစ်နေ့က မောင်တင်ဆွေ ပြောသလိုပေါ့၊ ငိုတယ် ... ရယ်တယ် ... အော်တယ် ... ဟစ်တယ်၊ ဒါ ... ဝမ်းထဲကနေ အပြင်ကို ဖော်ထုတ်တာ၊ ဝမ်းထဲမှာပဲ ကျိတ်ပြီး မျိုသိပ်ရတယ်ဆိုတာ စိတ်ချမ်းသာစရာဆို ကိစ္စမရှိဘူး၊ ခုတော့ ... မီးကို အတွင်းမှာပဲ တငွေ့ငွေ့ မြိုက်ထားသလို ဖြစ်သွားတာကိုး"

mgyoe.com

 mgyoe.com 

ဟုတ်ကဲ့ဟု သူပြောစဉ် မော်တော်ဆိုင်ကယ်ကို ညာဘက်သို့ ကပ်မောင်း၏။ တူရူလာသော မြင်းလှည်းကို လမ်းပေးသည်။ ထိုနောက် ဆက်၍ပြော၏။

"မျှော်လင့်ချက်လေးတော့ ရှိလာပြီထင်ရတာပဲ"

မော်တော်ဆိုင်ကယ် စက်သံကိုတင်ရင်း ပြောသဖြင့် အသံမြှင့်ထားပြီး ပြောလေသည်။ ဦးမင်းစိန်၏ ဆံပင်တို့သည် လေတွင် လွင့်လွင့်လှုပ်လျက်ရှိသည်။ လမ်းကွေ့သို့ ရောက်သော် –

"အခု ... သူ သမိုင်းစာအုပ်တွေ ပြန်ပြီးဖတ်နေတယ်၊ ပညာပဒေသာတွေ မှာခိုင်းလို့ ရန်ကုန်လူကြုံနဲ့ ဦး မှာပေးထားတယ်၊ အရင်က ဝတ္ထုတွေ မဂ္ဂဇင်းတွေ အားကြီးဖတ်တာ ...၊ ကျောင်းမဂ္ဂဇင်းတွေ ဘာတွေမှာ ကဗျာအတိုအစလေးတွေ ရေးဖူးတယ်၊ ငွေတာရီ မဂ္ဂဇင်းထဲမှာ စာစီစာကုံးဆိုလား၊ စာတမ်းဆိုလား တစ်ပုဒ်ပါဖူးတယ်"

"ဟုတ်လား ... သူ့မှာ အနုပညာစိတ်ခံ ရှိနေတာပဲ"

"သူ ဂီတာကောင်းကောင်း တီးတတ်တယ်"

ပို၍ အံ့သြသွားသည်။ တယ်ဟုတ်ပါလားဟု သူပြောသည်။

"ကံဟိန်းတီးနေတဲ့ ဂီတာ ... သူ့ဂီတာပေါ့"

ရှေးရှေးသောအခါက မမင်းဝင်း၏ သရုပ်သကန်ကို မှန်းဆကြည့်မြင်နိုင်စေမည့် အချက်အလက်များ ကြားရ၏။ ကျောင်းစာကြည့်မည်၊ သမိုင်းဘာသာရပ်ကို စိတ်ဝင်စားသည်။ ကဗျာစာပေ ဝါသနာပါသည်။ အိမ်မှုကိစ္စ ဆောင်ရွက်မည်။ သီချင်းဆိုမည်။ ဂီတာတီးမည် ရွှင်ပျဖော်ရွှေစွာ နေမည်။ လှုပ်ရှားသော သဏ္ဌာန်တွေက အာရုံတွင် ထင်ကာ ရောကာ ရှိနေ၏။

"ဦးက သူ့ကို မချစ်တော့လို့ ယောက်ျားပေးစားတယ်၊ သားအဖ နှစ်ယောက်တည်း ငြိမ်းချမ်းနေတဲ့ဘဝကို ဦးက ထက်ခြမ်း ခြမ်းပစ်တယ်လို့ ယူဆခဲ့တယ်ကွ"

"ဦးကို သူ ပြောတာလား"

ဟင့်အင်းဟုဆိုကာ ခေါင်းခါသည်။

"ဦးကို ဘာတစ်ခွန်းမှ ကြီးကြီးကျယ်ကျယ် မပြောဖူးဘူး၊ အိမ်ထောင်ချပေးဖို့ စိစဉ်တယ် ... စိတ်ကူးတယ် ဆိုတုန်းက တစ်ခွန်းပဲပြောဖူးတယ်၊ သမီးကို ဘွဲ့ရအောင် အထိ ကျောင်းထားပေးလို့လည်း ပြီးရော ယောက်ျားပေးစား လွှတ်တော့တာကိုးတဲ့၊ ခုနစကားတွေက အောက်အိမ်မှာနေတဲ့ မကြိုင်ကိုပြောတာ၊ မကြိုင်က ဦးကိုပြန်ပြောလို့ သိရတာ၊ ဒီအထဲ ဟိုသူငယ်က ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိုက်တော့ ပြဿနာပေါ်ရတာ

mgyoe.com

ပေါ့ကွ"

"ကိုစံငြိမ်းတို့ကကော ..."

"နောက်ပိုင်း ... အဆက်အသွယ် ပြတ်သွားကြတာပဲ၊ မြို့ချင်းကလည်း မြေပြန့်နဲ့ တောင်စပ်လို ဖြစ်နေတော့ သတင်းပါပြတ်သွားတယ်၊ နောက်ဆုံးတစ်ဆင့် ကြားရတဲ့ သတင်းကတော့ ကောင်လေးကို အညာဘက်ကမိန်းကလေးနဲ့ ပေးစားလိုက်ကြတယ် ဆိုလားပဲ"

"ကိုစံငြိမ်း အပြုအမူကိုရော ... အဲဒီ အဖြစ်အပျက် ဖြစ်ရတာကလည်း ... ဦး အိမ်ထောင်ချပေးဖို့ စီစဉ်လို့ ဖြစ်ရတယ်ဆို ပြီးရော မကျေမနပ် ဖြစ်မှာပဲ"

"သေချာတာပေါ့ မောင်တင်ဆွေ"

"သူ့ကို ... ဒီလိုစော်ကားတာ ဦးကြောင့်လို့ ... ဒေါ်ကြိုင်ကို ပြောများ ပြော သေးလား"

ခေါင်းခါသည်။ ဂီယာခွေးသွားစိပ်ချင်း ထိပွတ်သံမှာ တဂီးဂီးမြည်နေ၏။ ထိုနောက် အသွားချင်း အထိုင်ကျသွားသံ ကြားသည်။

"မမာသလို ဖြစ်သွားပြီး ... နေပြန်ကောင်းတဲ့အချိန်က စပြီး ... အဲဒါတွေ ဘာဆိုဘာမှ မပြောတော့ဘူး၊ မောင်စံငြိမ်းတို့နဲ့ ပတ်သက်ပြီး ဦး တစ်ခွန်းနှစ်ခွန်း ပြောမိ တယ်၊ အဲဒီမှာ ဦးကို တစ်သက်နဲ့တစ်ကိုယ် မပြောစဖူး စကားတစ်ခွန်းပြောတယ်၊ သမီး မကြားချင်ဘူးတဲ့၊ ဒါပဲ ...၊ အဲဒီနောက်တော့ ဟိုနေ့က ဦးပြောတဲ့အတိုင်း ..."

ဘူတာအနီးသို့ ရောက်လာ၏။ သံလမ်းတွေကို အကျော်တွင် အရှိန်လျှော့၏။ လက်ယာဘက်သို့ ချိုးသည်။ မမင်းဝင်း ပြုံးလိုက်သောမျက်နှာကို မြင်စမ်းချင်သည်။ ဖခင်ကို မော့ကြည့်ကာ ကျောခိုင်းနေသဖြင့် မမြင်ခဲ့ရ။ ခေါင်းမော့ပုံ၊ ခေါင်းမော့စဉ် ဆံပင် ကို နောက်သို့ သပ်ချလိုက်ပုံ၊ ခေါင်းဆတ်လိုက်ပုံတွေကို မြင်သည်။ ညာလက်မြှောက်ကာ ဝှေ့ယမ်းပုံ။ ခြေဖျားအထောက်တွင် ညာဖဝါးကြွသွားသည်။ မြေဝါရောင် ခုံမြင့်ဖိနပ် ဦးစိုက်သွားပုံ။ ထဘီကိုတင်းနေအောင် ဝတ်ထားသောကြောင့် ဖြစ်မည်။ တင်းတင်းမို့မို့ တင်ပါးသည် လှပစွာရှိနေ၏။ သိုးမွေးအနွေးထည် အနားသည် ညာဘက်တွင် အပေါ်သို့ ပို၍တက်နေ၏။ သူ့ထံသို့ ဖခင်ဖြစ်သူ ဆင်းလာမည်သိ၍ သူ့ဘက်သို့ သမင်လည်ပြန် ကြည့်၏။ အကြည့်သည် ချိုနေသည်။ နူးညံ့နေသည်။ ရက်များစွာ စွဲနေမည့်စကား ပြောသည်။

"ဒီနေ့ ကျွန်မ သိပ်ပျော်တယ်"

mgyoe.com